



# တစ်ဈွန်းဖြင့်

မဂ္ဂဇင်းစုံထောက်ဝတ္ထုရှည်များ

## ရွှေဥဒေါင်း


ဒုတိယအကြိမ်

mgyoe.com

# တစ်ကျွန်းမြင်

မဂ္ဂဇင်းစုံထောက်ဝတ္ထုရှည်များ

## ရွှေဥဒေါင်း



SOD0022

3,200.00 KS

mgyoe.com
mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တစ်ကျွန်းပြန်
## မဂ္ဂဇင်းစုံထောက်ဝတ္ထုရှည်များ
## ရွှေဥဒေါင်း

စုံထောက်ဦးစံရှား၊ မောင်စံရှား ပေါင်းချုပ်များတွင်
ပါဝင်ပြီးဖြစ်သော်လည်း
မဂ္ဂဇင်းဝတ္ထုရှည်များကိုချည်း သီးခြားဖတ်ရှု အရသာခံနိုင်ရန်
ရွေးချယ်စုစည်းထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။
စုစုပေါင်း ၁၁ ပုဒ်ရှိရာ 'တစ်ကျွန်းပြန်' နှင့် 'ဘုံနန်းရိပ်သာ' ဟူ၍
၂ အုပ် စီစဉ်ထုတ်ဝေထားသည့်မူကို ပြန်လည်ရိုက်နှိပ်ပါသည်။

ဒုတိယအကြိမ် ၂၀၀၉

mgyoe.com

mgyoe.com

တစ်ကျွန်းပြန်မဂ္ဂဇင်းစုံထောက်ဝတ္ထုရှည်များ၊ ရွှေဥဒေါင်း
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၃၄၂ မျက်နှာ၊ ၁၃ စင်တီ × ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မနိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၀ စိတ်ကူးချိုချို၏ ပထမအကြိမ်ပြန်လည်စီစဉ်သည့်မူ၊

ရောင်းဈေး ၃၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | တစ်ကျွန်းပြန်တစ်ယောက်အမှု | ၁ |
| ၂။ | ရှိမ်းမကားရှာလှူသတ့်မှု | ၆၉ |
| ၃။ | စံဖဲအလောင်းတွေ့မှု | ၁၁၉ |
| ၄။ | စံရှားနှင့်စံဖဲ | ၁၄၁ |
| ၅။ | ပွေလီအင်းခွေးကြီးအမှု | ၁၈၉ |
| ၆။ | လေးပွင့်ဆိုင် | ၂၇၉ |


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## တစ်ကျွန်းပြန်တစ်ယောက်အမှု၌ မောင်စံရှား စုံထောက်ပုံ

တစ်နေ့သော တနင်္ဂနွေနေ့၌ မောင်စံရှားသည် အိမ်ရှေ့ဧည့်ခန်းတွင် ထိုင်လျက် ဖန်ဘူး ဖန်ခွက် ဖန်ပြွန်မှစ၍ ကိရိယာ တန်ဆာများနှင့် ဓာတ်သတ္တုများကို မိမိဝါသနာအလျောက် ခွဲခြမ်းစိတ်ဖြာ စမ်းသပ်လျက်ရှိနေရာမှ ကိရိယာများကို ရုတ်တရက် ချထားပြီးလျှင် ကုလားထိုင်တွင်မှီကာ အပျင်းပြေ လိမ်ပြီးနောက်–

"ပြီးပေပြီဗျာ၊ နက်ဖြန်မှပဲ ကျန်တဲ့အတွက် ဆက်ပြီး လုပ်တော့မယ်။ ဒါထက် ကိုသိန်းမောင်ရေ့၊ အခုတလော တယ်ပြီး ကျုပ်နှင့်ဆိုင်တဲ့အမှုများက နည်းပါကလားဗျ။ ဘာမဟုတ်တဲ့ အမှုနုကလေးတွေချည်းပဲ တွေ့နေရတယ်။ ကျုပ်က ခင်ဗျားသိတဲ့အတိုင်း အမှုမရပြန်မှဖြင့် ပျင်းပြန်ရောဗျ။ စိတ်ကို အလကား မထားတတ်ပဲဟာကိုး ကိုသိန်းမောင်ရဲ့။ ပျင်းလှတယ်ဗျာ။ လမ်းလျှောက်ကြဦးစို့လား" ဟု ပြောလျက် ထိုင်ရာမှ ထမည်ပြုသည်တွင် လှေကားမှ ခြေသံကြားလိုက်ရာ မောင်စံရှားလည်း ရုတ်တရက် ပြန်၍ ထိုင်ပြီးလျှင်–

"ကော်ပြီဗျို့၊ ကော်ပြန်ပြီ။ အမှုသည်နှင့်တူတယ်။ ခြေသံက တယ်မပြင်းလှဘူး။ မိန်းမခြေသံနှင့် တူတယ်" ဟုပြော၍ မဆုံးမီ တံခါးကို အပြင်မှခေါက်သံကြားရလေ၏။

ထိုအခါ မောင်စံရှားလည်း "ဝင်ခဲ့လေ"ဟု ပြောလိုက်သည်တွင် သူငယ်မတစ်ယောက်လည်း အခန်းတွင်းသို့ မရဲတရဲ ဝင်လာ၍–

"ကိုစံရှား ဟုတ်ပါရဲ့လားရှင်" ဟု မေးသဖြင့် မောင်စံရှားသည် ဟုတ်ပါကြောင်းနှင့် ပြောဆိုပြီးလျှင် ရှိသေသမှုပြုသည့် အမူအရာနှင့် ကောင်းမွန်စွာနေရာထိုင်ခင်းပေးလေ၏။

mgyoe.com

mgyoe.com

ငင်းသူငယ်မမှာ အသက် နှစ်ဆယ်အရွယ်ခန့်မျှ ရှိလျက် တည်ကြည်လှစွာသော ဣန္ဒြေသိက္ခာနှင့်လည်းကောင်း၊ ပွင့်လင်းကြည်သာစွာရှိလျက် ကျက်သရေရှိလှသော မျက်နှာဖြင့်လည်းကောင်း၊ လွန်မင်းစွာ ကောင်းမွန်တောက်ပခြင်း မရှိဘဲလျက် သင့်တင့်ရုံမျှရှိသော အဝတ်တန်ဆာများကို ကျစ်လျစ်သိပ်သည်းစွာ ဝတ်ဆင်လျက်လည်းကောင်း၊ အလွန်တရာ ချိုအေးကြည်လင် နုယဉ်လှစွာသော မျက်နှာထားဖြင့်လည်းကောင်း ပြည့်စုံလှပေသည် ဖြစ်ရကား ကျွန်တော်မှာ ဤမျှလောက် ချစ်ခင်ဖွယ်ကောင်းလှသော သူငယ်မကလေးကို ဤအသက် ဤအရွယ်တိုင်ရောက်အောင် တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ဖူးပေပြီတကားဟု စိတ်၌ မှတ်ထင်မိပါကြောင်း။

အချို့သော သူငယ်မကလေးတို့သည်မှာ မျက်နှာထားအားဖြင့် လှပတင့်တယ် ရှုချင်စဖွယ်ရှိကြပေ၏။ အချို့မှာလည်း ကိုယ်လုံးကိုယ်ပေါက်အားဖြင့် အဆင်းအတက် ပြေပြစ်ညီညွတ်ခြင်းနှင့် ပြည့်စုံကြပေ၏။ အချို့မှာလည်း အဝတ်အစား၏ စတိုင်ကျခြင်း၊ ဝတ်တတ်စားတတ်ရှိခြင်း စသည်နှင့် ပြည့်စုံကြပေ၏။ သို့ရာတွင် ချစ်ခင်ဖွယ်ကောင်းခြင်း၊ ယောကျ်ားတို့၏ စိတ်နှလုံးကို နူးညွတ်အောင် ဖြစ်စေခြင်း အစရှိသည့် အရာဌာနဌ်မှ ငင်းမိန်းကလေးထက် ထူးကဲသော မိန်းကလေးတို့မှာ ရှာ၍ တွေ့နိုင်မည်မဟုတ်တော့ချေ။

မိန်းကလေးသည် အနည်းငယ် တုန်လှုပ်သော အမူအရာနှင့် မောင်စံရှားက ခင်း၍ပေးသော ကုလားထိုင်တွင် ထိုင်ပြီးနောက်–

"လွန်ခဲ့တဲ့သုံးနှစ်လောက်က ကျွန်မမိတ်ဆွေတစ်ယောက် ဒေါ်သင်းကြည်ဆိုတာကို ဒီက အစ်ကိုကြီးက ကူညီစောင်မဖူးတဲ့အတွက် ကျွန်မကို လမ်းညွှန်လိုက်လေတော့ ကျွန်မကိုလည်း ထိုနည်းအတူ ကူညီလိမ့်မယ်လို့ မျှော်လင့်ပြီး လာခဲ့ရပါတယ် အစ်ကိုကြီးရှင့်" ဟု မောင်စံရှားအား အလွန်တရာ အားထားလှသော မျက်နှာထားဖြင့် ပြောလေလျှင် မောင်စံရှားလည်း စဉ်းစားသည့် မျက်နှာဖြင့်–

"ဒေါ်သင်းကြည်...ဒေါ်သင်းကြည်၊ သြော်...သတိရပြီဗျို့။ ဟုတ်တယ် ...ဟုတ်တယ် ကျုပ် နည်းနည်းကူညီဖူးတယ်။ သို့သော်လည်း သူ့အမှုက တယ်ကြီး မနက်လှပါဘူး။ ခပ်ရိုးရိုး ခပ်ရှင်းရှင်းပါပဲ"

"အစ်ကိုကြီးမှာသာ ရှင်းပါတယ်ရှင်၊ ခမျာမှာဖြင့် ဟိုတုန်းက ရှုပ်ရှာလွန်းလို့ မကြံတတ်အောင်ဖြစ်ပြီးနေလို့မို့ အစ်ကိုကြီး ကူညီတာများ ပြောလို့တောင် မဆုံးနိုင်ရှာပါဘူးရှင်။ သို့သော်လည်း သူ့အမှုကတော့ ဘယ်လိုပင် ရှင်းသည် ဖြစ်၍ ယခု ကျွန်မ လာရောက်ခဲ့ရတဲ့ အမှုဟာကဖြင့် အင်မတန်လည်း ထူးဆန်း၊

mgyoe.com

mgyoe.com


အင်မတန်လည်း ရှုပ်ထွေးတဲ့ အမှုပါပဲ အစ်ကိုကြီးရှင်” ဟု ပြောလျှင် မောင်စံရှားလည်း အလွန်တရာ နှစ်သက်အားရရှိလှသော မျက်နှာထားနှင့် သူငယ်မအားကြည့်ပြီးလျှင် “ကိုင်း...မိန်းကလေး အမှုပြောပြစမ်းဗျာ”ဟု ပြောလျက် နားစိုက်ကာ ရှိနေလေ၏။

ထိုအခါ ကျွန်တော်လည်း ကျွန်တော်၏ရှေ့၌ မိန်းကလေးသည် စကားစုံလင်စွာ ပြောရမည်ကို ကြောက်ရွံ့မည်စိုးသဖြင့် ထိုင်ရာမှ ထမည်ပြုလေလျှင် သူငယ်မက–

“ကိစ္စမရှိပါဘူးရှင်၊ ထိုင်သာထိုင်ပါ။ တစ်ဆိတ်ကလေး အစ်ကိုကြီးက တောင်းပန်ပေးပါရှင်။ အစ်ကိုကြီး မိတ်ဆွေဖြစ်ခဲ့လို့ရှိလျှင် ကျွန်မအမှုကို နှစ်ယောက်လုံးကြားကြရင် သာပြီးကောင်းပါလိမ့်မယ်ရှင်” ဟု ပြောသဖြင့် ကျွန်တော်လည်း ပြန်၍ ထိုင်ရလေ၏။ ၎င်းနောက် မိန်းကလေးက–

“ကိုင်း...ကျွန်မ အတိုချုပ်ပြီး ပြောပါရစေရှင်။ ကျွန်မအဖေက ပထမကတော့ ကျောင်းဆရာလုပ်ပြီးနေခဲ့၊ လွန်ခဲ့တဲ့ စစ်ကြီးအတွင်းမှာ ကျောင်းဆရာအလုပ်ကိုစွန့်ပြီး အသက်ပင်ကြီးသော်လည်း အသက်ကို လျှော့ပေါ့ပြောပြီး စစ်မှုထမ်းရွက်ဖို့ စစ်ထဲကို လိုက်သွားရပါရော့ရှင်။ ကျွန်မ မိခင်ကတော့ ကျွန်မငယ်ငယ်ကလေးကပဲ သေဆုံးသွားရှာ၊ ကျွန်မမှာ ဒေါ်ဒေါ်တစ်ယောက်နှင့် အတူတကွ နေထိုင်ပြီး အင်္ဂလိပ်စာများကို သင်ကြားခဲ့၊ ၇ တန်းနှင့် ဆရာဖြစ်ပရိုင်မာရီ စာမေးပွဲကို အောင်မြင်ပြီး ကျောင်းဆရာအလုပ်နဲ့ ကိုယ်ဝမ်းကိုယ်ခါးကို ထိန်းကျောင်းခဲ့ရပါတယ်ရှင်။

“ဒို့နောက် စစ်ကြီးပြီးမြောက်လေတော့ ကျွန်မတို့အဖေ ပြန်လာမယ်လို့ စာများရတာနဲ့ ကျွန်မမှာ စောင့်ဆိုင်းပြီးနေခဲ့။ တစ်နေ့သ၌တော့ ပြန်လာကြောင်း သတင်းကြားတဲ့ပြင် မိတ်ဆွေတစ်ယောက်အိမ်မှာ တည်းခိုနေထိုင်ကြောင်း သတင်းကြားရပါရောရှင်။ ဒီတော့ ကျွန်မမှာ ကျွန်မအဖေဟာ ပြန်လာရက်နှင့် ကျွန်မကိုမှ နှုတ်မဆက်သေးဘဲ သူတစ်ပါးအိမ်မှာ တည်းခိုရက်လေခြင်းလို့ စိတ်ထဲမှာ မခံချင်သော်လည်း အဖေရှိရာသွားပြီး တစ်မနက်ခင်းမှာ မေးပါရောရှင်။ မေးတော့ သူ့တည်းအိမ်က လူတွေက ကျွန်မအဖေဟာ ညကတည်းက ထွက်သွားလိုက်တာ ယခုတိုင် ပြန်မလာသေးကြောင်း ကြားရပါရောရှင်။ ဒါနဲ့ ကျွန်မလည်း တစ်ရက်တစ်ရက်နဲ့ စောင့်လိုက်တာ ငါးရက် လောက်ကြာတော့ ဘာများဖြစ်လေသလဲလို့ စိတ်မချတာနဲ့ ပုလိပ်ကို တိုင်ချက် ပေးပါရောရှင်။ ဒီတော့ ကျွန်မလည်း ပုလိပ်အရာရှိများ အကြံပေးချက်အရ သတင်းစာထဲမှာ

mgyoe.com

mgyoe.com

ထည့်ပြီး ကြော်ငြာ၊ ပုလိပ်စုံထောက်များကိုလည်း စုံထောက်ဖို့ပြော။ အမျိုးမျိုး ကျွန်မ ကြိုးစားသော်လည်း ဘယ်နည်းနဲ့လုပ်လို့မှ သတင်းမရဘူးရှင်။ ဒီတော့…"

ရှား။ ။ "နေပါဦး မိန်းကလေးရယ်၊ ရက်စွဲ ပြောစမ်းပါ၊ ဘယ်ရက်က ပြန်လာသလဲ"

မိန်းကလေး။ ။ "၁၉၁၉ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ပြန်ရောက်ပါတယ်ရှင်"

ရှား။ ။ "ဘယ်နှရက်နေ့က ပျောက်သွားသလဲ"

မိန်းကလေး။ ။ "နောက်တစ်ရက်ပဲ ပျောက်သွားတယ်ရှင့်။ ၁၃ ရက်နေ့"

ရှား။ ။ "တစ်နှစ်ကျော်သွားပါပြီကောဗျာ။ ဒါထက် သူ့ပစ္စည်းများကော မကျန်ရစ်ဘူးလား"

မိန်းကလေး။ ။ "များများမကျန်ရစ်ပါဘူးရှင်၊ အဝတ်အစားကလေး နည်းနည်းနဲ့ စာအုပ်ကလေး သုံးလေးအုပ်နဲ့ သည့်ပြင် တိုလီမိုလီပစ္စည်း ကလေး နည်းနည်းပါးပါးပါပဲရှင်"

ရှား။ ။ "ရန်ကုန်မြို့ထဲမှာ သူတည်းတဲ့အိမ်မှတစ်ပါး ဒီ့ပြင် မိတ်ဆွေ များ ရှိသေးသလား"

မိန်းကလေး။ ။ "ဒီ့ပြင်မိတ်ဆွေ တစ်ယောက်သာ ရှိတယ်လို့ ကျွန်မ ကြားဖူးပါတယ်ရှင်။ ဒီမိတ်ဆွေက ကျွန်မတို့အဖေနဲ့ အတူတူ စစ်ထဲမှာ အမှုထမ်းပြီး မမာလို့ ပြန်လာတာ။ သူက ခြောက်လလောက် အရင် ရောက်နှင့်ပါတယ်ရှင်။ သူ့အိမ်ကိုလည်း ကျွန်မ သွားပြီး မေးပါတယ်။ မေးတော့ သူက ကျွန်မတို့အဖေ ပြန်ရောက်လာတယ်ဆိုတာတောင် သူ မသိရပါဘူးတဲ့"

ရှား။ ။ "သူ့နာမည်က ဘယ်သူတဲ့လဲ"

မိန်းကလေး။ ။ "ဦးထွန်းကျော်တဲ့ရှင့်"

ရှား။ ။ "ဘာရာထူးလဲဗျ၊ စစ်ထဲမှာ"

မိန်းကလေး။ ။ "ဂျမဒါပါတဲ့ရှင်"

ရှား။ ။ "သူငယ်မ အဖေကကော အတူတူပဲလား"

မိန်းကလေး။ ။ "ဟုတ်ပါတယ်ရှင်၊ ဂျမဒါပါပဲ။ အမည်ကတော့ ဦးသာ ဟန်ပါတဲ့"

ရှား။ ။ "ကိုင်း…ဒီ့ပြင် ပြောစမ်းပါဦးဗျာ"

မိန်းကလေး။ ။ "ဒါနဲ့ ကျွန်မလည်း သတင်းမကြားလေတော့ စိတ်ညစ် ညစ်နဲ့ လက်လျှော့ရမလိုဖြစ်နေတုန်း ခြောက်လလောက်အကြာမှာ တစ်နေ့သဋ္ဌ တော့ သတင်းစာတစ်စောင်ထဲမှာ ဂျမဒါဦးသာဟန် သမီးတစ်ယောက်ဟာ

mgyoe.com

ဘယ်အရပ် ဘယ်ဒေသမှာ နေထိုင်ကြောင်း၊ ၎င်းသတင်းစာထဲမှာ ပြန်ကြား ဖြေဆိုလျှင်ဖြင့် ကျေးဇူးရှိပါလိမ့်မယ်တဲ့...ပါလာတာကိုးရှင့်။ ဒီတော့ ကျွန်မ က ကျွန်မဒေါ်ဒေါ်ကို တိုင်ပင်ပြီး မကြာမီအတွင်းပဲ နေရပ်နဲ့တကွ လိပ်ကို ဖြေကြားလိုက်ပါရောရှင့်။ ဒီလိုလည်း သတင်းစာထဲကနေပြီး ဖြေလိုက်ပါရော၊ နောက်တစ်နေ့မှာ ကျွန်မအမည်နဲ့ အထုပ်ကလေးတစ်ထုပ် ရောက်လာပါရော ရှင့်။ ဒါနဲ့ ကျွန်မ ဖြည်ကြည့်တော့ အင်မတန် အရောင်ကောင်းတဲ့ ပုလဲကြီး တစ်လုံး တွေ့ပါရောရှင်။ ဒီပြင်တော့ စာလည်းမပါ။ ဘာလည်းမပါ။ ဘယ်က ပို့လိုက်လို့ ဘယ်လိုအကြံအစည်နဲ့မှန်းလည်း ကျွန်မ မသိရပါဘူးရှင်။ ဒါနဲ့ ဒီပုလဲကို စိန်တိုက်က ဘာဘူများကို သွားပြတော့ အဖိုးသုံးရာ ထိုက်တန်တယ်လို့ အဖိုးဖြတ်လိုက်ပါတယ်ရှင်။ ဖြတ်လိုက်ပေမဲ့ ဘယ်လိုအကြံအစည်နဲ့ ပို့လိုက်မှန်း မသိလေတော့ ကျွန်မလည်း မရောင်းဘူးရှင့်။ ရတဲ့လခကလေးနဲ့ပဲ ကျစ်ကျစ် ကလေး စားသောက်နေခဲ့ပါတယ်၊ ဒါနဲ့ အဲဒီနေ့ကစပြီး လဆန်း တစ်ရက်နေ့ တိုင်း တစ်ရက်နေ့တိုင်း ဒီပုလဲမျိုး တစ်လုံးတစ်လုံး ရောက်ရောက်လာပါတယ် ရှင်။ ယခု ၁၂ လရှိလို့မို့ ပုလဲ ၁၂ လုံး ကျွန်မဆီ ရောက်ပါပြီရှင်။ အရွယ် ကလည်း ညီ၊ အရောင်ကလည်း ညီပါဘိသနဲ့ ကြည့်ပါတော့ရှင်" ဟု ပြောလျက် သူငယ်မလည်း ကနုကမာဖြင့် ပြုလုပ်ထားသော သေတ္တာငယ်အတွင်းမှ ပုလဲ ၁၂ လုံးကို ကျွန်တော်တို့အား ထုတ်၍ ပြလေ၏။

မောင်စံရှားလည်း ပုလဲကို သေချာစွာကြည့်ရှုပြီးနောက်–

"ကောင်းပါတယ်။ ကောင်းတဲ့ ပုလဲကြီးတွေ။ တစ်လုံး ၄၀၀ိ ထက်မနည်း တန်ပါရဲ့ဗျာ။ ကိုင်း...ကိုင်း...ဒီပြင် ပြောပါဦးဗျာ"

**မိန်းကလေး။** ။ "ဒါနဲ့ ဒီလို လစဉ် ပုလဲ တစ်လုံး တစ်လုံး ရပြီး လာခဲ့၊ ဒီကနေ့တော့ အခါတိုင်းလို ပုလဲမရောက်လာဘဲနဲ့ ဟောဒီစာတစ်စောင် ရောက်လာပါတယ်ရှင်" ဟု ပြော၍ စာတစ်စောင်ကို ထုတ်၍ပြရာ မောင်စံရှားက "စာအိတ်ပါပေးဗျာ" ဟု ပြော၍ စာအိတ်ပါ ယူ၍ ကြည့်ပြီးနောက်–

"အင်း...စာတိုက်တံဆိပ်က ကြည့်မြင်တိုင်တံဆိပ်၊ ရက်စွဲက စက်တင် ဘာလ ၁ ရက်နေ့၊ စာအိတ်ထောင့်က လက်မရာကြီးဟာက စာပို့ကုလားရဲ့ လက်မရာပဲနဲ့တူတယ်။ စာအိတ်ကလည်း စာအိတ်ကောင်း၊ စာရေးစက္ကူက လည်း စက္ကူကောင်း။ အနည်းဆုံး တစ်ရာကို သုံးကျပ်လောက် ပေးရမယ်။ စာထဲမှာ လက်မှတ်လည်း မထိုးဘူး။ နေရပ်လည်း မပါဘူး။ ရက်စွဲလည်း မပါဘူး။ ကိုင်း...ကိုင်း...စာထဲမှာ ဘာပါသလဲ ကြည့်ရအောင်" ဟု ပြောလျက် မောင်စံရှားလည်း အောက်ပါအတိုင်း ဖတ်လေ၏။

mgyoe.com

mgyoe.com

"ယနေ့ည ၈ နာရီအချိန်တွင် ပစ်ချားပဲလေ့စ် အရိပ်ပြပွဲရုံရှေ့သို့ အဖော်နှစ်ယောက်နှင့် လာခဲ့ပါလေ။ မိန်းကလေးမှာ များစွာ အနစ်နာခံနေရပါသဖြင့် ကျွန်ုပ် တတ်အားသမျှ ကူညီလိုပါသည်။ သို့ရာတွင် ပုလိပ်များကိုဖြင့် မခေါ်ခဲ့ပါနှင့်။ ပုလိပ်များ ပါခဲ့လျှင် ကျွန်ုပ်နှင့် တွေ့တော့မည် မဟုတ်ပါ"

မိတ်ဆွေတစ်ယောက်

၎င်းစာကိုဖတ်ပြီးနောက် မောင်စံရှားက "အင်း...တော်တော် ကောင်းပုံပေါ်တဲ့ အမှုကလေးပဲ။ ကိုင်း...ကိုင်း...မိန်းကလေးနာမည်က မနှင်းညွန့် ဟုတ်လား"

ညွန့်။ ။ "ဟုတ်ပါတယ်ရှင်"

ရှား။ ။ "ကိုင်း...ဒီအမှုမှာ မနှင်းညွန့်ဘယ့်နှယ်လုပ်ဖို့ ကြံစည်သလဲ"

ညွန့်။ ။ "ကျွန်မဖြင့် ဘယ့်နှယ်လုပ်ရမယ် မသိတတ်လို့ အစ်ကိုကြီးဆီ လာရခြင်း ဖြစ်ပါတယ်ရှင်"

ရှား။ ။ "ကိုင်း...ကျုပ်အကြံအတိုင်း လိုက်မှာဖြင့် သူမှာတဲ့အတိုင်း ကျုပ်တို့ သွားကြမယ်။ အဖော်နှစ်ယောက် ခေါ်ခဲ့ဆိုတယ် မဟုတ်လား။ နေရာကျပြီ။ ဒီက ကိုသိန်းမောင်နဲ့ ကျုပ်နဲ့ လိုက်ကြမယ်။ ဘယ့်နှယ်လဲ"

ညွန့်။ ။ (ကျွန်တော့်ဘက်သို့ လှည့်လျက်) "လိုက်ခဲ့ပါဦး အစ်ကိုကြီးရှင်။ ကျွန်မ ကျေးဇူးမမေ့ပါဘူးရှင်"

ကျွန်တော်။ ။ "ကျွန်တော်လိုက်လို့ မိန်းကလေးမှာ ကျေးဇူးရှိမယ်ဆိုရင် ဒီလမ်းမကပါဘူး၊ ဘယ်လမ်းမဆို ကျွန်တော် လိုက်ပါတယ်ဗျာ"

ညွန့်။ ။ "ကျေးဇူးကြီးလှပါတယ် အစ်ကိုကြီးတို့ရှင်။ ကျွန်မက ကုပ်ကုပ်ကလေး နေတတ်လေတော့ အသိမိတ်ဆွေဆိုလို့လည်း တယ်ကြီး မရှိလှဘူးရှင့်။ အိမ်မှာလည်း မိန်းမသားတွေချည်းပဲ။ ဒီတော့ အစ်ကိုကြီးတို့ နှစ်ယောက် လိုက်ရင်ဖြင့် အင်မတန် ကျေးဇူးကြီးပါပဲရှင်။ ကျွန်မ ဒါဖြင့် ၇ နာရီခွဲ ရောက်အောင်လာရင် တော်ပြီမှတ်တယ်"

ရှား။ ။ "၇ နာရီခွဲတိတိ ရောက်အောင်လာပေတော့။ နောက်မကျစေနဲ့နော်။ ဒါထက် ကျုပ် တစ်ခုမေးပါရစေဦး။ ဒီစာရေးတဲ့ လက်ရေးနဲ့ ပုလဲများကို ပို့စဉ်အခါ လိပ်တပ်ပြီးပေးတဲ့ လက်ရေး အတူတူပဲလား"

ညွန့်။ ။ "သြော် ဟုတ်ပေသား၊ ကျွန်မမှာ ပါခဲ့တယ်ရှင့်။ အထုပ်မှာ လိပ်တပ်ပြီးပေးတဲ့ လက်ရေးတွေ ပါခဲ့ပါတယ်ရှင်" ဟု ပြောလျက် မိန်းကလေးကလည်း စာရွက်ငယ်များကို ထုတ်၍ မောင်စံရှားအား ပြလေ၏။
mgyoe.com

ရှား။ ။ (စာရွက်များကို လှမ်းယူလျက်) "တယ်တော်တဲ့ သူငယ်မပဲ။ တယ်ပြီး စေ့စပ်ပါပေတယ်ဗျာ။ ဒီလိုလူမျိုး အမှုလိုက်ရမှ ကျုပ်က ကြိုက်တာကလား။ ကိုင်း ကိုင်း ကြည့်ကြရအောင်" ဟု ပြောလျက် လက်ရေးများကို နှိုင်းယှဉ်ကြည့်ရှုပြီးနောက်–

"အထုပ်မှာ လိပ်တပ်တဲ့ လက်ရေးတွေကတော့ ဖျက်ပြီးရေးတဲ့ လက်ရေးတွေပဲ။ စာရွက်က လက်ရေးကတော့ဖြင့် အမှန်အတိုင်းရေးတဲ့ လက်ရေးပဲ။ သို့သော် လူတစ်ယောက်တည်း ရေးကြောင်း ထင်ရှားတယ်။ ကြည့်စမ်းဗျို့ ကိုသိန်းမောင်။ ခင်ဗျားလူ ဘယ်လိုပဲ ဖျက်ပြီးရေးပေမဲ့ အသတ်တွေ၊ သတ်ပုံ တစ်ချောင်းငင်ဆွဲပုံကတော့ မတူဘူးလားဗျာ။ ကိုင်း ကိုင်း တစ်ခုတည်း မေးပါရစေဦးတော့ မနှင်းညွန့်။ မနှင်းညွန့်အဖေ လက်ရေးနဲ့ ဒီလက်ရေးတွေနဲ့ တူတယ်များထင်သလားဗျာ"

ညွန့်။ ။ "မတူပါဘူးရှင်၊ နည်းနည်းကလေးမှ မတူပါဘူး"

ရှား။ ။ "ကျုပ်လည်း ဒီလိုပဲထင်တာပဲ။ ကိုင်း ကိုင်း ၇ နာရီခွဲထက် နောက်မကျစေနဲ့နော်။ ယခု သုံးနာရီကျော်သွားပြီ။ အချိန်တော်တော်ရှိပါသေးရဲ့။ သည်စာရွက်တွေ ထားပစ်ခဲ့ပါဗျာ။ ကျုပ် နည်းနည်းထပ်ပြီး ကြည့်ချင်ပါသေးတယ်။ နောက်မကျစေနဲ့နော် မနှင်းညွန့်"

ညွန့်။ ။ "စိတ်ချပါရှင်၊ မကျစေရပါဘူး။ ကိုင်း ကျွန်မ ပြန်ချေပါဦးမယ်ရှင်" ဟုပြောလျက် ချိုသာလှစွာသော မျက်နှာဖြင့် ကျွန်တော်တို့နှစ်ယောက်အား နှုတ်ဆက်ပြီးလျှင် အိမ်ပေါ်မှ ဆင်းသွားလေ၏။ မိန်းကလေး ဆင်းသွားလေလျှင် ကျွန်တော်လည်း အိမ်ရှေ့ပြတင်းပေါက်မှ ရပ်လျက် သွားရာလမ်းကို မျက်စိတစ်ဆုံး မျှော်ကြည့်ကာ ရှိနေမိပါကြောင်း။

ငင်းနောက် မိန်းကလေးသည် လမ်းကွေ့မှ ချိုး၍သွားသဖြင့် မမြင်ရသည့်အခါမှ ကျွန်တော်သည် ပြတင်းပေါက်မှ ပြန်လာ၍–

"တယ်ချစ်စရာကောင်းတဲ့ သူငယ်မလေးဗျာ"

ရှား။ ။ (ဆေးတံသောက်လျက် စဉ်းစားနေရာမှ) "ဟုတ်ကဲ့လား၊ ကျုပ်ဖြင့် သတိမထားမိပါဘူးဗျာ"

ကျွန်တော်။ ။ "ခင်ဗျားမျက်စိများက ဘယ်ရောက်နေပါလိမ့်မလဲဗျာ။ မျက်စိပါလို့မှလည်း မြင်တတ်တဲ့လူ မဟုတ်ဘူး။ ဒီလောက် ချစ်ခင်ဖို့ကောင်းတဲ့ မိန်းကလေး ဘယ်မှာရှာလို့ တွေ့ဦးမလဲဗျာ"

ရှား။ ။ (အနည်းငယ်ပြုံးရယ်လျက်) "တယ်ဆိုတဲ့စာပါလားဗျာ။ ကျုပ်

mgyde.com

mgyoe.com

တို့မှာတော့ ကိုယ့်အမူသည် ချောတယ် လှတယ် အရုပ်ဆိုးတယ်ဆိုတာ မကြည့် အားဘူးဗျ။ အမူကိုသာ ကြည့်ရတယ်။ အမူသည်ကို ကြည့်မိမှဖြင့် အမူကို ဆင်ခြင်ရာမှာ လမ်းမှားတတ်တယ်ဗျ။ ဟိုတလောက ကိုယ့်ကလေး ကိုယ်သတ်ပြီး အသက်အာမခံငွေ ထုတ်ယူလို့အမူဖြစ်တဲ့ မိန်းမဟာလည်း အင်မတန်ချောလှတဲ့ မိန်းမတစ်ယောက်ပေါ့ဗျ။ ဟိုတစ်နေ့က လူအိုရဲ့အတွက် ငွေ ငါးထောင် ထည့်လိုက်တဲ့ မိန်းမကြီးဟာလည်း အင်မတန် အရုပ်ဆိုးရှာတာကပဲ။ ဒီတော့"

**ကျွန်တော်**။ ။ "သို့သော်လည်း သည်မိန်းကလေးဟာကတော့ သူ့ရုပ် သူ့ရည်နဲ့လိုက်အောင် အကျင့်စာရိတ္တလည်း"

**ရှား**။ ။ "မပြောတတ်သေးဘူး။ ပြီးမှ သိမယ်။ ဒါထက် ကိုသိန်းမောင်၊ လူ့လက်ရေးကိုကြည့်ပြီး အကျင့်စာရိတ္တကို ခန့်မှန်းတဲ့နည်း ခင်ဗျား တတ်ရဲ့လား။ ကိုင်း ဒီလူ့လက်ရေးကြည့်ပြီး ခင်ဗျားသိသလောက် ကျုပ်ကို ပြောပြစမ်းဗျာ"

**ကျွန်တော်**။ ။ (လက်ရေးများကို သေချာစွာ ကြည့်ရှုပြီးနောက်) "လက်ရေးကဖြင့် ပီသတယ်၊ ညီညွတ်တယ်၊ သေသေသပ်သပ် နေတတ်ထိုင်တတ်တဲ့လူနဲ့ တူတယ်"

**ရှား**။ ။ (ဦးခေါင်းကို ယမ်းလျက်) "ရေးချပုံတွေ၊ တစ်ချောင်းငင်ပုံတွေ ကြည့်ဗျ။ ပစောက်များတောင် မောက်ချ မချချင်ဘူး။ ဝိုင်းချ ချချင်တယ်။ တော်တော်ပျင်းတဲ့လူပဲ။ တစ်ချောင်းငင်တွေလည်း ကြည့်လိုက်စမ်း။ ခြေထောက်တောင် မပါဘူး။ ဝလုံးဆွဲပုံတွေကလည်း စိတ်သဘောတယ်ပြီး ခိုင်မာတဲ့ လက္ခဏာမရှိဘူး။ ယရစ်ဆွဲပုံတွေ၊ အသတ်သတ်ပုံတွေကတော့ ကိုယ့်ကိုယ်ကို အထင်အမြင် တော်တော်ကြီးပုံရတဲ့ လူနဲ့ လက္ခဏာ တူတယ်။ ကိုင်း ကိုင်း ကျုပ် သွားစရာကလေး ရှိသေးတယ်ဗျို့။ ခဏသွားလိုက်ဦးမယ်။ ဟောဒီစာအုပ် ဖတ်စမ်းဗျာ။ အင်မတန်ကောင်းတယ်" ဟု ပြောလျက် စာတစ်အုပ်ကို ပေးပြီးလျှင် မောင်စံရှားလည်း ထွက်သွားရာ ကျွန်တော်မှာ ပြတင်းပေါက်အနီးတွင် ထိုင်လျက် စာအုပ်ကိုဖတ်ပါသော်လည်း ကျွန်တော်၏မျက်နှာနှင့် စာအုပ်၏ အကြားတွင် သူငယ်မ၏မျက်နှာသည် ကွက်ခနဲ ကွက်ခနဲ ပေါ်လာသည်ဖြစ်သောကြောင့် နောက်ဆုံး၌ စာအုပ်ကိုပစ်ချပြီးလျှင် သူငယ်မ၏ ချစ်ခင်ဖွယ်ကောင်းလှသော မျက်နှာကလေး၏ အကြောင်းကိုသာလျှင် စဉ်းစားစိတ်ကူးကာ ရှိနေမိလေ၏။

ညနေငါးနာရီကျော်အချိန်ခန့်တွင် မောင်စံရှားလည်း ဝမ်းသာအားရရှိသော မျက်နှာထားနှင့် ပြန်လာပြီးလျှင်—

mgyoe.com

mgy


"ဒီအမှုက တယ်ကြီး မရှုပ်လှဘူးဗျို့။ ဒီအမှုမှာ တွေးဖို့ရာ နည်းတစ်နည်းတည်းပဲရှိတယ်"

**ကျွန်တော်။** ။ "ဒါဖြင့် ခင်ဗျား တွေးမိပြီပေါ့လေ"

**ရှား။** ။ "အသေအချာကြီးလည်း မဟုတ်လှသေးဘူးဗျာ။ သို့သော်လည်း သဲလွန်စကလေးတော့ နည်းနည်းရပြီ။ ရပေမဲ့ လိုက်ဖို့ တော်တော်လိုသေးတယ်။ အရေးကြီးတဲ့အချက်တစ်ခု သိခဲ့ရတာက သူငယ်မရဲ့အဖေ ဦးသာဟန်ရဲ့မိတ်ဆွေ ဂျမဒါ ဦးထွန်းကျော်ဟာ ၁၉၁၉ ခု၊ ဩဂုတ်လမှာ သေရှာပြီတယ်ဗျ"

**ကျွန်တော်။** ။ "ဒီဟာ ဘာအရေးကြီးသလဲဗျာ"

**ရှား။** ။ "ခင်ဗျား မတွေးမိဘူး၊ မမြင်ဘူး ဟုတ်ကဲ့လား။ အံ့သြတယ်ဗျာ။ ကိုင်း ဒါဖြင့် ကျုပ်ပြောသလို ကြည့်စမ်း။ သူငယ်မရဲ့ အဖေ ဦးသာဟန်မှာ ရန်ကုန်မြို့၌ အခြားမိတ်ဆွေ မရှိ။ ဂျမဒါဦးထွန်းကျော် တစ်ယောက်ပဲရှိတယ်။ သူသွားပြီး ဟိုတုန်းက မိန်းကလေးက မေးတော့လည်း ဦးသာဟန်ရောက်လာကြောင်း သူမသိရသေးပါဘူးလို့ ပြောတယ်။ ပြောပြီး ခြောက်လလောက် အကြာမှာ ဦးထွန်းကျော်သေတယ်။ သေပြီးလို့ လေးငါးရက်အတွင်းမှာပဲ မနှင်းညွန့်ထံ ပုလဲထုပ်ရောက်လာတယ်။ ရောက်တာမှလည်း တစ်ကြိမ်မက လစဉ် လစဉ် တစ်ထုပ်တစ်ထုပ် ရောက်လာတယ်။ ရောက်လာပြီးတဲ့နောက် ယခုနောက်ဆုံးစာမှာလည်း မိန်းကလေးမှာ အနစ်နာခံရတဲ့အကြောင်းလည်း ပါတယ်။ ဒီတော့ကာ မိန်းကလေးမှာ အနစ်နာခံရတဲ့အချက်ဆိုတာ ဘယ်အချက်ဖြစ်မယ်လို့ တွေးစရာရှိသလဲဗျ။ ခမျာမှာ အဖေတစ်ယောက် ဆုံးရှုံးရတဲ့အချက်ပဲဖြစ်မယ် မဟုတ်လား။ ပြီးတော့လည်း ပုလိပ်တွေဟာ ဦးထွန်းကျော်သေပြီးတဲ့နောက် လေးငါးရက်အတွင်းမှာပဲ ရောက်လာတယ်။ ဒီဟာ ဘာဖြစ်လို့ ရောက်လာသလဲတဲ့။ ဦးထွန်းကျော်ရဲ့ အမွေခံ အမွေစားများက မိန်းကလေးမှာ အနစ်နာခံရကြောင်းသိလို့ လျော်ကြေးအဖြစ်နဲ့ ပို့လိုက်တဲ့ ပုလဲတွေ ဖြစ်ရမယ် မဟုတ်ဘူးလားဗျ။ ကိုင်းဗျာ ဒီလိုမတွေးရင် ဘယ်လိုများ ခင်ဗျား တွေးဖို့ရှိသေးသလဲ"

**ကျွန်တော်။** ။ "ဒါတော့ ဟုတ်ပါစေတော့ဗျာ။ သို့ပေမဲ့ လျော်ကြေးပေးပုံက ထူးဆန်းလှချေကလားဗျာ။ ပြီးတော့လည်း စာရေးတာက ဟိုတုန်းက မရေးဘဲ တစ်နှစ်ကျော်လာတဲ့အခါမှာ ရေးရသလားဗျာ။ ဒို့ပြင်လည်း ဒီမိန်းကလေးမှာ အဖေဆုံးခြင်းအားဖြင့် နစ်နာခြင်း ခံရရှာတယ်ဆိုရင် ဒီတဲ့

mgyee.com

mgyoe.com

သို့ နစ်နာခြင်းမှလွတ်ကင်းအောင် ကူညီရအောင်ဟာ ယခုတိုင် သူ့အဖေ အသက်ရှင်လျက် ရှိနိုင်ပါဦးမလားဗျာ"

ရှား။ ။ "ကိုင်းလေ ဟုတ်ပါတယ်။ သို့သော်လည်း သည်အချက်တွေတော့ ဒီကနေ့ည ရှင်းလင်းလိမ့်မပေါ့ဗျ။ ကိုင်း ကိုင်း မိန်းကလေး မရောက်လာခင် ကျုပ်တို့ ထမင်းကလေး တစ်လုတ်နှစ်လုတ် စားလိုက်ကြဦးစို့ဗျာ"

ကျွန်တော်တို့သည် ညစာထမင်းစားသောက်ကြပြီးနောက် စကားအနည်းငယ် ပြောဆိုလျက်ရှိကြသဖြင့် ၇ နာရီကျော်ကျော်မျှ ရှိလေလျှင် မြင်းရထားတစ်စီးလည်း အိမ်ရှေ့၌ ရပ်ပြီးနောက် တစ်ခဏမျှကြာလျှင် မနှင်းညွန့်လည်း အိမ်ပေါ်သို့ တက်လာလေ၏။

ရှား။ ။ "ကိုင်း အချိန်လည်း နီးပြီ။ သွားမှ တော်မယ်ထင်တယ်။ ကဲ ကိုသိန်းမောင်၊ လုပ်ဗျာ။ အဝတ်များလဲပါ။ တုတ်ခပ်မာမာ ယူခဲ့ဗျို့။ မသိနိုင်ဘူး။ ကိုယ့်ကိုယ်ကို ကွယ်ကာထားရင် ကောင်းတယ်။ သြော် ဒါထက် မနှင်းညွန့်ကို ကျုပ် မေးစရာကလေး နည်းနည်းရှိသေးတယ်" ဟု ပြောလျက် မေးခွန်းအနည်းငယ် မေးမြန်းရာ မနှင်းညွန့်က–

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့အဖေနဲ့ ဦးထွန်းကျော်နဲ့က အင်မတန်ကျွမ်းဝင်ကြတဲ့ လက္ခဏာရှိပါတယ်။ စစ်မြေပြင်က ရေးပြီး အဖေရေးပေးတဲ့ စာထဲမှာ ဦးထွန်းကျော်အကြောင်းများလည်း ခဏခဏ ပါတယ်ရှင့်။ သြော် ဒါထက် ကျွန်မတို့အဖေ သားရေသေတ္တာအိတ်ပုန်းထဲက စာရွက်တစ်ရွက် ကျွန်မတွေ့ခဲ့ပြန်ပြီရှင့်။ ဟိုတုန်းကတော့ ဒီအိတ်ကို မမြင်မိဘူး။ ဒီကနေ့မှ သေသေချာချာ မွှေနှောက်ပြီး ရှာနေလေတော့ ဒီအိတ်ပုန်းကို တွေ့မိတယ်။ အိတ်ပုန်းထဲနှိုက်ပြီး ကြည့်တော့ ဟောဒီစာရွက်ကြီးတစ်ရွက် ခေါက်ပြီး ထည့်ထားတာ ကျွန်မ တွေ့ရပါတယ်။ ကျွန်မလည်း ဘာတွေရေးထားမှန်း နားမလည်ပါဘူး။ အစ်ကိုကြီးဖြင့် သိမလားလို့ ကျွန်မ ယူခဲ့ပါတယ်" ဟု ပြောလျက် မနှင်းညွန့်လည်း စာရွက်ခေါက်ကြီး တစ်ခုကို မောင်စံရှားအားပေးရာ မောင်စံရှားလည်း စာရွက်ကို ဖြန့်၍ မှန်ဘီလူးဖြင့် သေချာစွာကြည့်ရှုပြီးနောက်

"အဟမ်း၊ စက္ကူကဖြင့် ခပ်ကြမ်းကြမ်းပဲ။ ကုလားပြည်ကဖြစ်တဲ့ စက္ကူနဲ့တူတယ်။ ကျုပ်တို့ဆီကဖြစ်တဲ့ မိုင်းကိုင်စက္ကူနဲ့ ခပ်ဆင်ဆင် မတူဘူးလားဗျို့။ ကိုသိန်းမောင် ဒီစက္ကူဟာ တစ်ခါတုန်းက စက္ကူချပ်ပြားမှာ ကပ်ပြီး တွယ်အပ်နဲ့ တွယ်ထားဖူးလို့ တွယ်အပ်ရာတွေတောင် ထောင့်လေးထောင့်မှာ ရှိနေသေးတယ်။ အင်း ဘာတွေလဲဗျို့။ ရေးထားတာ။ အလို အိမ်ပုံစံနဲ့ တူပါကလား။ အင်မတန်ကြီးတဲ့ အိမ်ကြီးဗျို့။ အခန်းကြီးတွေ၊ အခန်းကလေးတွေ၊ လှေကား

mgyoe.com

mgyoe.com


တွေ၊ ဆောင်ကူးခန်းမကြီးတွေ ပြည့်နေတာပါပဲကလား။ ဒီအနားက ဘာလဲဗျို့။ မင်နီကြက်ခြေခတ်ကလေး ပြထားပါကလား။ အောက်နားကတော့ ခဲတံနဲ့ ရေးထားတာက ဘာလဲ။ "လက်ဝဲဘက်ကို လေးလှမ်းသွား"တဲ့။ ဒီဟာက ဘာဆိုလိုသလဲ။ ဟော အောက်နားက ကြက်ခြေကလေး လေးခု ပါပြန်ပြီ။ ကြက်ခြေတွေ အောက်နားက စာပါကလားဗျို့။ မှန်းစမ်း။ ဘာတဲ့လဲ။ လူနာမည်တွေပါကလား။ ကဲ ကဲ ရှိစေဦး၊ ရှိစေဦး။ အခုတော့ဖြင့် ဘယ်ပုံ သက်ဆိုင်တယ်ဆိုတာ ကျုပ် မပြောနိုင်သေးဘူး။ သို့သော်လည်း ဒီမြေပုံဟာ အရေးကြီးတဲ့ မြေပုံနဲ့တူတယ်။ ဒီဟာ ကျုပ် ယူထားလိုက်မယ်နော်။ မနှင်းညွန့် ဒီအမှုက ကျုပ်ထင်သလောက် မကဘူးထင်တယ်ဗျို့။ တော်တော်ရှုပ်လိမ့် ဦးမယ် ထင်တယ်။ ကိုင်း ကိုင်း ၇ နာရီလည်း ခွဲသွားပြီ။ သွားကြမှ တော်မယ်"

ကျွန်တော်တို့လည်း မော်တော်ကားတစ်စီးကို ခေါ်၍ မနှင်းညွန့်ကို အလယ်မှထားပြီးလျှင် ထွက်လာကြရာ မနှင်းညွန့်မှာ ချစ်လှစွာသော ဖခင်၏ အမှုအတွက်ဖြစ်သည်လည်းတစ်ကြောင်း၊ အချိန်မှဲ့ ညအခါဖြစ်သည်လည်း တစ်ကြောင်း၊ မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးက မည်ကဲ့သို့အကြံအစည်နှင့် ခေါ်ငင်သည်ကို မသိရှာသေးသည်လည်း တစ်ကြောင်းကြောင့် တုန်လှုပ်လျက်ရှိသည့် အမူအရာနှင့် လိုက်ပါလာခဲ့ရှာလေ၏။

ရှစ်နာရီ ထိုးချိန်နီးသဖြင့် "ပစ်ချားပဲလေ့စ်" အရိပ်ပြပွဲရုံအနီးသို့ ရောက်လေလျှင် မောင်စံရှားလည်း မော်တော်ကားကို ရပ်စေပြီးနောက်

"ကိုင်း ခြေကျင်လျှောက်ကြမှ တော်မယ်ထင်တယ်ဗျို့။ ဟေ့ သူငယ် ဒီနေရာက စောင့်ရစ်နော်။ ငါတို့ ပြန်မလာရင်လည်း နက်ဖြန် ငါ့အိမ် မင်းလာခဲ့။ စောင့်နေတဲ့အတွက်ပါ ငါပေးမယ်" ဟု မော်တော်ကားမောင်းသူ သူငယ်အား မှာထားခဲ့ပြီးနောက် ကျွန်တော်တို့သည် မနှင်းညွန့်ကို အလယ်မှာ ထား၍ အရိပ်ပြရုံရှိရာသို့ လျှောက်လာခဲ့လေ၏။ ရုံရှေ့သို့ရောက်လေလျှင် မှောင်ရိပ်မှ လူတစ်ယောက်သည် ရုတ်တရက် ထွက်ပေါ်လာပြီးလျှင် ကျွန်တော် တို့ရှိရာသို့ ချဉ်းကပ်လာပြီးနောက် သူငယ်မအား

"မနှင်းညွန့်ဆိုတာ မှန်တယ်၊ ဟုတ်ပါသလားခင်ဗျာ"

**ညွန့်**။ ။ "ဟုတ်ပါတယ်ရှင်"

**ထိုသူ**။ ။ "ဒီက နောင်တော်များက မနှင်းညွန့် မိတ်ဆွေများလား"

**ညွန့်**။ ။ "ဟုတ်ပါတယ်ရှင်" ဟု ပြောလျှင် ထိုသူလည်း ကျွန်တော်နှင့် မောင်စံရှားတို့အား အတန်ကြာအောင် စိုက်၍ ကြည့်ပြီးနောက်

mgyoe.com

mgyoe.com


"သည်းခံပါ မနှင်းညွှန့်ခင်ဗျာ။ ကျွန်တော် တစ်ဆိတ် မေးပါရစေ။ ဒီက မိတ်ဆွေများဟာ ပုလိပ်အရာရှိများ မဟုတ်ဘူးနော်"

ညွှန့်။ ။ "မဟုတ်ပါဘူးရှင်၊ စိတ်ချပါ"

ထိုအခါ ထိုသူလည်း ပါးစပ်ကို လက်ဖြင့်ကပ်ပြီးနောက် သုံးကြိမ်မျှ လေချွန်လိုက်သည်တွင် အမိုးအကာတို့ဖြင့် လုံခြုံစွာ အုပ်မိုးကာရံလျက်ရှိသော မော်တော်ကားတစ်စီးသည် ရုတ်တရက် ဆိုက်ရောက်လာပြီးလျှင် ကျွန်တော်တို့၏ အနီး၌ ရပ်လေ၏။ ၎င်းနောက် ထိုသူလည်း မော်တော်ကားမောင်းသူနှင့်အတူ ရှေ့မှထိုင်လျက် ကျွန်တော်တို့အား တက်ရန် လက်ပြသည်တွင် ကျွန်တော်တို့ သုံးဦးလည်း မော်တော်ကားအတွင်းသို့ ဝင်ရောက်ကြရလေ၏။ ၎င်းနောက် မော်တော်ကားလည်း လျင်မြန်စွာမောင်းနှင်၍ သွားရာ ကျွန်တော်တို့မှာ မည်သည့်ကိစ္စနှင့် မည်သည့်အရပ်သို့ သွားရောက်ရသည် မသိဘဲ မျက်စိမှိတ်လျက် လိုက်ပါသွားကြရလေ၏။

မော်တော်ကားလည်း ထွက်လာသည်နှင့် တစ်ပြိုင်နက် မြောက်အရပ်သို့ မျက်နှာမူလျက် ထွက်လာခဲ့ရာ ကြည့်မြင်တိုင်ကို ကျော်လွန်၍ ကြံတောသချိုင်းသို့ လွန်ပြီးနောက် ကုက္ကိုင်းကန်သို့ ရှေ့ရှုတူရှု မျက်နှာမူလျက် လာခဲ့လေ၏။ ယင်းကဲ့သို့ အင်းစိန်သို့သွားသော လမ်းမကြီးအတိုင်း မောင်းနှင်လာခဲ့၍ ခရီးအတန်ငယ်ပေါက်ရောက်ခဲ့လေလျှင် မော်တော်ကားသည် ရုတ်တရက် အရှိန်သတ်ပြီးနောက် ဝင်းခြံကြီးတစ်ခုအတွင်းသို့ ဝင်၍ အလွန်တရာ ကောင်းမွန်ကြီးမားသော ဘိုအိမ်ကြီးတစ်ဆောင်၏ ရှေ့၌ ရပ်တန့်လေ၏။ မော်တော်ကား ရပ်သည်နှင့် တစ်ပြိုင်နက် ကုလားလူမျိုး အစေခံတစ်ယောက်လည်း အိမ်ပြင်သို့ ထွက်လာ၍ သခင်က စောင့်ဆိုင်းလျက်ရှိကြောင်း ပြောဆိုပြီးလျှင် ကျွန်တော်တို့အား ခေါ်ငင်သွားရာ ကျွန်တော်တို့လည်း ကုလားအစေခံနှင့် အိမ်တွင်းသို့ ဝင်သွားကြပြီးနောက် တစ်ခုသောအခန်းတွင်းသို့ ဆိုက်ရောက်ကြလေ၏။

၎င်းအခန်းတွင်း၌ကား အလွန်တရာ ကောင်းမွန်လှသော ဗီရိုကြီး၊ ကော်ဇောကြီး၊ ခန်းဆီးကြီး အစရှိသည်တို့သည် တောက်ပစွာ ထွန်းလင်းလျက်ရှိသော ဓာတ်မီးရောင်တွင် အလွန်တရာ သားနားစွာရှိနေသည်ဖြစ်သော တစ်ခုသော ပက်လက်ကုလားထိုင်၌ ထိုင်လျက်ရှိသော လူတစ်ယောက်လည်း ကျွန်တော်တို့အား "ကြွကြပါခင်ဗျာ၊ ထိုင်ကြပါခင်ဗျား" စသည်ဖြင့် နေရာထိုင်ခင်းပေးကာ ဧည့်ခံလေ၏။ ထိုသူမှာ အသက်ပင် မကြီးလှသေးသော်ငြားလည်း ဦးခေါင်းအလယ်၌ ဆံပင်တို့သည် တစ်ပင်မျှ မပေါက်ဘဲ တောက်ပြောင်လက်စွာရှိလျက် စကားပြောသောအခါ၌လည်း မျက်နှာကို ရှုံ့မဲ့ကာ ပြောဆိုတတ်လေသည်။ ထိုသူမှာ

mgyoe.com

mgyoe.com

နှုတ်ခမ်းတွဲတွဲ သွားခေါခေါနှင့် ရှိနေသည်ဖြစ်ရာ ရယ်မောသည့်အခါ၌ မိမိ၏ သွားများကို လူမြင်မည်စိုးသည့် လက္ခဏာဖြင့် လက်တစ်ဖက်ဖြင့် ပါးစပ်ကို ဖုံးကွယ်ကာ ရယ်မောလေ့ရှိ၏။

ကျွန်တော်တို့သည် ကုလားထိုင်တစ်ခုစီတွင် ထိုင်ကြပြီးနောက် ထိုသူက "မနှင်းညွန့်ဆိုတာ မှတ်တယ်။ ကြားဖူးပါရဲ့ခင်ဗျာ။ လူကိုသာ ယခုမှ မြင်ဖူးရပါတယ်။ ကျွန်တော့်နာမည်ကတော့ မောင်ဘိုးကဲပါတဲ့ခင်ဗျာ။ ဂျမဒါ ဦးထွန်းကျော်ရဲ့ သားပါပဲ။ သားချင်း သမီးချင်း မတွေ့မမြင်ဖူးကြသော်လည်း အဖချင်းကတော့ဖြင့် အင်မတန်မှ အကျွမ်းတဝင် ရှိခဲ့ကြဖူးပါတယ် မနှင်းညွန့် ဗျာ။ မနှင်းညွန့်လည်း သိပြီးပဲထင်ပါရဲ့"

ညွန့်။ ။ "သိပါတယ်ရှင်"

ကဲ။ ။ "ဒါထက် ဒီက နှစ်ယောက်က မနှင်းညွန့်ရဲ့ မိတ်ဆွေများပဲ မှတ်တယ်"

ညွန့်။ ။ "မှန်ပါတယ်ရှင်၊ ဒီက ဦးစံရှားတဲ့။ ဒီဟာက ဦးသိန်း မောင်တဲ့"

ကဲ။ ။ "ကျွန်တော်ပေးလိုက်တဲ့စာကို ရရဲ့နော်"

ညွန့်။ ။ "ရလို့ မှာတဲ့အတိုင်း လာရောက်ခြင်း ဖြစ်ပါတယ်ရှင်"

ကဲ။ ။ "တခြားကိစ္စ မဟုတ်ဘူးဗျ။ မနှင်းညွန့်အဖေ ဦးသာဟန် ကိစ္စပေါ့။ ဦးသာဟန်တော့ဖြင့် မရှိရှာဘူး။ သို့သော်လည်း မိန်းကလေး ရသင့်ရခွင့် ရှိသလောက်ကိုတော့ ကျုပ်အစ်ကို ကိုဘိုးရွှဲက ဘယ်လိုပင် ကန့်ကွက်သော်လည်း ကျုပ်က မရ ရအောင် လုပ်ပေးပါမယ်ဗျာ။ စိတ်သာချပါ။ မိတ်ဆွေများ ပါ လာကြတာလည်း ခပ်ကောင်းကောင်းပါပဲဗျာ။ ကျွန်တော်ပြောသမျှကို သက်သေ အဖြစ်နဲ့ နားထောင်မှတ်သားတော်မူကြပါ။ သို့သော်လည်း ခင်ဗျားတို့ ပုလိပ်ဖြင့် မဟုတ်ကြဘူးနော်။ ပုလိပ်ပါရင်ဖြင့် ဘိုးရွှဲခ ပြောလို့ မရပေဘူးဗျ။ သူက လူသိမှာ အင်မတန်စိုးတယ်"

ရှား။ ။ "စိတ်ချပါ မိတ်ဆွေ။ ကျုပ်တို့အတွက်တော့ကို အင်မတန် စကားလုံတဲ့လူတွေပါဗျ"

ကဲ။ ။ "ကောင်းပါလေဗျာ။ ကောင်းပါလေရဲ့။ ဒီလိုခင်ဗျ။ ရှေးဦး စွာ မနှင်းညွန့်ထံ ကျွန်တော် စာရေးပြီး ပို့ခဲ့စဉ်အခါက ကျွန်တော့်နေရပ်ကို တစ်ခါတည်း ထည့်ပြီး ရေးပေးလိုက်မယ်လို့ ကြံစည်မိပါရဲ့။ သို့သော် ရှုပ်ရှုပ် ယှက်ယှက်လူမျိုးတွေ ခေါ်ပြီးလာမှာ ကျွန်တော်က စိုးရိမ်လို့ နေရပ်ကို တစ်ခါ

mgyoe.com

mgyoe.com

တည်း မပြောသေးဘဲ ကျေနပ်အောင် ကျွန်တော့်လူက ကြည့်ပြီးတဲ့အခါမှ ခေါ်ခဲ့ဖို့ စီမံတာကိုးခင်ဗျ။ တခြားကြောင့် မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော်က ဆူဆူညံညံ ရှုပ်ရှုပ်ယှက်ယှက် ကြိုက်တဲ့လူ မဟုတ်ဘူးခင်ဗျ။ ပုလိပ်တွေ ခေါ် လာခဲ့မှဖြင့် အလကား ဆူဆူညံညံဖြစ်ကုန်ကြမှာ ကျွန်တော်က စိုးရိမ်လို့ပါ ခင်ဗျာ"

ညွှန့်။ ။ "ကောင်းလှပါပြီရှင်။ သို့သော် အချိန်က နည်းနည်းလင့်လို့မို့ ကိစ္စကို မြန်မြန် တစ်ဆိတ်လောက် ပြောပြပါရှင်။ တောင်းပန်ပါရစေ"

ကဲ။ ။ "စိတ်ချပါ။ ပြောပါမယ်။ သို့သော် နည်းနည်းတော့ အချိန် ကြာလိမ့်မယ်ဗျ။ သည်းခံတော့။ မနှင့်ညွှန့်မှာလည်း အဖော်တွေ ပါသားကပဲ။ ဒီကကိစ္စပြီးလျှင် အစ်ကိုကြီး ဘိုရွဲဆီ သွားကြရဦးမယ်ဗျ။ ကျွန်တော့်အစ်ကို က အင်မတန် လောဘကြီးတဲ့လူတစ်ယောက်ပဲ။ မနည်းစစ်တိုက်ကြရဦးမယ်။ စိတ်ထွက်ပြီဆိုမှဖြင့် ကျုပ်အစ်ကိုက အင်မတန် ကြောက်စရာကောင်းတဲ့လူခင်ဗျ။ ဘယ်လိုများ အပြောအဆိုကျပ်တဲ့ လူတစ်ယောက်မှန်း မသိဘူး"

ကျွန်တော်။ ။ "ခင်ဗျားအစ်ကိုက ဘယ်အရပ်မှာလဲ"

ကဲ။ ။ "မြို့ပတ်လမ်းမှာ ခင်ဗျ"

ကျွန်တော်။ ။ "ကိုင်း ဒါဖြင့် သွားရမယ့်အတူတူ တစ်ခါတည်းသွားကြ စို့။ လာဗျာ"

ကဲ။ ။ "ဒီလိုလည်း မဖြစ်ဘူးခင်ဗျ။ ခင်ဗျားတို့ကို ဖြုန်းခနဲ ကျွန်တော်က ခေါ်သွားပြီးရင် သူက ဘာပြောဦးမယ် ကျွန်တော် မသိတတ်ဘူး။ ဒ့ိပြင်တစ်ချက်ကလည်း ဒီအဖြစ်အပျက်တွေကို ကျွန်တော်လည်း အကုန်အစင် မသိသေးဘူး။ သိသလောက်သာ ကျွန်တော်သိတယ်။ ဒီတော့ ကျွန်တော် သိသလောက်ကို ကျွန်တော်က ပြောပြပြီး ဘယ်ပုံဘယ်နည်း စီမံကြမယ်ဆိုတာ မိတ်ဆွေတို့က ဆုံးဖြတ်ကြစေချင်ပါတယ်ခင်ဗျာ"

ရှား။ ။ "ကိုင်းဗျာ၊ ပြောစရာရှိရာ မြန်မြန်ပြောစမ်းပါ"

ကဲ။ ။ "ပြောပါမယ်ခင်ဗျာ။ ကျွန်တော်တို့အဖေက လွန်ခဲ့တဲ့ စစ်ကြီး အတွင်းမှာ စစ်မှုထမ်းရွက်ခဲ့ပါတယ်ခင်ဗျာ။ စစ်ဖြစ်သည့်အခါက အဖေမှာ အသက်ပင် ကြီးသော်လည်း ရှေးမြန်မာမင်းလက်ထက်ကတည်းက စစ်မျိုးစစ်နွယ် ဖြစ်လေတော့ အစိုးရမင်းများက အသက်ပင်ကြီးသော်လည်း အမှုထမ်းခွင့်ပြုခဲ့ ပါတယ်ခင်ဗျာ။ ဒါနဲ့ ကျွန်တော်တို့အဖေ လိုက်ပြီးသွား။ စစ်မြေပြင်မှာ မကျန်း မမာရှိတာနဲ့ စစ်ကြီးမပြီးခင် ခြောက်လလောက်မှာပဲ ပြန်လာခဲ့ရပါတယ်ခင်ဗျာ။ စစ်ထဲမှာ အမှုထမ်းရွက်စဉ်အခါက လခများ ဘယ်လောက်ရတယ် မပြောတတ်

mgyoe.com

ပါဘူး။ ပြန်လာတော့ဖြင့် ငွေတော်တော်များများကြီး ပါလာတဲ့ လက္ခဏာရှိတယ်ခင်ဗျ။ ပြန်လို့ ခဏလောက်ကြာရင်ပဲ မြို့ပတ်လမ်းမှာ အိမ်ကြီးတစ်ဆောင်ဝယ်၊ ဒီကခြံကိုလည်းဝယ်၊ ဝယ်ပြီး အင်မတန် ခမ်းခမ်းနားနားနေထိုင်ခဲ့ပါတယ်ခင်ဗျာ။ ကျွန်တော်တို့လည်း စစ်မှုထမ်းရွက်တယ်ဆိုတာ တစ်ဝမ်းတစ်ခါးလှလှ စားနိုင်သောက်နိုင်ရုံလောက် ထင်ပါတယ်။ အဖေမှာတော့ ကြေးငွေတွေ ပါလှချေကလားလို့ အံ့သြမိပါရဲ့။ အံ့သြသော်လည်း ဘယ်နည်းနဲ့ရရလေ။ ကောင်းကောင်းမွန်မွန် နေရထိုင်ရလို့ လှလှပပ သုံးစွဲရရင် ပြီးရောလို့ဘာမှ မေးခြင်း မြန်းခြင်း မလုပ်ခဲ့ဘူးခင်ဗျ။ ကျွန်တော်တို့မှာ ညီအစ်ကို နှစ်ယောက်ရှိပါတယ်ခင်ဗျာ။ ဘိုးရွှဲတဲ့ ဘိုးကဲတဲ့။ အမြွှာမွေးခင်ဗျ။ ဒါနဲ့ ကျွန်တော်တို့အဖေ့ မိတ်ဆွေ ဦးသာဟန်တစ်ယောက် ပျောက်ဆုံးသွားတယ်လို့ သတင်းစာတွေထဲမှာတွေ့တော့ ဘယ်နည်းနဲ့ ပျောက်ခြင်းမလှ ပျောက်ရလေသလဲလို့အဖေ့ရှေ့မှာ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် တိုင်ပင်နှီးနှောကြတော့ အဖေကလည်း ဘာမှ ဝင်ပြီးမပြောဘူးခင်ဗျ။ ပြောတော့ ပြောပါရဲ့လေ။ သူလည်းပဲမသိတဲ့ဟန်နှင့် တစ်ခွန်းနှစ်ခွန်း ဝင်ပြီးပြောပါရဲ့။ သို့သော်လည်း ဦးသာဟန်ပျောက်ဆုံးတဲ့အကြောင်းဟာ ဘာကြောင့်ပျောက်ဆုံးမှန်း ကျွန်တော်တို့အဖေသိရှိကြောင်းကို ကျွန်တော်တို့ဖြင့် နည်းနည်းမှ မရိပ်မိဘူးခင်ဗျ။ သို့သော်လည်း ကျွန်တော်တို့ တစ်ခုတော့ ရိပ်မိတယ်ခင်ဗျ။ ဘာလဲဆိုတော့ ကျွန်တော်တို့အဖေဟာ စစ်ထဲက ပြန်လာပြီးတဲ့နောက် တစ်စုံတစ်ခုသော ဘေးဥပဒ်အန္တရာယ်ကိုအစဉ်မပြတ် ကြောက်ရွံ့နေတဲ့ လက္ခဏာရှိတယ်။ ဘာရယ်လို့တော့ မဆိုနိုင်ဘူး။ တစ်စုံတစ်ခုကိုတော့ သူ အမှန်ကြောက်နေတဲ့ လက္ခဏာပဲ။ ဘာကြောင့် ကျွန်တော်တို့ သိသလဲဆိုတော့ ကျွန်တော်တို့အဖေဟာ အရင်တုန်းက အင်မတန်သတ္တိကောင်းသော်လည်း စစ်ထဲကပြန်လာပြီးတဲ့နောက် တစ်ယောက်တည်းတောင်မှ လမ်းမလျှောက်ဝံ့ဘူးခင်ဗျ။ ပြီးတော့လည်း ကောင်းပေ့ဆိုတဲ့ လက်ဖွေ့သတ်သမားနှစ်ယောက်ကို တံခါးမှာ အစောင့်ထားတယ်။ ဆိုးပေ့ဆိုတဲ့ ခွေးကြီးများကိုလည်း ဝယ်ပြီးမွေးထားတယ်။ သေနတ်လိုင်စင်ကိုလည်း မရ ရအောင်လျှောက်တောင်းပြီး ခါးပိုက်ထဲက ဘယ်အခါမှ မချဘူး။ ဒီဟာတွေမြင်တော့ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် အကျိုးအကြောင်းကို မေး။ မေးပေမဲ့ မပြောဘူးခင်ဗျ။ ပြီးတော့လည်းပဲ ကျွန်တော်တို့အဖေက သစ်သားခြေထောက်နဲ့လူများမြင်ရင် အင်မတန် လန့်တတ်တယ်ခင်ဗျ။ ဟိုတလောက လူတစ်ယောက်မီးရထားနင်းမိရှာလို့ ခြေထောက်မှာ သစ်သားကြီးတပ်ပြီး တောင်းစားနေရှာတာ။

mgyoe.com

mgyoe.com


အဖေက မြင်တာနဲ့ ဘာများအောက်မေ့တယ် မပြောတတ်ပါဘူးခင်ဗျာ။ ခြောက်လုံးပြူးနှင့် သွားပစ်လိုက်တာ ကံကောင်းလို့ မမှန်ပေလို့။ ဒါတောင် ကျွန်တော်တို့မှာ ပုလိပ်တွေဘာတွေ ငွေတွေ ထိုးလိုက်ရတာ တော်တော်ပိုက်ဆံကုန်သွားသေးတယ်။ ဟိုတုန်းကတော့ သည်သစ်သားခြေထောက်ကို ဘာကြောင့်အဖေ ဒီလောက်မုန်းပါလိမ့်မတုံးလို့ အောက်မေ့မိတယ်။ နောက်ကျတော့မှ ဒီအဓိပ္ပာယ် ရိပ်မိတာကိုးခင်ဗျ။ ဒါနဲ့ ပြောရဦးမယ်။ ဒီက မနှင်းညွန့်ရဲ့အဖေ ဦးသာဟန် ပျောက်ဆုံးကြောင်း ကျွန်တော်တို့ သိရပြီးတဲ့နောက် သုံးလလောက်အကြာမှာ တစ်နေ့သ၌ ထမင်းစားပြီးနေကြတုန်း အဖေ့နာမည်နဲ့စာတစ်စောင် ရတယ်ခင်ဗျ။ စာရလို့ ဖွင့်ပြီးလည်း ဖတ်ကရော အဖေလည်း မျက်နှာများမည်းပြီး တုန်တုန်ယင်ယင်နဲ့ အခြေပျက်သွားလိုက်တာ ကျွန်တော်တို့က ဘာအကြောင်းလဲလို့ မေးလို့လည်း မရဘူးခင်ဗျ။ ဒီနေ့ကစပြီး ကျွန်တော်တို့အဖေ မကျန်းမမာဖြစ်လိုက်တာ အသက်သို့သာ တိုင်ပါရောခင်ဗျာ။ ဒီစာလည်း ကျွန်တော်တို့ မမြင်ရပါဘူး။ ဒီလိုနဲ့ တဖြည်းဖြည်း တပိန်ပိန် တညှော်ညှော်နဲ့ ဖြစ်ပြီး နှစ်လလောက်အကြာမှာ အိပ်ရာထဲ တုံးလုံးလဲပါရောခင်ဗျာ။ ဒါနဲ့ တစ်နေ့သ၌တော့ ကျွန်တော်တို့အဖေမှ အမောကြီးဆိုက်ပြီး သေမယ်လို့ဆဲဆဲဖြစ်နေလေတော့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်လည်း အနားက မခွာဘဲ ပြုစုနေခဲ့ကြ။ ညရှစ်နာရီကျော်အချိန်လောက်မှာ တံခါးတွေ အပိတ်ခိုင်းပြီး ကျွန်တော်တို့နှစ်ယောက်ကို အနားခေါ်ပြီး ပြောပါရောခင်ဗျာ။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်လည်း ခုတင်တစ်ဖက်တစ်ချက်က ဒူးထောက်ပြီး နားထောင်နေကြတယ်ခင်ဗျ"

ရှား။ ။ "ဘာများပြောသလဲဗျာ၊ ပြောစမ်းပါ"

ကဲ။ ။ "ဒီလိုခင်ဗျ။ ငါ့သားများရယ်တဲ့။ အဖေ့မှာ ယခု စိတ်မအေးတဲ့ အချက်တစ်ခု ရှိတယ်တဲ့။ ဒီအချက်က ဘာလဲဆိုတော့ ဦးသာဟန်ရဲ့သမီး မနှင်းညွန့်ကလေးကို အဖေက မတရားသဖြင့် နစ်နာအောင် ပြုကျင့်ခဲ့မိတယ်တဲ့။ အဖေ့မှာ ပစ္စည်းဘဏ္ဍာတွေ များစွာရှိတဲ့အနက်က မနှင်းညွန့်ကလေးက တစ်ဝက်မျှ ရထိုက်သော်လည်း အဖေက လောဘထွက်ပြီး တစ်ပြားတစ်ချပ်မှ ခွဲဝေပြီးမပေးဘဲ နေခဲ့မိတယ်တဲ့။ လောဘ၊ လောဘ တယ်ခက်ပါကလားတဲ့။ ကိုယ်လည်း ကုန်အောင်မသုံးနိုင်။ သူများလည်း ခွဲဝေပြီး မပေးရက်။ တယ်ခက်ပါကလားတဲ့။ ပြောပြီး ခေါင်းအုံးအောက်က ကနုကမာသေတ္တာကလေး တစ်လုံးထုတ်ယူပြပြီး ဒီအထဲမှာ ပုလဲကောင်း ပုလဲမြတ် ၃၀ မျှကို မနှင်းညွန့်ထံ ပေးပို့ဖို့ အဖေကြံခဲ့သော်လည်း ပေးခါနီးကျရင် လက်တုန်တုန်ပြီး မပေးရက်နိုင်

mgyoe.com

mgyobe.com

ဘူးတဲ့။ ဒီတော့ ငါမရှိတဲ့နောက်ကို မင်းတို့က ပေးပို့ရစ်ကြပါကွယ်တဲ့။ ပြီးတော့မှ တစ်ခါ အဖေက မနှင်းညွန့်နဲ့ ငါတို့နဲ့ ဆက်သွယ်ပုံအကြောင်း ပြောပြဦးမယ်တဲ့။ မနှင်းညွန့်အဖေ ဦးသာဟန်က နှလုံးရောဂါ စွဲနေတယ်တဲ့။ စွဲကပ်ပေမဲ့ ဒီအကြောင်း ဘယ်သူမှမသိဘူး။ ငါတစ်ယောက်သာသိတယ်။ သူလည်း ခပ်ပေါ့ပေါ့နဲ့ နေခဲ့တာပေါ့လေ။ ဒါနဲ့ စစ်မြေပြင်မှာ အတူတကွ ထမ်းရွက်နေကြတုန်း ငါတို့နှစ်ယောက် ပစ္စည်းဘဏ္ဍာများစွာတို့ကို အတူတကွရရှိကြတယ်။ ဘယ်ပုံဘယ်နည်းနဲ့ ရတယ်ဆိုတာကိုတော့ အဖေပြောပြဖို့ အချိန်မရှိဘူး။ ဒါနဲ့ အဖေက အရင်ပြန်နှင့်လို့ ပစ္စည်းတွေယူပြီး လာနှင့်ခဲ့။ နောက် သူရောက်လာတော့ သူ့အတွက် အစု သူလာပြီး တောင်းတာပေါ့လေ။ တောင်းလာတော့ ငါတို့နှစ်ယောက် အဝေမညီကြဘူးပေါ့။ အဝေမညီလေတော့ တစ်ယောက် တစ်ယောက် မိုးလားကဲလားနှင့် စကားများပြီးနေကြတုန်း ဖြုန်းခနဲဆို သူငယ်ချင်းမောင်သာဟန်က ဒေါသတကြီးနှင့် ထိုင်ရာက ထလိုက်ပါရောကွယ်။ ထလိုက်သည်နဲ့ တစ်ပြိုင်နက် သူ့ရင်ဘတ် သူနှိပ်ပြီး ရှေ့ထိုးအသွား၊ ငါလည်း ဆီးပြီး ဆွဲလိုက်မယ် လုပ်တုန်း မဆွဲမိဘူးဟေ့။ မျက်နှာနဲ့ ကျသွားရာပြီး သံသေတ္တာနဲ့ ခေါင်းနဲ့ ဆောင့်သွားပြီး ကြမ်းပေါ်မှာ ပက်လက်ကြီး စင်းနေပါရောဟေ့။ ဒီတော့ အဖေက ထူမယ်လို့လည်း လုပ်ပါရော အသက်လည်း မရှိရှာပါဘူး။ ခုနကပြောတဲ့ နှလုံးရောဂါနှင့်ပဲ သေရှာလေသလား၊ သေတ္တာနဲ့ ဆောင့်မိလို့ သေရှာလေသလား အဖေဖြင့် မပြောတတ်ဘူးကွယ်။ သို့သော် အဖေ့လက်ချက်ကြောင့် သေရှာတာဖြင့် မဟုတ်ပါဘူးကွယ်။ အဖေလည်း သေခါနီး ငါ့သားများကို လိမ်ပြီးမပြောပါဘူး။ ဒါနဲ့ အဖေလည်း ဘယ့်နှယ်လုပ်ရမယ်မသိ။ ဒါနဲ့ အံ့အားသင့်ပြီးနေတုန်း အိမ်မှာ ခိုင်းတဲ့ အစေခံပြေးက အခန်းထဲ ဝင်ပြီးလာတာကိုးကွဲ့။ လာလာချင်း သူက တံခါးကိုပိတ်တဲ့ပြီး ဆရာရေ့ ဘာမှမစိုးရိမ်နဲ့။ ကျွန်တော်တစ်ယောက်လုံးရှိသေးတယ်တဲ့။ ဆရာသတ်ကြောင်း ဘယ်သူမှ မသိစေရဘူး။ ကျွန်တော် နှုတ်လုံပါတယ် ဆရာရဲ့တဲ့။ ဒီတော့ သည်အလောင်းကို အသာကလေး မြှုပ်ပစ်လိုက်လျှင် ပြီးရောမဟုတ်လား ဆရာရယ်တဲ့။ ပြောတာကိုးကွဲ့။ ဒီတော့ ငါက ငါမသတ်ကြောင်းပြောတော့ သူက ကျွန်တော်သိပါတယ် ဆရာတဲ့။ ဆရာတို့ လက်ဦး စကားများရော၊ များပြီး ဆရာက ရိုက်လိုက်တဲ့အသံ ကျွန်တော် ကြားပါတယ်၊ မကွယ်ပါနဲ့ဆရာ။ ကျွန်တော့်ကို ယုံကြည်ပါ။ နှုတ်လုံပါတယ်။ ကိစ္စမရှိပါဘူး။ တစ်အိမ်လုံးလည်း အိပ်ကုန်ကြပါပြီ။ အလောင်းကို အသာကလေး လူမသိအောင် မြှုပ်ပစ်လိုက်လျှင် ပြီးရောမဟုတ်ဘူးလားတဲ့။ ပြောတာကိုးကွဲ့။

mgyoe.com


သည်တော့ ကိုယ့်အစေခံကတောင် ကိုယ်သတ်တယ်ထင်နေပြီး ဥစ္စာ။ ရုံးကျလျှင်လည်း ငါ့စကားကို ယုံကြမယ်မဟုတ်ချေဘူး။ မယုံမှဖြင့် ငါ ခက်ချေရဲ့လို့ အောက်မေ့ပြီး ငပြားအကြံအတိုင်း လိုက်နာပြီး အလောင်းကို ဆရာတပည့်နှစ်ယောက် ညတွင်းချင်း ဝင်းထဲမှာ တူးပြီး မြှုပ်လိုက်ကြတာကိုးကွဲ့." ဟု မောင်ဘိုးကဲလည်း သူ့အဖေပြောသည့်အတိုင်း ပြန်ပြောင်းပြောဆိုလျက် ရှိစဉ် မနှင်းညွန့်ကလေးလည်း ဖခင်၏အကြောင်းများကို ကြားသိရသည်နှင့် မျက်ရည်မဆည်နိုင်အောင် ရှိနေရှာလေ၏။

ငင်းနောက် မောင်ဘိုးကဲလည်း ဆက်လက်၍ "ကိုင်း၊ ဒီတော့ ဒီအမှုမှာ ကျွန်တော်တို့အပြစ် မဟုတ်ကြောင်း ထင်ရှားပြီမဟုတ်လားခင်ဗျာ။ ဒါနဲ့ အဖေက ပြောတာ ဆက်ပြီး ကျွန်တော် ပြောပါရစေဦး။

"ငါတို့လည်း အလောင်းကို တူးပြီး မြှုပ်၊ မြှုပ်ပြီးတော့ လောဘထွက်လာပြန်တာကိုးကွဲ့။ ဒီအလောင်းကို ဖုံးဖိနိုင်လျှင် ပစ္စည်းကိုလည်း ငါမဖုံးဖိနိုင်ဘူးလားတဲ့။ ဒီတော့ သည်ပစ္စည်းတွေ ဆိုင်ရာ အမွေခံ အမွေစားများကို ခွဲဝေပြီး မပေးဘဲ ငါချည်း တစ်ယောက်တည်း ယူရလျှင် ဘယ်သူက သိနိုင်ဦးမှာလဲတဲ့။ ဗွေဖောက်လာပြန်တာကိုးကွဲ့။ ကိုင်း ကိုင်း ပြောနေ စကားရှည်နေရော့မယ်။ ငါ အသက်ရှင်စဉ်အခါ လောဘနိုင်ငံလိုက်ပြီး ပေးသင့်သည့်ပစ္စည်းများကို သူ့သမီးကလေးအား မပေးဘဲရှိခဲ့သော်လည်း ငါသေပြီးတဲ့နောက် မင်းတို့က မနစ်နာရအောင် ပြုစုစောင့်ရှောက်ရစ်ကြပါကွယ်။ ငါ့သားများ ပစ္စည်းများအနက်က တစ်ဝက်ကို သူ့သမီးထံ ပေးပို့လိုက်ကြပါဘိကွယ်။ ကဲ ကဲ ပစ္စည်းထားတဲ့နေရာ အဖေ ပြောပြဦးမယ်။ နားထောင်၊ မင်းတို့နား အဖေပါးစပ်နား ကပ်ကြစမ်းကွယ်။ ပစ္စည်းထားတဲ့နေရာကလေးလို့ ပြောကာရှိသေးတယ်။ ဖြုန်းခနဲဆို မျက်လုံးကြီးတွေ ပြူးပြီးလာတာကိုးခင်ဗျ။ လာပြီး လှဲနေရာက လက်ထောက်ပြီး ပထမလို့လုပ်ရာ ပြတင်းပေါက်ဆီကို လက်ညှိုးထိုးပြီး ဟို အကောင် မဝင်ပါစေနဲ့။ လုပ်ကြပါကွယ်ရို့။ ဟိုအကောင် မဝင်ပါစေနဲ့လို့ ကြောက်အားလန့်အားနဲ့ ဟစ်ပြီး အော်တာကိုခင်ဗျ။ ဒီတော့ ကျွန်တော်တို့ လည်း ပြတင်းပေါက်ရှိရာ ဖြုန်းခနဲ ကြည့်လိုက်တော့ လား လား ခင်ဗျာ။ ပြတင်းပေါက် အပြင်ဘက်က လူတစ်ယောက် မှန်ပြတင်းနဲ့ မျက်နှာနှင့်ကပ်ပြီး ကျွန်တော်တို့ရှိရာ ကြည့်နေတာ တွေ့ရတာကိုးခင်ဗျ။ ဒီလူ့မျက်နှာက နှုတ်ခမ်းမွေး ကောင်းကောင်းခင်ဗျ။ ကောင်းဆိုခင်ဗျာ၊ ဂျာမန်ဘုရင်ကိုင်ဇာ နှုတ်ခမ်းမွေးမျိုး ပါပဲခင်ဗျ။ မျက်လုံးကလည်း ပြူးတဲ့အပေါ်မှာ အင်မတန် မုန်းထားတဲ့ စိတ်နှင့်

mgyoe.com

mgyoe.com

ကျွန်တော်တို့ကို စိုက်ပြီး ကြည့်နေတာကိုးခင်ဗျ။ ဒီလူမြင်တော့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်လည်း ဖြုန်းခနဲဆို ထပြီး သူရှိရာ ပြတင်းပေါက်ကို ပြေးသွားကြ၊ အနားလည်းရောက်ကရော သူလည်း မရှိဘူးခင်ဗျ။ ဒါနဲ့ ကျွန်တော်တို့လည်း အဖေ့ခုတင်နား ပြန်လာကြ၊ ရောက်လည်း ရောက်ကရော အဖေလည်း အသက်မရှိပါဘူးခင်ဗျာ။ ဒါနဲ့ ကျွန်တော်တို့ညီအစ်ကို နှစ်ယောက် ဒီညက ဝင်းထဲမှာရှာ၊ ဝင်းပြင်မှာရှာ။ ရှာပေမဲ့ ခုနက ပြတင်းပေါက်နားမှာတော့ လက်ယာဘက် ခြေရာတစ်ဖက်ပဲ တွေ့တယ်ခင်ဗျ။ ဒါနဲ့ သည်ညက အဖေ့ အလောင်းပြင်ပြီး အိပ်ကြတော့ မနက်ကျတော့ ကျွန်တော်တို့ အဖေ့သေတ္တာတွေ၊ စားပွဲအံဆွဲတွေ၊ သားရေအိတ်တွေ အကုန်လုံး မွှေထားလိုက်တာ ပွနေတာပဲခင်ဗျ။ ပြီးတော့လည်း အဖေ့အလောင်းမှာ တွယ်အပ်နှင့် စာရွက်ကလေးတစ်ခုကို ထိုးလို့။ စာရွက်ကိုကြည့်တော့ "လေးဦးသား လက်ချက်" လို့ ရေးထားတာကို တွေ့တယ်ခင်ဗျ။ ဒီတော့ ကျွန်တော်တို့လည်း ဒီဟာတွေဟာ ကေန္တ ညက မြင်လိုက်ရတဲ့ လူလက်ချက်ပဲဆိုတာတော့ တွေးမိပါရဲ့၊ သူ့ ဘယ်ဆီရှာရမလဲ မတွေးတတ်ဘူးခင်ဗျ"

ရှား။ ။ "ဘာပစ္စည်းများ ပျောက်သေးသလဲ"

ကဲ။ ။ "ကျွန်တော်တို့ သိသလောက်ဖြင့် ဘာပစ္စည်းမှ မပျောက်ဘူးခင်ဗျ။ ကျွန်တော်တို့ တစ်ခုဖြင့် တွေးမိရဲ့၊ ညက အဖေနဲ့ ကျွန်တော်တို့ မြင်လိုက်တဲ့လူဟာ အဖေ တစ်သက်လုံး ကြောက်ပြီးနေတဲ့လူပဲကိုး ဆိုတာတော့ တွေးမိရဲ့ခင်ဗျ။ သို့သော် ဘာကြောင့်ကြောက်မှန်းတော့ ကျွန်တော်တို့ မတွေးမိဘူးခင်ဗျ" ဟု ပြော၍ မောင်ဘိုးကဲလည်း ဆေးလိပ်ကို ညှိ၍ သောက်ပြီးနောက် ကျွန်တော်တို့၏ အံ့သြသောမျက်နှာများကို ကြည့်ရှုကာ သဘောကျသည့် အမူအရာနှင့် ရှိနေပြီးနောက် ဆက်လက်၍ ပြောပြန်သည်မှာ–

"ကိုင်း ဒီတော့ အဖေလည်း သေသွားပြီ။ ပစ္စည်းတွေလည်း ဘယ်အရပ် ဘယ်နေရာမှာ ဝှက်ထားခဲ့တယ်ဆိုတာ ပြောလည်းမသွားဘူး။ သည်တော့ ဒီပစ္စည်းဟာ ကေန္တ ဝင်းခြံအတွင်း တစ်နေရာရာမှာ မြှုပ်ပြီးထားမှာပဲလို့ သဘောရတာနဲ့ အဖေ့ ဈာပနကိစ္စ ပြီးပြီးချင်း တစ်ဝင်းလုံး၊ တစ်ခြံလုံး တူးလိုက် ဆွလိုက်ကြတာဆိုတာ ဘာပြောကောင်းမလဲခင်ဗျ။ တစ်ဝင်းလုံး ပြတူအုံကျသွားတာပဲ။ သည်လိုနဲ့ ရှာလိုက်ကြတာ သုံးလေးလသာ ရှိသွားပါရောခင်ဗျာ။ ပစ္စည်းဆိုလို့ ဘာအစအနမှ မတွေ့ရဘူးခင်ဗျာ။ ဒီတော့ ကျွန်တော်တို့မှာ ပြောခါနီးဆဲဆဲကလေးမှာမှ အဖေ အသက်ထွက်သွားရလေခြင်းလို့ အင်မတန် ယူကျုံးမရဖြစ်ပြီး မချိမဆံ့ဖြစ်နေတာကိုးခင်ဗျ။ ဒီပစ္စည်းတွေဟာ ဘယ်လောက်

mgyoe.com

mgyoe.com

အဖိုးတန်မယ် မတန်မယ်ဆိုတာတော့ သူပြခဲ့တဲ့ သေတ္တာကလေးတစ်ခု ကြည့်ရုံနှင့် သိနိုင်လောက်တာကိုးခင်ဗျ။ ဒီပုလဲတွေအတွက်လည်း ကျွန်တော့်အစ်ကိုနဲ့ ကျွန်တော်နဲ့ စကားများကြရသေးတယ်ခင်ဗျ။ အစ်ကိုက အဖေ့လိုပဲ အင်မတန် လောဘထွက်တဲ့ လူတစ်ယောက်ပဲခင်ဗျ။ နောက်မှ ကျွန်တော် အတန်တန်ပြောနိုင် လွန်းလို့ မိန်းကလေးမှာ မငတ်မွတ် မဆင်းရဲရအောင် ပုလဲတွေကို တစ်လုံးစီ လိပ်ပြီ ပို့ဖို့ သူ သဘောတူတာကိုးခင်ဗျ၊ ရရဲ့ မဟုတ်လားဗျာ မနှင်းညွန့်"

ညွန့်။ ။ "ရပါတယ်ရှင်၊ ပုလဲဆယ့်နှစ်လုံး ကျွန်မ ရပါတယ်။ ဒီအတွက် လည်း ကျေးဇူးတင်ပါတယ်ရှင်"

ကဲ။ ။ "ကျေးဇူးတင်စရာမရှိပါဘူး မနှင်းညွန့်၊ ကျွန်တော်တို့က ဥစ္စာထိန်းပါ။ မနှင်းညွန့်က ဥစ္စာရှင်ပါ။ ကျွန်တော်တို့မှာတော့ ဒီပစ္စည်းများ အနက် ဘယ်လောက်ထုတ်ပြီး အဖေ သုံးစွဲခဲ့မှန်း မသိ။ ခြံမြေ အိမ်မြေလည်း တော်တော်ပဲ ကျန်ရစ်ရှာပါတယ်ခင်ဗျာ။ ဒီက မနှင်းညွန့်မှာတော့ တစ်ပြား တစ်ချပ်မှ သုံးစွဲရရှာသေးတယ်မရှိ။ ဒီဟာလောက်ကလေး ကျွန်တော်တို့ တင်ပို့လိုက်တာများ ကျေးဇူးတင်ဖို့မရှိပါဘူးခင်ဗျ။ သို့ပေမဲ့ အစ်ကိုကြီးက တော့ ကျွန်တော့်လို သဘောမထားဘူးခင်ဗျ။ တယ်ပြီး သူများဥစ္စာနဲ့ သူများ ပေးရတာတောင် နှမြောတဲ့လူပဲ။ ဒါနဲ့ ကျွန်တော်လည်း ဒီအိမ် ပြောင်းလာ ခဲ့ပါရောခင်ဗျ။ သည်လိုနဲ့ တစ်ယောက်တစ်အိမ် နေထိုင်လိုက်ကြတာ မနေ့ ကတော့ သတင်းထူးတစ်ခု ကြားရပါရောခင်ဗျ။ အဖေဝှက်ပြီးထားခဲ့တဲ့ ပစ္စည်း ဘဏ္ဍာတွေ အစ်ကိုကြီးက တွေ့တယ်ဆိုကိုး ခင်ဗျ။ ကြားလေတော့ မနှင်းညွန့် ထံ ကျွန်တော် အကြောင်းကြား၊ အစ်ကိုကြီးလည်း အညီအမျှ ခွဲဝေယူကြဖို့ ပြောခဲ့ပြီးပဲ။ သို့သော် လူ့စိတ်က ခဏခဏပြောင်းလဲတတ်လေတော့ ဘာများ ပြောပြန်ဦးမယ် မသိသေးဘူးခင်ဗျ။ ကျွန်တော်တို့ ဒီကနေ့ည လာကြမယ်လို့ လည်း ကျွန်တော်ပြောခဲ့တယ်။ မျှော်တော့မျှော်နေမှာပဲ။ အဝေညီကြမယ် မညီကြ မယ်တော့ ကျွန်တော် မပြောတတ်ဘူး။ ကိုင်း ဒါပါပဲခင်ဗျာ" ဟု ပြောပြီးနောက် မောင်ဘိုးကဲလည်း ကျွန်တော်တို့အား မျက်နှာအကဲခတ်လျက်ရှိလေလျှင် ကျွန် တော်တို့မှာလည်း အထက်ပါ ထူးဆန်းလှသော အခြင်းအရာများကို ကြားရ သဖြင့် တွေးတောကာ ရှိနေကြရာမှ မောင်စံရှားလည်း ထိုင်ရာမှ ထ၍-

"တော်ပါပေတယ်ဗျာ ကိုဘိုးကဲ၊ ခင်ဗျား သဘောရိုးဖြောင့်ပုံ ချီးမွမ်းမိပါ ပေတယ်။ ကိုင်း ကိုင်း ခင်ဗျားလည်း ခင်ဗျားသိသလောက် ပြောပြီးပေပြီ။ ခင်ဗျား မရှင်းလင်းတဲ့ အချက်ကလေးများ ကျုပ်တို့ ကူပြီး ရှင်းနိုင်မလား

mgyoe.com

မသိသေးဘူး။ ကဲ လာကြဗျာ။ ညဥ့်လည်း တော်တော်နက်သွားပြီ။ ကိစ္စပြီး အောင်ဟာ ကိုဘိုးရွဲအိမ်ကို သွားလိုက်ကြဦးစို့”

ထို့နောက် မောင်ဘိုးကဲလည်း အဝတ်များ လဲလှယ်၍ ကျွန်တော်တို့ လေးဦးသားသည် ယခင်က မော်တော်ကားနှင့် ထွက်လာခဲ့ကြပြန်လေရာ လမ်းခရီးတွင် မောင်ဘိုးကဲလည်း ပါးစပ်ကို ခေတ္တမျှ ပိတ်၍ မနေဘဲ မရပ်မစဲ စကားပြောလျက် ရှိလေ၏။

“ကျွန်တော်တို့အစ်ကိုက ဒီပစ္စည်းကို ရှာတဲ့နေရာမှာ အင်မတန် ဖွဲကောင်းတဲ့ လူတစ်ယောက်ပဲခင်ဗျ။ ဝင်းခြံထဲမှာ နံ့နေအောင် လိုက်ပြီးတူးလို့ မတွေ့တော့ ဘယ့်နှယ်လုပ်သလဲ သိသလား။ အိမ်ထဲမှာ ဟိုနံရံခေါက် သည်နံရံဖောက် ဟိုကြမ်းခေါက် သည်ကြမ်းဖောက်နှင့် နောက်ဆုံးကျတော့ အိမ်ပေါ်မှာ ပစ္စည်းအဟောင်းတွေဘာတွေ ထားတဲ့ အခန်းပေါ်က မျက်နှာကြက်ထဲမှာ သွားပြီး တွေ့တယ်ဆိုကပဲခင်ဗျ။ မျက်နှာကြက်မှာ အပေါက်ကလေး လူတစ်ယောက် ဝင်သာရုံ ဖောက်ပြီး အံကျအောင် ပိတ်ထားတာဆိုကိုး ခင်ဗျ။ ပစ္စည်းတွေဟာ ကျွန်တော့်အစ်ကို မှန်းချက်အရတော့ဖြင့် ငါးသိန်းလောက် တန်လိမ့်မယ်လို့ ပြောတယ်”ဟု ပြောလေလျှင် ကျွန်တော်တို့မှာ အံ့အားသင့်လျက် ရှိနေကြရလေ၏။ ယင်းကဲ့သို့ ပြောပြောဆိုဆိုနှင့် လာရောက်ခဲ့ကြရာ တစ်ခဏမျှကြာလျှင် မော်တော်ကားလည်း မြို့ပတ်လမ်းရှိ အိမ်ကြီးတစ်ဆောင်အတွင်းသို့ ဝင်၍ ဆင်ဝင်အောက်၌ ရပ်တန့်လေ၏။ ထိုအချိန်၌ကား ညဥ့် ဆယ်နာရီကျော်ခန့်ရှိပြီး ဖြစ်လေရာ ကျွန်တော်တို့ ဆိုက်ရောက်ပြီးနောက် မောင်ဘိုးကဲက–

“ကိုကျော်လှ၊ ဗျို့ ကိုကျော်လှ” ဟု ခေါ်လိုက်သည်တွင် အသက် လေးဆယ်ကျော် အရွယ်ခန့် လူတစ်ယောက်လည်း လက်ဆွဲမှန်အိမ်ကို ဆွဲကိုင်လျက် ထွက်လာ၍ မောင်ဘိုးကဲကို မြင်လေလျှင်–

“အလို ဆရာလား ခင်ဗျာ၊ ဝမ်းသာလိုက်တာခင်ဗျာ၊ အခန့်သင့်လိုက်တာ။ ကျွန်တော်ဖြင့် အကျပ်ကျနေလို့ ဘယ့်နှယ်လုပ်ရမည်မသိ ဖြစ်နေတုန်း ဆရာရောက်လာ အခန့်သင့်လိုက်တာခင်ဗျာ” ဟု ပြောပြီးလျှင် ကျွန်တော်တို့အား အိမ်တွင်းသို့ခေါ်၍ အိမ်အောက် ဧည့်ခံခန်းတွင် နေရာထိုင်ခင်းပေးလေ၏။ ၎င်းနောက် အစေခံ ကိုကျော်လှလည်း မောင်ဘိုးကဲကိုခေါ်၍ ခေတ္တမျှ စကားတီးတိုး ပြောဆိုပြီးလျှင် ကိုကျော်လှလည်း မောင်ဘိုးကဲကို အိမ်ပေါ်သို့ ခေါ်သွားလေ၏။

တစ်ခဏမျှကြာလေလျှင် မောင်ဘိုးကဲလည်း မျက်လုံးပြူးပြူး မျက်ဆံပြူးပြူးနှင့် လှေကားမှ ပြေး၍ ဆင်းလာပြီးလျှင်–

“လာကြပါဦးခင်ဗျ။ ကြည့်လှည့်ကြပါဦးခင်ဗျာ။ အစ်ကိုကြီး ဘာဖြစ်မှန်း

mgyoe.com

mgyoe.com


မသိပါဘူးခင်ဗျာ” ဟု ပြောလျက်ရှိစဉ် အစေခံ ကိုကျော်လှသည် နောက်မှ လိုက်လာ၍ “ကိုင်း တစ်ဆိတ်ကလေး အိမ်ပေါ်တက်ပြီး ကြည့်ကြပါဦးခင်ဗျာ” ဟု ပြောသဖြင့် ကျွန်တော်တို့ အားလုံးသည် အိမ်ပေါ်သို့တက်သွားကြလေ၏။ လှေကားအတက်တွင် ကိုကျော်လှက–

“ကျွန်တော် ဆရာကိုဘိုးရွဲက ဒီကနေ့ တစ်နေ့လုံး သူ့အိပ်ခန်းထဲက မထွက်ဘူးခင်ဗျ။ ကျွန်တော်လည်း မခေါ်ဝံ့တာနဲ့ မခေါ်ဘူး။ ထမင်းစားချိန်က ကျွန်တော်သွားပြီး အခန်းတံခါးကို ခေါက်သော်လည်း မထူးဘူးခင်ဗျ။ ကျွန်တော်ဖြင့် စိတ်လေးလိုက်တာခင်ဗျာ။ ဘယ့်နှယ် မျက်နှာထားကြီးနဲ့ လုပ်ပြီး နေမှန်းမသိပါဘူးခင်ဗျာ” ဟု ပြောရင်းဆိုရင်း ကျွန်တော်တို့သည် မောင်ဘိုးရွဲ အိပ်ခန်းဝသို့ ဆိုက်ရောက်ကြလေ၏။ ထိုခဏ၌ မောင်ဘိုးကဲလည်း ကြောက်တတ်သော သူတစ်ယောက်ဖြစ်သည်နှင့် သွားများ ခိုက်ခိုက်တုန်လျက်ရှိနေရာ မောင်စံရှားလည်း–

“ဒီအခန်းပဲမဟုတ်လား”ဟု ပြောလျက် တံခါးပတ္တာကြားမှ ချောင်း၍ အခန်းတွင်းသို့ တစ်ခဏမျှ ကြည့်ပြီးနောက် ရုတ်တရက် နောက်သို့ ပြန်ဆုတ်၍

“အလိုလေး...ဘုရား...ဘုရား၊ ဘယ့်နှယ်ဟာလဲ...ဟေ့” ပြောလျက် စက်ဆုပ်သော မျက်နှာထားနှင့်ရှိနေသည်တွင် ကျွန်တော်လည်း ထိုနည်းအတူ ပတ္တာကြားမှ ငုံ့၍ကြည့်လိုက်သည်တွင် အသည်းနှလုံး တုန်လှုပ်ဖွယ် အခြင်းအရာများကို တွေ့မြင်ရလေ၏။

၎င်းအခန်း၌ တစ်ခုသော ပြတင်းပေါက်သည် ပွင့်လျက်ရှိသည်ဖြစ်၍ လရောင်သည် အခန်းတွင်းသို့ ထိုးဝင်လျက်ရှိရာ ၎င်းလရောင်တွင် လူတစ်ယောက်၏ မျက်နှာသည် ကျွန်တော်ရှိရာဘက်သို့ တည့်တည့်လှည့်လျက် အောက်ပိုင်းမှာမူ လရောင်မထိုးသဖြင့် မှောင်မည်းလျက် ရှိရကား မျက်နှာသည်သာလျှင် တွဲရရွဲဆွဲလျက် ရှိသည်ကို တွေ့မြင်ရလေ၏။ ၎င်းမျက်နှာမှာလည်း ထိပ်ပြောင် ပြောင် ရှိသဖြင့် မောင်ဘိုးကဲ၏ မျက်နှာနှင့် အလွန်တူသည်ဖြစ်ရာ ကျွန်တော်မှာ မောင်ဘိုးကဲပင် ဖြစ်လေသလောဟု ကျွန်တော့်အနီး၌ ရပ်နေသူ မောင်ဘိုးကဲကိုပင် စမ်းသပ်၍ ကြည့်မိလေ၏။ ၎င်း၏မျက်နှာမှာ အလွန်တရာ ရွှင်ပျလှသည့် ဟန်ဖြင့် ကျွန်တော်တို့ရှိရာဘက်သို့ လှည့်၍ ပြုံးရယ်နေဘိသကဲ့သို့ ရှိသည်ကို လရောင်တွင် မြင်ရသည့်အခါ ရှုံ့မဲ့၍နေသည်ထက်ပင်လျှင် ကြောက်မက်ဖွယ် ကောင်းလှပေ၏။ ထိုကြောက်မက်ဖွယ် အခြင်းအရာကို တွေ့မြင်ရလေလျှင် ကျွန်တော်လည်း ကြောက်ရွံ့တုန်လှုပ်လှသည်နှင့်–

“ကြောက်စရာကောင်းလှချေကလား ကိုစံရှားဗျာ။ ဘယ့်နှယ်ဟာကြီးလဲ။

mgyoe.com

mgyoe.com


ဘယ့်နှယ်လုပ်ပြီး အခန်းထဲ ဝင်မလဲဗျ။ တံခါးလည်း အတွင်းဘက်က ပိတ်ထား တယ်”

ရှား။ ။ “တံခါးကို ပိတ်ထားရင် အတင်းဖွင့်ရမှာပေါ့ဗျ” ဟု ပြော လျက် မောင်စံရှားလည်း ကိုယ်နှင့်ပစ်လှဲ၍ အတင်းတွန်းပါသော်လည်း တံခါးမှာ လှုပ်ရုံမျှသာရှိလေ၏။ ထိုအခါ ကျွန်တော် မောင်ဘိုးကဲနှင့်တကွ အစေခံ မောင် ကျော်လှတို့လည်း ဝင်ရောက်ကူညီကြပြီးလျှင် “၁-၂-၃” ဟု အချက်ပေးလျက် လေးယောက်သားတို့သည် တညီတညာတည်း ပြေးဝင်တိုက်ခိုက်ကြသည်တွင် တံခါးလည်း လက်ယုက်ပြုတ်၍ အတွင်းဘက်သို့ကျခါ ပွင့်သွားလေ၏။

ယင်းကဲ့သို့ တံခါးပွင့်သွားသဖြင့် ကျွန်တော်တို့လည်း အခန်းတွင်းသို့ ဝင်ကြလေလျှင် မနှင်းညွန့်ကလေးမှာ ကြောက်ရှာလှသည် ဖြစ်သောကြောင့် ခိုက်ခိုက်တုန်လျက် ရှိနေရာ ကျွန်တော်မှာ ၎င်း၏လက်ကို ဆုပ်ကိုင်လျက် အား ပေးစကား ပြောကြားရလေ၏။ ထိုသို့ရှိစဉ် ကျွန်တော်တို့သည် မောင်ကျော်လှ ကိုင်စွဲလျက်ရှိသော လက်ဆွဲမီးအိမ်၏ အလင်းရောင်ဖြင့် အခန်း၏ အခြေအနေ ကို ကြည့်ရှုကြရာ တစ်ခုသောထောင့်၌ကား ကတ္တရာစေး ထည့်၍ထားသော သံစည်တစ်ခု မှောက်လျက်ရှိသည်ဖြစ်၍ ကတ္တရာစေးတို့သည် ကြမ်းပေါ်၌ ဖိတ် လျက်ရှိလေ၏။ ၎င်းအခန်းတွင် အခြားသော ထောင်တစ်ခု၌ မျက်နှာကြက်တွင် လူတစ်ယောက်ဝင်သာရုံမျှရှိသော အပေါက်ငယ်တစ်ခုလည်း ရှိလေရာ ၎င်း အပေါက်ငယ်တစ်ခုလည်း ရှိလေရာ ၎င်းအပေါက်မှ အုန်းဆံကြိုးတစ်ကြိုးသည် လည်း တွဲရရွဲကျလျက် ရှိလေ၏။ ၎င်းကြိုးကျရာအနီး စားပွဲတစ်ခုတွင် ကပ်လျက် ကုလားထိုင်တစ်ခုလည်း ရှိလေရာ ၎င်းကုလားထိုင်ပေါ်၌ကား မောင်ဘိုးကဲ၏ အစ်ကို မောင်ဘိုးရွှဲသည် ကျောဖြင့် ခပ်ယိမ်းယိမ်းမှီလျက် ဦးခေါင်းသည် တစ်ဖက်သို့ငဲ့ပြီးလျှင် မျက်နှာမှာ ပြုံးရယ်ဘိသကဲ့သို့ရှိ၍ ထိုင်လျက် သေနေသော အလောင်းကိုလည်း တွေ့ရလေ၏။ မောင်ဘိုးရွှဲ၏ အလောင်းမှာ ထိုအခါ၌ တောင့်လျက်ရှိပြီဖြစ်၍ သေသည်မှာ အတန်ကြာပြီဟူ၍ ခန့်မှန်းဖွယ်ရှိလေရာ စားပွဲပေါ်၌လည်း စာရွက်ငယ်တစ်ခုတွင် “လေးဦးသားတို့လက်ချက်” ဟူ၍ ခဲတံ ဖြင့် ရေးထားသည်ကို တွေ့သဖြင့် မောင်စံရှားလည်း-

“ကြည့်စမ်းဗျို့ ကိုသိန်းမောင်၊ သူတို့ လက်ချက်ပဲ”

ကျွန်တော်။ ။ “ဘယ်သူတို့လဲဗျ”

ရှား။ ။ “မောင်ဘိုးကဲပြောတုန်းက ခင်ဗျား နားမထောင်ဘူးလား”

ကျွန်တော်။ ။ “သြော် ဟုတ်ပြီဗျို့၊ ဒါထက် ဘာပြုလို့ သေလဲဗျာ”

ရှား။ ။ “လူသတ်လို့သေတာပေါ့ဗျ။ သြော် ကြည့်စမ်းဗျို့ ကိုသိမ်း

mgyoe.com

mgyoe.com



မောင်။ ကျုပ်ထင်တဲ့အတိုင်းပဲ။ ဒီမှာ ဒီမှာ။ နားနောက်မှာကြည့်စမ်းပါ” ဟု ပြော၍ ပြသဖြင့် ကျွန်တော်လည်း ပြရာသို့ကြည့်လိုက်ရာ ကျားရာဆူးနှင့် သဏ္ဍာန်တူသော ဆူးငယ်တစ်ချောင်းသည် စိုက်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ကျွန်တော်။ ။ “ဆူးကလေး မဟုတ်လားဗျာ”

ရှား။ ။ “ဟုတ်ပါတယ်ဗျ။ ဒီဆူးကြောင့် သေတာပဲ။ ကိုင်း နုတ်လိုက်စမ်း ကိုသိန်းမောင်၊ သတိထားနော်၊ လက် မစူးစေနဲ့၊ အဆိပ်လူးထားတယ်”

ကျွန်တော်လည်း ၎င်းဆူငယ်ကို သတိနှင့် နုတ်လိုက်ရာ ဆူးမှာ များစွာ အားမစိုက်ရဘဲလျက် ပါလာပြီးလျှင် အသားတွင် သွေးစို့ရုံမျှ အရာထင်လျက် ရှိရစ်လေ၏။

ထိုအခါ ကျွန်တော်လည်း အံ့သြလှသည်နှင့်

“ဘယ့်နှယ်လဲ ကိုစံရှားရယ်၊ ထူးဆန်းလှချေကလားဗျ။ ဒီအမှုက ကြာလေ ရှုပ်လေကိုးဗျ။ ဘယ့်နှယ်လဲ”

ရှား။ ။ “ဘယ်က ကြာလေ ရှုပ်လေရမှာလဲဗျ။ ကြာလေ ရှင်းလေပေါ့ဗျ” ဟု ပြောလျက်ရှိစဉ် မောင်ဘိုးကဲ ရုတ်တရက်

“ပြီးပါပြီဗျာ။ ပစ္စည်းတွေ ပါသွားကုန်ပြီ ဆရာတို့ရေ့။ ပစ္စည်းတွေ ပါသွားပြီခင်ဗျ။ မျက်နှာကြက်ကအပေါက် မြင်ရဲ့လား။ ဒီအပေါက်က သူတို့ ချပြီး ယူသွားတာပဲ။ ဟုတ်ပါပြီ ဟုတ်ပါပြီ။ မနေ့ညက ကျွန်တော်နဲ့ သူနဲ့ ကြည့်ကြသေးတယ်”

ရှား။ ။ “ဘယ်အချိန်လောက်လဲ”

ကဲ။ ။ “ဆယ်နာရီလောက် ရှိပါပြီခင်ဗျာ။ ပြီးပါပြီခင်ဗျာ။ ကျွန်တော်တော့ မှတ်ပါပြီခင်ဗျာ။ ကျွန်တော်လည်း ပြန်သွားရော၊ သူလည်း အပေါက်ပိတ်ပြီး အတွင်းမှာနေရစ်တယ်ခင်ဗျ။ ကျွန်တော့်များ ပုလိပ်တွေက အထင်လွဲကုန်တော့မယ်ထင်ပါရဲ့ခင်ဗျာ။ တစ်ဆိတ်ကလေးခင်ဗျာ။ ခင်ဗျားတို့ ဘယ့်နှယ်ထင်ကြသလဲ။ တကယ်လို့ ကျွန်တော်သတ်ရင်ဖြင့် ခင်ဗျားတို့ကို ကျွန်တော်ခေါ်ပြီး လာပါ့မလား စဉ်းစားကြည့်ကြပါဦးခင်ဗျာ” ဟု တုန်တုန်ယင်ယင်ရှိသော အသံဖြင့် ပြောလေလျှင် မောင်စံရှားလည်း မောင်ဘိုးကဲ၏ပခုံးကို ကိုင်လျက်–

“မစိုးရိမ်ပါနဲ့ မောင်ဘိုးကဲ၊ ကျုပ်တို့ တတ်နိုင်သမျှ ကူညီပါ့မယ်။ ကိုင်း ကိုင်း ဒါထက် ကျုပ်တို့ ဝတ္တရားရှိတဲ့အတိုင်း ပြုရလိမ့်မယ် မောင်ဘိုးကဲ။ တစ်ဆိတ်လောက် .မော်တော်ကားနဲ့ ချက်ချင်းသွားပြီး အနီးဆုံးဌာနမှာ တိုင်

mgyoe.com

mgyoe.com

ချက် ပေးပေတော့။ ကျုပ်တို့ ဒီကစောင့်နေမယ်" ဟု ပြော၍ စေလွှတ်လိုက်လျှင် မောင်ဘိုးကဲလည်း ပျာယီးပျာရာနှင့် အိမ်ပေါ်က ဆင်းသွားလေ၏။

မောင်ဘိုးကဲ ဆင်းသွားလေလျှင် ကျွန်တော်တို့သည် ဆရာမ မနှင်းညွန့်အား ကုလားထိုင်တစ်ခုတွင် ထိုင်စေပြီးနောက် မောင်စံရှားလည်း အခန်းအတွင်း၌ စကြံလျှောက်လျက် ပြောသည်မှာ–

"ကိုင်း...ကိုသိန်းမောင်၊ ပုလိပ်တွေမရောက်ခင် ကျုပ်တို့ နာရီဝက်လောက်တော့ အချိန်ရှိသေးတယ်။ ဒီအချိန်ကလေးကို အချည်းအနှီး မဖြုန်းတီးကြနဲ့ဦး။ ဒါထက် အမှုက အစုကြည့်ရပုံတော့ ခပ်ရှင်းရှင်းပဲဗျ။ သို့သော်"

ကျွန်တော်။ ။ (အံ့သြစွာနှင့်) "ခပ်ရှင်းရှင်းလားဗျာ၊ ဘာများ ရှင်းလို့လဲဗျာ"

ရှား။ ။ "ရှင်းပုံ ကျုပ် ပြောဦးမယ်။ ထိုင်ပါ ထိုင်ပါ။ ခင်ဗျား မထစမ်းပါနဲ့။ ခြေရာတွေ ရှုပ်ကုန်ပါလိမ့်မယ်။ ကိုင်း...ဒီလိုဗျ။ ပထမရှေးဦးစွာ စဉ်းစားဖို့က ဒီလူစုဟာ ဘယ်လမ်းက ဘယ်လိုဝင်လာပြီး သည်အခန်းတွင်းက ဘယ်ပုံထွက်သွားကြတယ်ဆိုတာ စဉ်းစားဖို့ရှိတယ်။ တံခါးကတော့ဖြင့် မနေ့ညတည်းက ပိတ်ထားသေးတယ်ဆိုတာ သိရပြီမဟုတ်လား။ ဒီတော့ ပြတင်းပေါက်ကို ဖွင့်ကြည့်စမ်း။ အနားမှာ ရေပြွန်လည်းမရှိဘူး။ အမိုးကနေပြီး ဆင်းလို့လည်း မမီနိုင်ဘူး။ သို့သော်လည်း တစ်စုံတစ်ယောက်ဟာ ဒီပြတင်းပေါက်ကနေ တက်ပြီး သည်အခန်းထဲဝင်ကြောင်းတော့ ထင်ရှားတယ်။ မနေ့ညက မိုးကလေး ဖွဲဖွဲကျတယ်။ ပြီးတော့ ပြတင်းပေါက်ပေါင်မှာ ကြည့်စမ်း။ လူခြေရာတစ်ခု တွေ့တယ်။ ဟောဒီမှာတော့ ဝိုင်းဝိုင်းအရာကြီးတစ်ခု။ ဟောဒီမှာလည်း ဝိုင်းဝိုင်းအရာကြီးတစ်ခု တွေ့ပြန်ပြီ။ ကိုင်း...ခင်ဗျား ဘယ့်နှယ်ထင်သလဲ။ သည်အဝိုင်းရာကြီးတွေ ကြည့်စမ်း..."

ကျွန်တော်သည် ၎င်းအဝိုင်းကြီးများကို ကြည့်ပြီးနောက်

"ကျွန်တော်ဖြင့် ခြေရာရယ်လို့ မထင်ပါဘူးဗျာ"

ရှား။ ။ "ခြေရာထက် အဖိုးတန်တော့ မပေါ့ဗျ။ ဒီဟာကြီးတွေဟာ သစ်သားခြေထောက်ရာဗျ။ တစ်ဖက်ခြေရာကတော့ ခြေရာပုပု ဖြက်ကျယ်ကျယ်၊ တစ်ဖက်ကတော့ သစ်သားခြေထောက်ရာပဲ"

ကျွန်တော်။ ။ "ဒါဖြင့် ဒီလူဟာ တစ်ဖက်က သစ်သားခြေထောက် တပ်ပြီးထားတဲ့လူပေါ့လေ"

ရှား။ ။ "ဒါပေါ့ဗျ။ သို့သော်လည်း သူ့အဖော် ရှိသေးတယ်။ အဖော်

mgyoe.com

mgyoe.com
ဟာက တော်တော်ကြီးကို ထူးတဲ့ အဖော်ပဲဗျ။ ကိုင်း ကိုသိန်းမောင်၊ အောက် ငုံ့ကြည့်လှည့်စမ်း။ ဒီနံရံကိုတွယ်ပြီး သည်ပြတင်းပေါက်ရောက်အောင် ခင်ဗျား တက်နိုင်ပါ့မလား"ဟု မေးသဖြင့် ကျွန်တော်လည်း ၎င်းနံရံကို လရောင်တွင်ကြည့်ရာ အမြင့်မှာ ၁၈ ပေမျှရှိသည့်ပြင် တစ်စုံတစ်ခုသောနေရာ၌မျှ ခြေကုပ်ရန် ကြည့်၍ မမြင်နိုင်သောကြောင့် မတက်နိုင်ကြောင်းနှင့် ပြန်ပြောလေလျှင်

ရှား။ ။ "ကူမယ့်လူမရှိလျှင် မတက်နိုင်ဘူး မှန်တယ်။ သို့သော်လည်း ဒီကနေပြီး တစ်ယောက်က ဟောဟို အုန်းဆံကြိုးကို ချပြီးပေးမယ်ဆိုလျှင် ခင်ဗျား တွယ်ပြီး မတက်နိုင်ပေဘူးလားဗျာ"

ကျွန်တော်။ ။ "တက်နိုင်စရာ ရှိပါတယ်ဗျာ"

ရှား။ ။ "အဲ ဟုတ်ပြီ။ တစ်ယောက်က ဒီအပေါက်က ကြိုးနဲ့ တွယ်ပြီးတက်၊ တက်ပြီးလို့ သူတို့ကိစ္စပြီးတော့ ဒီကပဲ ပြန်ပြီးဆင်း၊ ဆင်းပြီး ကျန်တဲ့တစ်ယောက်က ကြိုးကို ပြန်ပြီးတင်။ တင်ပြီး ပြတင်းပေါက်ကို အတွင်း ကနေပြီး ပိတ်။ ပိတ်ပြီး သူကတော့ ရှေးဦးစွာ လာတဲ့လမ်းက သူ ပြန်ရောဗျ။ ဒါထက် သစ်သားခြေထောက်နဲ့လူက သည်ကြိုးနဲ့ ပြန်ပြီးအဆင်းမှာ လက်ချော် သွားလို့ လက်မှာအရေတွေပွဲပြီး ကြိုးမှာ သွေးနည်းနည်းစွန်းနေရစ်တာ ကျုပ် တွေ့ရတယ်"

ကျွန်တော်။ ။ "ဒါကတော့ ဟုတ်ပါပြီတဲ့ဗျာ။ သို့သော် ရှေးဦးစွာတက်တဲ့ တစ်ယောက်လူကတော့ ဘယ်လမ်းက တက်လို့ ဒီအခန်းထဲ ဘယ့်နှယ် ရောက် သလဲဗျ"

ရှား။ . ။ "ဟာ ဒါ ဟုတ်တယ်။ ဒီတစ်ယောက်ဟာ တော်တော် ထူးဆန်းတဲ့ ပုဂ္ဂိုလ်ဗျ။ သူ ထူးဆန်းတဲ့အတွက် အဲဒီအမှုဟာ တော်တော်ကလေး ထူးဆန်းပေတာပဲ။ ဒီပြည်မှာ ဒီလူမျိုး ကျုပ် တစ်ခါမှ မတွေ့ဖူးဘူး။ သို့သော် အိန္ဒိယပြည်များမှာတော့ ဒီလူမျိုးအကြောင်း ကျုပ် ဖတ်ရဖူးတယ်"

ကျွန်တော်။ ။ "ဖတ်ဖူးတာ မဖတ်ဖူးတာ အပထားပြီး ဘယ်ပုံဘယ်နည်း နဲ့ ဒီလူ ဒီအခန်းရောက်အောင် တက်တယ်ဆိုတာ ပြောပြစမ်းပါဦးဗျာ။ တံခါး လည်း ပိတ်ထားတယ်။ ပြတင်းပေါက်ကလည်း တက်လို့ မရောက်နိုင်ဘူး။ ဒါဖြင့် ဘယ်ပုံတက်လာသလဲဗျာ"

ရှား။ ။ "ခင်ဗျားက ကျုပ် ခဏခဏပြောနေတဲ့နည်းကို အသုံးပြုပြီး မကြည့်ဘဲကိုးဗျ။ အကြောင်းတစ်ခုကို ဆင်ခြင်တဲ့အခါမှာ အကယ်စင်စစ် မဖြစ် နိုင်တဲ့ အချက်တွေကို ဖယ်ထုတ်လိုက်လျှင် ကျန်တဲ့အချက်ဟာ 'ဘယ်လိုပင်
mgyoe.com

ဖြစ်ပုံမပေါ်သော်လည်း ဖြစ်ရမယ်လို့ တွက်ယူရမယ်ဗျ။ ကိုင်း ဒီတော့ ဒီလူဟာ ပြတင်းပေါက်ကလည်း မတက်နိုင်ဘူး။ တံခါးကလည်း ပိတ်ထားလို့ မဝင်နိုင်ဘူး။ တံခါးမပိတ်ခင် အခန်းထဲမှာ ပုန်းအောင်းပြီးနေရမှာကလည်း အခန်းက ကျဉ်းကျဉ်း၊ ပုန်းစရာကလည်း မရှိလို့ မဖြစ်နိုင်ဘူး။ ဒီတော့ သူ ဘယ့်နှယ် ဝင်မလဲဗျ။ အခန်းထဲ ရောက်အောင်"

**ကျွန်တော်။** ။ "မျက်နှာကြက်က အပေါက်က သူ ဝင်မယ်ထင်တယ်"

**ရှား။** ။ "ထင်မနေနဲ့ဗျ။ အစစ်ပဲ။ ကိုင်း ကိုင်း ဒီအပေါက်က ကျုပ်တက်ပြီး ကြည့်စမ်းမယ်။ တစ်ဆိတ်လောက် မီးပြစမ်းဗျာ...ကိုသိန်းမောင် ဟု ပြောသဖြင့် ကျွန်တော်လည်း မီးအိမ်ကို မြှောက်၍ ပြသည်တွင် မောင်စံရှား သည် စားပွဲပေါ်တွင် ကုလားထိုင်တစ်ခုကို တင်ပြီးနောက် ကုလားထိုင်ပေါ်သို့ တက်၍ ဖျတ်လတ် ပေါ့ပါးသော သူတစ်ယောက်ဖြစ်သည်အတိုင်း ခုန်၍ ဆွဲငင် ပြီးလျှင် ဘားပေါ်သို့ တက်သည့်အလားကဲ့သို့ အပေါက်ငယ်မှ ကော့လိမ်၍ တက်သွားလေ၏။ ၎င်းနောက်

**ရှား။** ။ "ကိုင်း ကိုသိန်းမောင်၊ မီးအိမ်ပေးလိုက်ဗျာ။ ခင်ဗျား တက်နိုင် ရဲ့ မဟုတ်လား။ စမ်းကြည့်စမ်း။ တက်သာ တက်ပါဗျာ။ ကျုပ် ဆွဲတင်ပါ့မယ်။ သြော် ဒါထက် မနှင်းညွှန့် နေရစ်ဝံ့ရဲ့လား။ ကိုကျော်လှလည်း ရှိသားပဲ"

**ညွှန့်။** ။ (သတ္တိရှိသော သူငယ်မတစ်ယောက်ဖြစ်သည်အတိုင်း) "နေရစ် ဝံ့ပါတယ်ရှင်" ဟု ပြောသဖြင့် ကျွန်တော်လည်း မောင်စံရှား၏နည်းတူ အပေါက် ငယ်မှတက်၍ အပေါ်သို့ရောက်လေလျှင် အခန်းငယ်သဖွယ်ရှိသော အဆောက် အအုံတွင်းသို့ ရောက်လေရာ အလျား ၁၀ ပေ၊ အနံ ၆ ပေ၊ အမြင့်မှာ ၅ ပေ ခန့်မျှ ရှိသဖြင့် ကျွန်တော်တို့မှာ ငုံ့လျက်သာလျှင် နေနိုင်ကြလေ၏။

မောင်စံရှားလည်း အမိုးကို တီးခေါက်၍ ကြည့်သည်နှင့် တံခါးငယ်တစ်ခု ကို တွေ့၍ ဖွင့်ကြည့်ရာ ၎င်းမှာ အမိုးပေါ်သို့ရောက်သော အပေါက်ဖြစ်ကြောင်း တွေ့ရှိရသဖြင့်–

"မြင်လား ကိုသိမ်းမောင်၊ တစ်ယောက်ဟာက ဒီလမ်းက လာပြီး ဒီလမ်းက ပြန်တဲ့သူပဲဗျ။ ကိုင်း ကိုင်း သူ့ခြေရာလက်ရာများ ဘာများကျန်ရစ် သလဲ ကြည့်ကြရအောင်ဗျာ" ဟု ပြော၍ မောင်စံရှားလည်း ကြမ်းတွင် မီးအိမ် နှင့် ကြည့်ရှုရာ ကြမ်းပြင်မှာမူ နှစ်လများစွာက စုပုံ၍နေသော မြူမှုန်တို့ဖြင့် ဖုံးအုပ်လျက်ရှိရကား အကလေး၏ ခြေရာပမာဏမျှရှိသော ခြေရာများကို မြင် ရသဖြင့် ကျွန်တော်မှာ များစွာအံ့သြစွာနှင့် "ဘယ့်နှယ်လဲဗျ ကိုစံရှား၊ အကလေး ခြေရာတွေပါကလားဗျ၊ ထူးဆန်းလှချေကလားဗျာ"

mgyoe.com


**ရှား**။ ။ "ဟုတ်တယ်ဗျို့။ ကျုပ်တောင်မှ ရုတ်တရက်တော့ အံ့သြသွားမိတယ်။ သို့သော်လည်း အခုတော့ ကျုပ် ရိပ်မိပါပြီ။ ဟောဟိုဟာက သေတ္တာလား ဘာလား ထားတဲ့အရာပဲ။ သေတ္တာတော့ ယူသွားပြီ။ အရာလောက် ရှိရစ်တော့တယ်။ ကိုင်း ကိုင်း ဆင်းကြစို့ဗျာ။ ဒါပါပဲ။ ဒီ့ပြင်ကြည့်စရာ မရှိပါဘူး"

အလောင်းရှိရာအခန်းတွင်းသို့ ရောက်ပြန်လျှင် ကျွန်တော်က

"အကလေး ခြေရာတွေ တွေ့ပုံက ခင်ဗျား ဘယ့်နှယ်ထင်သလဲဗျာ။ ကျွန်တော်ဖြင့် ခြေရာကြည့်ပြီး မှန်းရမှာ ခြောက်နှစ်သားအရွယ်လောက်ပဲ ရှိသေးတယ် ထင်တယ်"

**ရှား**။ ။ "ကိုသိန်းမောင်ကလည်းဗျာ၊ ခင်ဗျား ကျုပ်နည်းတွေ သိရက်နဲ့ ဒီနည်းတွေများ အသုံးပြုပြီး စဉ်းစားမှပေါ့ဗျ"

**ကျွန်တော်**။ ။ "ကျွန်တော်ကဖြင့် မစဉ်းစားတတ်အောင် ဖြစ်နေပါပြီ ခင်ဗျာ"

**ရှား**။ ။ "ကိုင်း ကိုင်း မစဉ်းစားတတ်သေးရင် ထပ်ပြီး ကြည့်ကြဦးစို့။ ဒီအခန်းထဲမှာတော့ ဘာများတွေ့ဦးမလဲ။ သေသေချာချာ ကြည့်ရဦးမယ်" ဟု ပြောပြီးလျှင် မောင်စံရှားသည် မှန်ဘီလူးတစ်ခုကို အိတ်မှထုတ်၍ မိမိပြုမြဲဖြစ်သည့်အတိုင်း ကြမ်းပေါ်၌ ဝပ်တွားကာ အရာဝတ္ထုတို့ကို သေချာစွာ ကြည့်ရှုလျက် လည်းကောင်း၊ တိုင်းထွာလျက်လည်းကောင်း အတန်ကြာအောင် ရှိနေပြီးနောက်

"ကျုပ်တို့ တယ်ပြီး ကံကောင်းတယ်ဗျို့။ ဒီအမှုမှာ ဒုက္ခများများ စိုက်ဖို့ မရှိဘူး။ ပထမတက်တဲ့လူဟာ ဟောဒီမှာ ဖိတ်နေတဲ့ ကတ္တရာစေးထဲမှာ သူ့ခြေထောက်ချသွားတယ်ဗျ"

**ကျွန်တော်**။ ။ "ချသွားတော့ ဘာဖြစ်သလဲဗျာ"

**ရှား**။ ။ "ချသွားတော့ သူ့ကို ကျုပ်တို့ မိတာပေါ့ဗျ။ သည်လိုကတ္တရာစေးနံ့မျိုးများ ရတဲ့နောက် မဟာပထဝီမြေကြီး အဆုံးတိုင်အောင် ပြေးသော်လည်း မလွတ်နိုင်အောင် အနံ့ခံပြီး လိုက်နိုင်တဲ့ ခွေးတစ်ကောင် ကျုပ်သိတယ်ဗျ။ ဟော ဒါထက် ပုလိပ်အရာရှိတွေ ခြေသံမှတ်တယ်။ ကိုင်း ကိုင်း သူတို့မလာခင် ဒီအလောင်း ခင်ဗျား စမ်းကြည့်စမ်း" ဟု ပြောသဖြင့် ကျွန်တော်သည် စမ်းသပ်၍ကြည့်ရာ

**ရှား**။ ။ "ဘယ့်နှယ်နေသလဲ"

**ကျွန်တော်**။ ။ "တောင့်နေတာပေါ့ဗျ"

**ရှား**။ ။ "ဒီ့ပြင် လူသေများ ခင်ဗျား ကိုင်ဖူးလား"

mgyoe.com

mgyoe.com

ကျွန်တော်။ ။ "ကိုင်ဖူးပါတယ်"

ရှား။ ။ "တောင့်ပုံချင်း ဘယ့်နှယ်နေသလဲ"

ကျွန်တော်။ ။ (သေချာစွာ စမ်းသပ်ပြီးနောက်) "ဒို့လိုပင် လူသေများကတော့ တောင့်ရုံပဲ တောင့်တယ်။ ဒီဟာကတော့ အကြောတွေကို မာပြီး တင်းနေတယ်"

ရှား။ ။ "အစစ်ပဲဗျ။ ကိုင်း ဒီကအကြောတွေ တင်းတုန်းရယ်၊ မျက်နှာထားက သေခါနီး ဖြီးပြပုံရယ် ပေါင်းပြီး ကြည့်လိုက်တော့ ဘယ်ပုံတွေးချက်ရသလဲ"

ကျွန်တော်။ ။ "ပြင်းထန်တဲ့ ဆိပ်လူးမြားများနှင့် ထိမှန်ပြီးသေတဲ့လူများလည်း ဒီလိုပဲနေတယ်လို့ ကြားဖူးတယ်ဗျာ။ တွေ့တော့ မတွေ့ဖူးပေဘူး"

ရှား။ ။ "အစစ်ပဲဗျ။ ဒီအတိုင်းပဲ။ ဒါကြောင့် အခန်းထဲဝင်လာလာချင်း ဘယ်နည်းနဲ့ ဒီအဆိပ်ကို သွင်းလိုက်ပါလိမ့်မလဲလို့ ဒဏ်ရာကို လိုက်ပြီး ရှာတယ်မဟုတ်လား။ ရှာတော့ ဘာတွေ့သလဲ။ နားနောက်မှာ ဆူးလေးတွေ့တယ်။ ဆူးမှန်တဲ့ဒဏ်ရာကလည်း သည်လူ ထိုင်နေပုံနှင့် ကြည့်လိုက်တော့ မျက်နှာကြက်က ဖောက်ထားတဲ့ အပေါက်ဆီကနေပြီး ပစ်လိုက်တဲ့ ဒဏ်ရာနဲ့ပဲ တူတယ်။ ကိုင်း ကိုင်း ဆူးကို ကြည့်စမ်းဗျို့။

ကျွန်တော်။ ။ (ဆူးကို သေချာစွာကြည့်ပြီးနောက်) "တော်တော်ဆန်းတဲ့ ဆူးပဲဗျို့"

ရှား။ ။ "ဒီဆူးမျိုး ခင်ဗျား မြင်ဖူးရဲ့လား"

ကျွန်တော်။ ။ "မမြင်ဖူးဘူး"

ရှား။ ။ "ဘယ်မြင်ဖူးမလဲဗျ။ ကျုပ်တို့ဆီမှာ ဒီဆူးမျိုး ရှိမှမရှိဘဲ။ ဟော ပုလိပ်အရာရှိများ ရောက်လာကြပြီ"

ထိုခဏ၌ အစိုးရပုလိပ် အင်စပိတ်တော်တစ်ယောက်နှင့် ပုလိပ်သားတို့သည် အခန်းတွင်းသို့ ဝင်လာကြရာ ၎င်းအင်စပိတ်တော်မှာ ရန်ကုန်သို့ ပြောင်းရွှေ့လာသည်မှာ မကြာသေးသည်လည်းတစ်ကြောင်း၊ ၎င်းရောက်လာသည်အတွင်း မောင်စံရှားမှာ အမှုတစ်ခုမျှ စုံထောက်ရသေးသည် မရှိသည်လည်း တစ်ကြောင်းကြောင့် ထိုသူသည် မောင်စံရှား၏အစွမ်းကို ကြားဖူးရုံမျှရှိသော်လည်း များစွာ ယုံကြည်အားထားသည့် လက္ခဏာမရှိချေ။

အင်စပိတ်တော်လည်း အခန်းတွင်းသို့ဝင်လာ၍ တောင်မြောက်လေးပါးတို့ကို ကြည့်ရှုပြီးနောက် ဟန်ကြီးပန်ကြီးရှိသည့် အမူအရာနှင့် ကျွန်တော်တို့အား ကြည့်ရှု၍–

mgyoe.com

mgyoe.com

"အင်း အင်း တယ်ကောင်း တယ်လှ၊ လက်သည် မပေါ်ဘူးဟုတ်စ။ ဒါထက် ဒီဟာတွေက ဘယ်သူတွေလဲဗျ။ ခြေရာတွေဘာတွေနဲ့ ဘယ့်နှယ်ကြောင့် ဝင်ပြီး ရှုပ်နှင့်ကြတာတုံး"

ရှား။ ။ "အင်စပိတ်တော်မင်း၊ ကျွန်တော့်ကို မမြင်ဖူးသေးမှတ်တယ်။ ကျွန်တော် မောင်စံရှားပါပဲဗျာ"

**အင်စပိတ်တော်**။ ။ "ဩော် ဟုတ်ပါရဲ့လား။ ဝမ်းသာပါတယ်ခင်ဗျာ သိကျွမ်းရတာ။ ကြားတော့ ကြားဖူးပါရဲ့။ လူချင်းတော့ ဒီတစ်ခါမှ တွေ့ရတယ်။ ကျွန်တော့်နာမည် မောင်အုန်းခိုင်ပါတဲ့ဗျာ။ အင်း အင်း တယ်ကောင်း၊ တယ်လှတဲ့ အမှုကလေးပါပဲ။ လက်သည် မပေါ်ဘူးပေါ့လေ။ ဟုတ်စ။ ဒါထက် ဘာကြောင့်သေတယ် ခင်ဗျား ထင်သလဲဗျာ။ ခင်ဗျားအကြောင်း ကြားဖူးပါရဲ့။ ဒီတစ်ခါ သိကြရောပလေ"

ရှား။ ။ "ကျွန်တော်ပြောဖို့ မလိုပါဘူးဗျာ။ ခင်ဗျားလည်း သိနိုင်ပါတယ်။ ကြည့်ပါဦးတော့"

နိုင်။ ။ "ဩော် ဒီအမှုတော့ ခင်ဗျား ဉာဏ်မမီနိုင်ဘူး မှတ်တယ်။ ခင်ဗျား စုံထောက်ပုံတွေ ကျွန်တော်လည်း ကြားတော့ ကြားဖူးပါရဲ့။ သို့သော် ခင်ဗျား စဉ်းစားပုံတွေက ဉာဏ်ကောင်းလို့ ဒီလောက်မဟုတ်ဘူး။ ကံကောင်းလို့ ပေါ်တာတွေထင်တယ်ဗျ။ ကျုပ်တို့ စကားပုံရှိတယ်မဟုတ်လား။ ကြက်ကန်း ဆန်အိုးတွေ့ဆိုတာမျိုးလိုပေါ့ဗျ" ဟု ပြောလျှင် မောင်စံရှားလည်း ကျွန်တော့်အား ကြည့်ကာ မသိမသာပြုံးရယ်လျက် မည်သို့မျှမပြောဘဲ ရှိနေလေ၏။

အင်စပိတ်တော် ဦးအုန်းခိုင်လည်း တုတ်ခိုင်ခံ့ညားသဖြင့် ပုလိပ်သားပီပီ ရှိသော ကိုယ်ကြီးဖြင့် ရင်ကော့ကာ ခေတ္တမျှ စကြံလျှောက်ပြီးနောက် "အဖိုးငွေငါးသိန်းလောက်တန်တဲ့ ကျောက်သံပတ္တမြားများလည်း ပျောက်ဆုံးတယ်၊ တံခါးလည်း အတွင်းဘက်က ပိတ်ထားတယ်၊ ပြတင်းပေါက်ကကောဗျာ"

ရှား။ ။ "ပြတင်းပေါက်လည်း အတွင်းက ပိတ်ထားတယ်၊ သို့ပေမဲ့ ပြတင်းပေါက်ပေါင်ပေါ်မှာ ခြေရာတွေ တွေ့တယ်ဗျ"

နိုင်။ ။ "ပြတင်းပေါက်ကို အတွင်းက ပိတ်ထားတာတွေ့ရင်ဖြင့် ဘောင်ပေါ်မှာ ခြေရာတွေ့ပေမဲ့ ဘာဆိုင်သလဲဗျ။ ဒီလူသေတာက လေနာပြီး သေချင်သေမယ်၊ တက်ပြီး သေချင်သေမယ်။ သို့သော် ကျောက်သံပတ္တမြားတွေ ပျောက်နေတယ်ဆိုတာက ခက်နေတယ်။ ဩော် ကျုပ် အကြံရပြီဗျို့။ ကိုင်း ကိုင်း ဘိုးမှိုတို့ အခန်းပြင် ထွက်ကြစမ်း။ မောင်ဘိုးကဲကော ထွက်စမ်း။ ဟိုဒင်းက ခင်ဗျားမိတ်ဆွေလား။ သူတော့ နေပါစေတော့။ ကိုင်း ကိုစံရှား။

mgyoe.com

mgyoe.com

ကျုပ်က ဒီလိုထင်တယ်ဗျ။ သူ့ညီမောင်ဘိုးကဲက သူပြောချက်အရ မနေ့ည က သည်အခန်းထဲမှာ သူ့အစ်ကိုနဲ့ နှစ်ယောက်တည်း ရှိကြတယ်ဆို မဟုတ်လား။ ဒီတော့ အစ်ကိုမောင်ဘိုးရွဲက လေနာရောဂါနဲ့သေတယ်၊ သေတော့ မောင်ဘိုးကဲက ပစ္စည်းတွေယူပြီး ထွက်သွားတယ်၊ ကိုင်း ကျုပ်တွေးပုံ ဘယ့်နှယ်လဲဗျာ။ တယ်မရိုင်းဘူး မဟုတ်လား"

ရှား။ ။ "ဟုတ်ပုံပေါ်ပါရဲ့။ ဒီတော့ မောင်ဘိုးကဲလည်း ထွက်သွားရော လူသေကလည်း ထိုင်ရာကထပြီး အခန်းတံခါးကို အတွင်းကနေပြီး ကန့်လန့်ချလိုက်ကရော သည်လိုလားဗျာ"

နိုင်။ ။ "ဟာ ဟုတ်ပေတယ်။ ဒီအချက်က ရှိပေသေးတယ်။ ကိုင်း ဒါဖြင့် ဒီလိုကောဗျာ။ ဘိုးကဲဟာ ဘိုးရွဲ ညီအစ်ကိုထော်တယ်။ သူတို့ နှစ်ယောက်ဟာ မကြာမီက စကားများကြဖူးတယ်။ ဒီဟာ ကျုပ်တို့ သိရတယ် မဟုတ်လား။ ဒ့ိပြင်လည်း အစ်ကိုဘိုးရွဲဟာ သေရှာတယ်။ ပစ္စည်းတွေလည်း ပျောက်သွားတယ်။ ဒါလည်း ကျုပ်တို့သိရတယ်။ မနေ့ညက ဘိုးကဲပြန်သွားပြီး တဲ့နောက် ဘိုးရွဲဟာ ဘယ်သူနဲ့မှလည်း မတွေ့ရဘူး။ သူ့အိပ်ရာမှာလည်း အိပ်တဲ့လက္ခဏာ မရှိဘူး။ ဘိုးရွဲသေပုံ မျက်နှာထား ကြည့်ရတာကလည်း အင်း တယ်ပြီး မဟုတ်လှဘူး။ ကြည့်နော် ကျုပ် ဘိုးကဲအပေါ် သတ္တုကျအောင် လုပ်လိုက်မယ်၊ နားထောင်ကြဗျ"

ရှား။ ။ "နေပါဦး မိတ်ဆွေ၊ ဒါထက် ခင်ဗျားက အကျိုးအကြောင်း စုံလင်အောင် မသိသေးဘူးဗျ။ ဟောဒီ ဆူးကလေးဟာ လူသေ နားရွက်နောက်က တွေ့တယ်ဗျ။ အဆိပ်လူးထားတဲ့ လက္ခဏာလည်းရှိတယ်။ အလောင်းမှာ ဟောဒီစာရွက်လည်း တွေ့တယ်။ ကိုင်း ဒီတော့ ခင်ဗျားတွေးပုံနဲ့ ကိုက်ပါ့ မလားခင်ဗျာ"

နိုင်။ ။ "ကိုက်ပါသော်ကော မိတ်ဆွေ။ ဘာဖြစ်လို့ မကိုက်ရမှာလဲ။ ဒီက အဆိပ်လူးထားတဲ့ ဆူးဟာ ဘိုးကဲရဲ့ဆူးမဟုတ်ရင် ဘယ်သူ့ဆူး ဖြစ်နိုင်ဦးမှာလဲဗျ။ ဒီစာရွက်က ဘာလဲ။ လေးဦးသားလက်ချက်တဲ့။ ဒီဟာက အလကား ဘိုးကဲက ထင်ယောင်ထင်မှားဖြစ်အောင် ဉာဏ်ဆင်တဲ့ အလုံးတွေ ပါဗျာ။ ပုလိပ်လုပ်နေပြီး ဒီလောက်မှ မပါးရင် ခက်နေရောပေါ့။ သို့သော် လည်း ဘိုးကဲဟာ သူ့အစ်ကိုကို သူသတ်ပြီး ဘယ်လမ်းက ထွက်သွားသလဲတဲ့။ ဒီဟာတစ်ခုပဲ အရေးကြီးတယ်။ ဩော် မျက်နှာကြက်မှာ အပေါက်ကြီးပါ ကလားဗျို့"

mgyoe.com

mgyoe.com

၎င်းနောက် အင်စပိတ်တော် ဦးအုန်းခိုင်လည်း သူ၏ ကိုယ်ကာယနှင့် မလိုက်အောင် ဖျတ်လတ်ပေါ့ပါးခြင်းရှိသော အမူအရာနှင့် စားပွဲပေါ်မှတက်၍ မျက်နှာကြက်အပေါက်မှ တက်သွားပြီးလျှင် အပေါ်မှနေ၍–

"အောင်မယ် ဒီကနေပြီး အမိုးပေါ်တက်တဲ့အပေါက် ရှိပါကလားဗျို့။ ခင်ဗျားတို့တွေ့ကြရဲ့လား။ ဟုတ်ပြီ၊ ဟုတ်ပြီ။ ကျုပ်ထင်တဲ့အတိုင်းပါပဲ" ဟု ပြော၍ အောက်သို့ တစ်ဖန် ဆင်းလာပြီးနောက်

"ဟော့ ဘိုးမှိုတို့"

"အခန်းပြင်မှာ ဘုရား"

ခိုင်။ ။ "ကိုင်း မောင်ဘိုးကဲကို ခေါ်ခဲ့ကြဟေ့။ ကိုင်း မောင်ဘိုးကဲ မောင်မင်းကို ကျွန်ုပ် မောင်းဘိုးရွဲသတ်မှုနဲ့ ယခု ဖမ်းဆီးရလိမ့်မယ်"

ကဲ။ ။ "ကိုင်း ကျွန်တော် မပြောဘူးလားခင်ဗျာ။ ဒါကြောင့် ကျွန်တော် မပြောဘူးလားခင်ဗျာ။ ကျွန်တော့်ကို ထင်ပါလိမ့်မယ်လို့ ကျွန်တော် အထင်သားကပဲခင်ဗျာ"

ရှား။ ။ "ကိစ္စမရှိပါဘူး မောင်ဘိုးကဲ။ မကြောက်ပါနဲ့။ ဒီအမှုကို ကျုပ် တတ်အားသမျှ ကူညီပြီး ရှင်းလင်းအောင် လုပ်ပေးပါမယ်။ စိတ်သာချနေပါ။ မစိုးရိမ်ပါနဲ့"

ခိုင်။ ။ "တယ်ပြီးလည်း အာမခံ မရဲနဲ့ဗျနော်။ တော်တော်ကြာတော့ ကိုယ့်စကားနဲ့ ကိုယ့်ပတ်ဆိုတာလို ဖြစ်နေမယ်။ မရဲဘဲနဲ့ ကျွဲမစီးနဲ့ဗျ ကိုစံရှား"

ရှား။ ။ "စိတ်ချပါ ကိုအုန်းခိုင်၊ ကိုင်း ခင်ဗျားသိချင်ရင် ဒီအခန်းတွင်းကို မနေ့ကလာတဲ့ လူနှစ်ယောက်အနက် တစ်ယောက်အကြောင်းကို အမည်နာမနဲ့တကွ ကျုပ် ပြောပြလိုက်မယ်။ သူ့နာမည်ကတော့ မောင်မိုးသီးပါတဲ့ဗျာ။ ဒီလူဟာ စာကောင်းကောင်း မတတ်ဘူး။ ဖျတ်ဖျတ်လတ်လတ်၊ လက်ယာဘက် ခြေထောက်က သစ်သားခြေထောက် တပ်ထားတယ်ဗျ။ အသက်ကတော့ ဖြင့် လူလတ်ထဲကပဲ။ အသားခပ်ညိုညို၊ ထောင်များလည်း ကျဖူးတယ်။ ဒီအချက်တွေရယ်၊ သူ့လက်ဖဝါးမှာ အသားနည်းနည်း စုတ်ပြီးနေတယ်ဆိုတဲ့ အချက်ရယ် စုပေါင်းပြီး ထည့်လျှင် ဒီလူကို ခင်ဗျား ရှာဖို့မခက်လှဘူး မှတ်တယ်။ ဒို့ပြင် တစ်ယောက်ဟာကတော့..."

ခိုင်။ ။ (ပြောင်လှောင်လိုသော မျက်နှာထားနှင့်) "ကိုင်း ဆိုပါဦးတဲ့ဗျာ။ ဒို့ပြင်တစ်ယောက်လည်း ပါသေးသတဲ့ကိုး။ ဆိုပါဦးဗျာ"

မောင်စံရှားလည်း ကိုအုန်းခိုင်၏ ကြားဖြတ်၍ပြောသော စကားကို အမှုမထားသော မျက်နှာထားနှင့် ဆက်လက်၍–

mgyoe.com

mgyoe.com


"ဒီပြင်တစ်ယောက်လူကတော့ တော်တော်ထူးဆန်းတဲ့ လူတစ်ယောက်ပဲ။ သို့သော် မကြာမီအတွင်း သူတို့နှစ်ယောက်လုံးနဲ့တွေ့ရအောင် ကျုပ် စီမံနိုင်စရာ ရှိပါရဲ့လေ။ ကိုင်း ဒါထက် ကိုသိန်းမောင်။ ခင်ဗျားနဲ့ စကားကလေး တစ်ခွန်း ပြောပါရစေဗျာ" ဟု ကျွန်တော့်အား ပြောသဖြင့် ကျွန်တော်လည်း မောင်စံရှားနှင့်အတူ အခန်းပြင်သို့ လိုက်သွားလေလျှင်–

ရှား။ ။ "ကိုင်း ကိုသိန်းမောင်၊ ခင်ဗျားလည်း ဒီကိစ္စမှာ တစ်နေရာက ဆောင်ရွက်ရလိမ့်မယ်ဗျို့"

ကျွန်တော်။ ။ "မနှင်းညွန့်၏အမှုဖြစ်သဖြင့် တစ်နေရာမကပါဘူးဗျာ၊ ဆယ်နေရာက ဆောင်ရွက်ဆိုရင် ဆောင်ရွက်ပါမယ်"

ရှား။ ။ "ကိုင်း ဒါဖြင့် ဒီလိုလုပ်ပေတော့။ ဒီအမှုကို ကျုပ်တို့ ပူပူနွေးနွေးကိစ္စပြီးအောင် ဆောင်ရွက်ကြမှ တော်မယ်။ ရက်ရွှေ့နေရင် နေရာမကျဘူး။ မနှင်းညွန့်ကို ခေါ်ပြီး သူ့အိမ်ရောက်အောင်လိုက်ပို့။ ပို့ပြီး ကြည့်မြင်တိုင် ဘော်ဂါတန်း ဦးကြီးဆိုတဲ့ အဘိုးကြီးအိမ်ကို သွား။ သွားပြီး ခွေးတစ်ကောင် ယူခဲ့။ သူပေးလိုက်လိမ့်မယ်။ ကျုပ်လည်း စာရေးပေးလိုက်မယ်။ ကျုပ်တို့က ကျုပ်တို့ဘာသာ ကိုယ့်နည်းနဲ့ကိုယ်လုပ်။ ဒီက ကိုအုန်းခိုင်တို့ကလည်း သူတို့နည်းနဲ့ သူတို့ လုပ်ကြလိမ့်မယ်။ ဩော် နေဦး။ ဒီက ကိုဘိုးကဲ မော်တော်ကား ယူသွားပေတော့။ မကြာစေနဲ့နော်။ အခု နာရီပြန် တစ်ချက်တောင် ကျော်သွားပြီ။ မလင်းခင် စပြီး လိုက်ရရင် ကောင်းတယ်"

ငင်းနောက် ကျွန်တော်လည်း မောင်စံရှားပေးသော စာကိုယူ၍ မနှင်းညွန့်နှင့်အတူ ၎င်း၏အိမ်သို့ မော်တော်ကားနှင့် လိုက်၍ပို့ပြီးလျှင် ကြည့်မြင်တိုင်သို့ သွားရောက်၍ မှာထားသည့်အတိုင်း ခွေးကိုယူခဲ့ပြီးလျှင် နာရီပြန် နှစ်ချက်ကျော်ကျော်ခန့်တွင် မောင်စံရှားထံ ပြန်ရောက်လေ၏။

ဝင်းတွင်းသို့ ပြန်ရောက်လျှင် မောင်စံရှားလည်း လှေကားပေါ်မှ ဆင်းလာ၍–

"ခွေးပါသလားဗျို့။ ဩော် နေရာကျပြီဗျို့။ ဒါထက် ကိုအုန်းခိုင်ဖြင့် ပြန်သွားပြီဗျို့။ မောင်ဘိုးကဲတင် မကဘူး။ ဒီအိမ်က အိမ်စေကို ကိုကျော်လှရော ထမင်းချက်တဲ့ မိန်းမကြီးရော အကုန်ဖမ်းသွားလေရဲ့ဗျို့။ တစ်အိမ်လုံးကို ရှင်းသွားပြီ။ သူထားခဲ့တဲ့ ပုလိပ်တစ်ယောက်ပဲ ရှိရစ်ပေတော့တယ်။ ကိုင်း လာပါဦးဗျ၊ အိမ်ပေါ်ကို"

ကျွန်တော်တို့လည်း ခွေးကို အိမ်အောက်တွင် ချည်နှောင်ထားခဲ့၍ ယခင်က အခန်းတွင်းသို့ ရောက်ကြလေလျှင် အလောင်းမှာမူ အဝတ်တစ်ခုဖြင့်

mgyoe.com

mgyoe.com


ဖုံးအုပ်လျက်ရှိရာ ပုလိပ်တစ်ယောက်လည်း အခန်း၀၌ စကြံလျှောက်ကာ ရှိနေလေ၏။ မောင်စံရှားလည်း ပုလိပ်သားထံမှ ကျားမျက်လုံးမီးအိမ်ကို ငှားယူပြီးနောက်–

"ကိုင်း ကိုသိန်းမောင်၊ ဒီကားချပ်ကို လည်ပင်း တစ်ဆိတ် ဆွဲပေးစမ်းဗျ။ အဲ ဟုတ်ပြီ။ ကိုင်း ကျုပ် ဖိနပ်နဲ့ ခြေအိတ်လည်း ချွတ်ရဦးမယ်။ ခင်ဗျား လက်ကိုင်ပ၀ါ ပါသလား။ အဲ ဟောဟိုက ကတ္တရာစေးမှာ နှစ်စမ်းဗျာ။ ဟုတ်ပြီ။ ကိုင်း မျက်နှာကြက်ပေါ် ခင်ဗျား ခဏလောက် လိုက်ခဲ့ပါဦးဗျာ"

ကျွန်တော်လည်း မောင်စံရှားနှင့်အတူ မျက်နှာကြက်ပေါ်သို့ တက်သွားကြပြီးနောက် မြူမှုန်များတွင် ထင်လျက်ရှိသော ခြေရာများကို ကြည့်ရှုကြပြီးလျှင်–

**ရှား**။ ။ "ဒီခြေရာကလေးတွေကို သေသေချာချာ ခင်ဗျား ထပ်ပြီး ကြည့်စမ်းပါဦးဗျာ။ ဘာများ ထူးခြားတာ ခင်ဗျားတွေ့သလဲ"

**ကျွန်တော်**။ ။ "ကျွန်တော်ဖြင့် ထူးခြားတာ မတွေ့လှပါဘူးဗျာ။ ကလေးခြေရာလား၊ သို့မဟုတ် အင်မတန် ခြေသေးတဲ့ မိန်းမခြေရာလား မှတ်တာပါပဲဗျ"

**ရှား**။ ။ "ဩော် ခင်ဗျားက ငယ်လို့ပြောတာကိုး။ ကိုင်းဗျာ။ သေးငယ်တဲ့အပြင် ဘာများထူးခြားသေးသလဲဗျာ"

**ကျွန်တော်**။ ။ "ကျွန်တော်ဖြင့် အရွယ်ငယ်တဲ့အပြင်တော့ ထူးခြားပုံ မတွေ့ပါဘူးဗျာ"

**ရှား**။ ။ "ခင်ဗျားက မကြည့်တတ်ပဲတာကိုးဗျ။ ဒီမှာ ကြည့်စမ်းဗျ။ ဒီဟာက လက်ယာဘက်ခြေရာ မဟုတ်လား။ ဟောကြည့် ကျုပ်က ဒီဘက်က ခြေရာတစ်ခု ချလိုက်မယ်။ ကိုင်း ကျုပ်ခြေရာနဲ့ သူ့ခြေရာနဲ့ နှိုင်းယှဉ်ကြည့်စမ်း။ ဘာများ ထူးခြားသလဲ"

**ကျွန်တော်**။ ။ "ခင်ဗျားခြေရာကတော့ ခြေချောင်းကလေးတွေဟာ စုပြီးနေတယ်။ သူ့ခြေရာကတော့ ခြေချောင်းတစ်ခုနဲ့ တစ်ခု အင်မတန် ဝေးပြီး ကွဲကွဲပြားပြား ရှိတယ်"

**ရှား**။ ။ "အဲ ဟုတ်တယ်ဗျ၊ ဒီအချက်ပဲ အရေးကြီးတာ။ ဒီအချက် ခင်ဗျားမှတ်ထားနော်။ မမေ့စေနဲ့။ ကိုင်း ဟောဟိုက အမိုးပေါ်တက်တဲ့ အပေါက်ဘောင်စွန်းကို နမ်းကြည့်စမ်း။ ပေး ပေး ခင်ဗျား လက်ကိုင်ပ၀ါ ကျုပ်ကို ပေးထားခဲ့"

mgyoe.com

mgyoe.com


ကျွန်တော်သည် မောင်စံရှားစေခိုင်းသည့်အတိုင်း နမ်းကြည့်ရာ ကတ္တရာစေးအနံ့ ပြင်းစွာထွက်လျက်ရှိသည်ကို တွေ့ရှိရလေ၏။

ရှား။ ။ "အဲဒါ ဟိုတစ်ယောက် ခြေထောက်ချသွားတဲ့ နေရာပဲဗျ။ ကိုင်း ဒီခြေရာကို ခင်ဗျားတောင် အနံ့ရရင် ဟိုခွေးဆိုရင် ဘာပြောစရာ ရှိမလဲဗျာ။ ကဲ ကဲ ခင်ဗျား အိမ်အောက်ဆင်းသွားပြီး ခွေးဖြုတ်ထားပြီး ဝင်းထဲက ကျုပ်ကို စောင့်နေနှင့်ဗျို့"

ကျွန်တော်လည်း အိမ်အောက်ကို ဆင်းသွား၍ ခွေးကိုဖြုတ်ပြီးနောက် ဝင်းတွင်းမှ စောင့်စိုင်းလျက်ရှိရာ မောင်စံရှားမှာ အိမ်မိုးပေါ်သို့ ရောက်ပြီးနောက် အမိုးတစ်လျှောက် တရွရွ တွားလျက်ရှိသည်ကို တွေ့မြင်ရလေ၏။ အိမ်စွန်းတံစက်မြိတ်သို့ရောက်လျှင်–

ရှား။ ။ "ကိုသိန်းမောင်လားဗျို့"

ကျွန်တော်။ ။ "ဟုတ်တယ်"

ရှား။ ။ "ဒီအနားတိုးခဲ့ဗျာ။ ကျုပ် အောက်တည့်တည့်က မည်းမည်းဟာ ဘာလဲဗျို့"

ကျွန်တော်။ ။ "စည်ကြီး ထောင်နေတာဗျို့"

ရှား။ ။ "မြဲရဲ့လား"

ကျွန်တော်။ ။ (လှုပ်၍ကြည့်ပြီးနောက်) "မြဲပါတယ်"

ရှား။ ။ "လှေကားများ မမြင်ဘူးလား"

ကျွန်တော်။ ။ "မမြင်ဘူးဗျို့"

ရှား။ ။ "အင်း တော်တော်စွန့်တဲ့လူပဲဗျို့။ ကိုင်း သူ ဆင်းနိုင်ရင် ကျုပ် ဘာဖြစ်လို့ မဆင်းနိုင်ရမှာလဲ၊ ကိုင်း လာလေဗျို့"

မောင်စံရှားလည်း ပေါ့ပါးသော လူတစ်ယောက် ဖြစ်သည်အတိုင်း အိမ်မိုးစွန်းမှ စည်ပေါ်သို့ ဖျတ်လတ်စွာ ခုန်ချ၍ စည်ပေါ်မှ တစ်ဖန် မြေပေါ်သို့ သက်ဆင်းပြီးနောက် ကျွန်တော်၏လက်မှ ခြေအိတ်နှင့် ဖိနပ်ကို လှမ်းယူ၍ စွပ်ပြီးလျှင်

"အိမ်မိုးပေါ်မှာ ကျုပ်တို့လူက ဟောဒီဟာကလေး ချပစ်ခဲ့တယ်ဗျို့။ ကျုပ်တွေ့လို့ ကောက်ယူလာခဲ့သေးတယ်" ဟု ပြောပြီးလျှင် မြက်ဖြင့်ရက်ထားသော အိတ်ငယ်တစ်ခုကို ကျွန်တော့်အား ပြလေ၏။ ကျွန်တော်သည် မြက်အိတ်ငယ်ကို လှမ်းယူ၍ ဖွင့်ကြည့်ရာ အိတ်အတွင်း၌ကား အဆိပ်လူးလျက်ရှိသည့် ယခင်က ဆူးငယ်ပေါင်းဆယ်ခုမျှကို တွေ့ရှိရလေ၏။

mgyoe.com

mgyoe.com


ရှား။ ။ "သတိနဲ့ကိုင်ဖျို့နော် ကိုသိန်းမောင်၊ လက်စူးသွားရင် ဘိုးရွဲလို ခင်ဗျားဖြစ်ပြီးသားပဲ။ ဒီအိတ်ကလေးတွေ့တာလည်း ကျုပ်တို့ ကံကောင်း ကောင်းပဲ။ ဒီအကောင်မှာ ဒီလက်နက်ဟာ အကုန်ပဲမှတ်တယ်။ ဒို့ပြင် ရှိပုံမပေါ်ဘူး။ ဒီလက်နက် သူတို့မှာရှိနေရင် သူတို့ဖမ်းဖို့ ခပ်ကျပ်ကျပ်ပဲ။ ကိုင်း ကိုသိန်းမောင် ခရီးတော်တော်ဝေးဝေး လမ်းလျှောက်နိုင်ပါဦးမလား"

ကျွန်တော်။ ။ "လျှောက်နိုင်ပါသေးတယ်ဗျာ"

ရှား။ ။ "ကိုင်း လာ၊ ဒါဖြင့် ပေးပေး၊ ကျုပ်ကို ခွေးပေး" ဟု ပြောသဖြင့် ကျွန်တော်လည်း ခွေးလည်ပတ်တွင်ချည်ထားသော သံကြိုးကို ပေးလိုက်ရာ မောင်စံရှားလည်း ယခင်က ကတ္တရာစေးလူး၍ထားသော လက်ကိုင်ပဝါကို ခွေး၏နှာခေါင်းသို့ ကပ်ပြီးနောက်–

"ကိုင်း ဘော်ဘီ၊ နမ်းစမ်းဟေ့၊ နမ်းစမ်း။ အနံ့ရရဲ့လား" ဟု ခွေးအား နားလည်ဘိသကဲ့သို့ ပြောလေလျှင် ခွေးလည်း နားလည်ဘိသကဲ့သို့ ဖြည်းညင်းစွာ အသံမြည်လျက် ရှိနေ၏။

၎င်းခွေးမှာ ကျွန်တော်တို့ မြန်မာပြည်၌ ပေါက်ဖွားသော ခွေးမျိုးမဟုတ်။ အင်္ဂလန်ပြည်ပေါက် ခွေးမျိုးဖြစ်လေရာ နှုတ်သီးချွန်းချွန်း နားရွက်ဖားဖားနှင့် ပြောက်ကျားသော ကိုယ်ရှိလျက် အလွန်တရာ သိတတ်သော တိရစ္ဆာန်မျိုး ဖြစ်လေသည်။

၎င်းနောက် မောင်စံရှားလည်း လက်ကိုင်ပဝါကို အဝေးသို့ ပစ်လိုက်ပြီးနောက် ခွေးကို စည်ရှိရာသို့ ယူသွား၍ စည်ပေါ်သို့ အနံ့ခံစေပြီး ၎င်းစည်၏ ထိပ်၌ ထိုသူ ခြေချ၍သွားသော နေရာဖြစ်သဖြင့် ကတ္တရာစေးနံ့ ပြင်းစွာထွက်လျက်ရှိသည်ဖြစ်သောကြောင့် ဘော်ဘီသည် နားလည်သည့်လက္ခဏာနှင့် တဟီဟီ မြည်ပြီးလျှင် ထိုသူသွားသောခြေရာကို ခံ၍ လိုက်သွားရာ ကျွန်တော်တို့မှာ သံကြိုးကိုကိုင်လျက် ခွေးနောက်မှ လိုက်ပါသွားကြရလေ၏။

ထိုအချိန်၌ကား အရုဏ်တက်ပြီဖြစ်၍ အရှေ့အရပ်မှ ရဲရဲနီလျက် လင်းရောင် အနည်းငယ်လာလျက်ရှိရာ ခွေးလည်း အိမ်ဝင်းပေါက်မှထွက်ပြီးနောက် အနောက်သို့စူးစူး အနံ့ခံလျက် လိုက်သွားသဖြင့် ကျွန်တော်တို့သည် နောက်မှ လိုက်ပါလာခဲ့ကြရလေ၏။

ယင်းကဲ့သို့ ခွေးနောက်မှ သံကြိုးကိုဆွဲကာ လိုက်ပါသဖြင့် ခွေးလည်း အနောက်သို့ ချိုးချည်တစ်ခါ တောင်သို့ကွေ့ကျည်တစ်လှည့်နှင့် ရှေ့မှ လျှင်မြန်စွာ ပြေးသွားလျက်ရှိရာ ဘက်ပတစ်ကောလိပ်ကျောင်းအနီး ဓာတ်ရထားလမ်းသို့

mgyoe.com

mgyoe.com

ရောက်လေလျှင် ခွေးသည် တောင်ဘက်သို့ လိုက်မည်လိုလို၊ မြောက်ဘက်သို့ လိုက်မည်လိုလို မဝေခွဲနိုင်အောင်ရှိနေသည့် လက္ခဏာနှင့် ကျွန်တော်တို့၏မျက်နှာကို မော့ကာ မော့ကာ ရှိနေလေ၏။ ၎င်းနောက် မြေသို့ ခေတ္တမျှ အနံ့ခံပြန်ပြီးလျှင် ခွေးလည်း အနံ့ခံမိသည့်လက္ခဏာနှင့် မြောက်စူးစူးသို့ စွတ်၍ အမြီးနှံ့ကာ လိုက်သွားပြန်လေ၏။

ယင်းကဲ့သို့ ဓာတ်ရထားလမ်းတစ်လျှောက် လိုက်လာကြစဉ် ကျွန်တော်က–

"နေပါဦး ကိုစံရှားရယ်၊ ဒီအမှုမှာ ကတ္တရာစေးကလည်း အခန်းထဲမှာ ဖိတ်နေပြန်၊ ဒီလူကလည်း အမှတ်တမဲ့ ကတ္တရာစေးမှာ ခြေထောက်ချမိပြန်၊ ဒါကြောင့်သာ ကျုပ်တို့ ခြေရာခံနိုင်တော့တာပလေ။ ဒီလိုမဟုတ်လျှင် ဖြင့် အခက်သားကပဲ"

**ရှား**။ ။ "ဘာခက်လိမ့်မလဲဗျ။ ဒီနည်းက အလွယ်ဆုံးမို့လို့ ကျုပ်တို့ လိုက်တာကိုးဗျ။ ဒီလို ကတ္တရာစေးနံ့နှင့် ခြေရာခံပြီး လိုက်ဖို့ မရှိဘူးဆိုရင်လည်းပဲ ဒို့ပြင်နည်းနဲ့ ကျုပ် လိုက်ဦးမှာပေါ့ဗျ"

**ကျွန်တော်**။ ။ "ဒါထက် သစ်သားခြေထောက်နှင့်လူဆိုတဲ့အကြောင်း ခင်ဗျား ဘယ့်နှယ်ကြောင့် သေသေချာချာသိသလဲဗျာ။ ကျွန်တော်ဖြင့် ကောင်းကောင်း နားမလည်သေးပါဘူးဗျာ"

**ရှား**။ ။ "ဘာခက်သလဲဗျာ အရှင်းကြီးကပဲ။ မြန်မာစစ်မှုထမ်း နှစ်ယောက်ဟာ စစ်မြေပြင်မှာ စစ်မှုထမ်းလျက်ရှိစဉ် စစ်သားများအနက်မှ ပြစ်မှုကျူးလွန်တဲ့လူများကို စောင့်ကြပ်ဖို့ တာဝန်ကျတယ်။ ဒီအတွင်းမှာ ပစ္စည်းများ မြှုပ်နှံထားတဲ့အကြောင်းကို သူတို့ တစ်နည်းနည်းနဲ့ သိတယ်။ သိတော့ကာ သူတို့အတွက် မောင်မိုးသီးဆိုတဲ့ လူက မြှုပ်ထားတဲ့နေရာကို မြေပုံများဆွဲပြီးပြတယ်။ ဒီတော့ကာ ဒီက မောင်မိုးသီးဆိုတဲ့သူက သူကိုယ်တိုင် ကတော့ အကျဉ်းချုပ်ခံနေရလေတော့ တူးနိုင်တဲ့အရာရှိများကို နေရာနဲ့တကွ ရေးပြီးပြတာကိုးဗျ။ ပြတော့ ဂျမဒါဦးထွန်းကျော်နဲ့ ဦးသာဟန် နှစ်ယောက်လုံးပဲလား သို့မဟုတ် တစ်ယောက်တည်းပဲလား သွားပြီးပစ္စည်းများကို တူးယူတယ်။ ယူပြီး တစ်စုံတစ်ခု သူက ကတိထားခဲ့တဲ့အတိုင်း မဆောင်ရွက်ဘဲ ထိုလူတွေပစ်ထားခဲ့ပြီး သူ့ဘာသာ မြန်မာပြည်ကို ပြန်ပြေးလာခဲ့တာကိုးဗျ"

**ကျွန်တော်**။ ။ "ခင်ဗျားဥစ္စာက တွေးလုံးပဲရှိတာကိုးဗျ။ ဟုတ်တယ် မဟုတ်ဘူးဆိုတာ တပ်အပ်ပြောနိုင်တာမှ မဟုတ်ဘဲ"

mgyoe.com

mgyoe.com

ရှား။ ။ "တပ်အပ်မှ တကယ့် တပ်အပ်ကြီးပေါ့ဗျာ။ ဒီနည်းမဟုတ်ရင် ဒို့ပြင်နည်းများ ဖြစ်နိုင်ဦးမလဲဗျ။ ဒါနဲ့ ဘိုးကဲတို့ ဘိုးရွဲတို့အဖေ ဂျမဒါ ဦးထွန်းကျော်က ပစ္စည်းတွေယူလာခဲ့ပြီး ချမ်းချမ်းသာသာနဲ့ နေထိုင်တုန်း မှာ စာတစ်စောင် ရတာကိုးဗျ။ ဒီစာက ဘာစာတဲ့လဲ။ သူပြစ်မှားခဲ့တဲ့ လူတွေဟာ ထောင်ကလွတ်ကုန်ကြပြီဆိုတဲ့ အကြောင်း စာရတာကိုးဗျ။ ဒါကြောင့် ဒီလူ ဒီလောက် တုန်လှုပ်တာပေါ့ဗျာ"

ကျွန်တော်။ ။ "ဆိုပါဦးဗျာ"

ရှား။ ။ "ဒီစာ ရပြီးတဲ့နောက် သစ်သားခြေထောက်နဲ့လူများ မြင်ရင် အင်မတန်ကြောက်တတ်တယ်လို့ မောင်ဘိုးကဲက ပြောတယ်မဟုတ်လား။ ကျုပ်တို့ပြည်မှာ သစ်သားခြေထောက်တပ်ရတဲ့လူလည်း အရှားကြီးပါဗျာ။ ကျုပ် ဖြင့် တစ်ယောက်ပဲ မြင်ဖူးပါတယ်။ မီးရထားနင်းမိလို့ ဒူးဆစ်က ဖြတ်ပြီး သစ်သားခြေထောက် တပ်ရရှာတယ်ဆို ထင်ပါရဲ့။ အဲဒီလူကို သူက သူ့လူမှတ်လို့ သေနတ်နဲ့ သွားအပစ်မှာ ဒဏ်ငွေတောင် တော်တော်လျော်လိုက် ရသေးတယ်ဆို မဟုတ်လား။ ကျုပ်ပြောတဲ့လူဟာ မြန်မာဗျနော်၊ မှတ်ထား"

ကျွန်တော်။ ။ "ဟုတ်ကဲ့ဗျာ"

ရှား။ ။ "ကိုင်း၊ ခုနက မြေပုံမှာ လက်မှတ်ထိုးတဲ့လူလေးယောက် အနက် တစ်ယောက်တည်းသာ မြန်မာ ပါတယ်ဗျ။ ဒို့ပြင်ဟာတွေက ဟိန္ဒူ တွေ၊ မူဆလင်တွေချည်းပဲ ဟုတ်စ"

ကျွန်တော်။ ။ "ဟုတ်ပါတယ်ဗျာ"

ရှား။ ။ "ဒီတော့ကာ သစ်သားခြေထောက်နဲ့ မြန်မာဟာ မောင်မိုးသီး မဟုတ်ရင် ဘယ်သူဟုတ်နိုင်မလဲဗျ"

ကျွန်တော်။ ။ "ဟုတ်ပါပေတယ်ဗျာ"

ရှား။ ။ "ကိုင်း ကိုင်း ကျုပ်တို့ ကိုယ်ကို မောင်မိုးသီးနေရာမှာ ထားပြီး ကြည့်လိုက်ကြဦးစို့။ မောင်မိုးသီးဟာ ထောင်က လွတ်လာပြီးတဲ့နောက် သူရထိုက်သော ပစ္စည်းများကို ပြန်ရရန်တစ်ကြောင်း၊ သူ့အပေါ်၌ မတရားသဖြင့် ပြုကျင့်သွားတဲ့လူများကို လက်စားချေရန်တစ်ကြောင်း လာခဲ့တယ်။ လာပြီး ဂျမဒါ ဦးထွန်းကျော်နေထိုင်တဲ့အရပ်ကို သူ မေးမြန်းစုံစမ်းလို့ တွေ့ရော၊ တွေ့ တော့ကာ အတွင်းလူတစ်ယောက်နဲ့ သူ ပူးပေါင်းရော။ ပူးပေါင်းပြီး အတွင်း စကားများရအောင် တီးခေါက်ကြည့်။ ကြည့်ပေမဲ့ ပစ္စည်းမြှုပ်ထားတဲ့နေရာ သူ မသိဘူးဗျ။ ဒါနဲ့ ဒီလိုနေတုန်း ဦးထွန်းကျော် မနည်းဖြစ်နေတယ်လို့ သူ သတင်းရရော။ ရတော့ ဦးထွန်းကျော်များ သေသွားရင် ပစ္စည်းတွေ သူ မရရစ်မှာ

mgyoe.com

mgyoe.com

စိုးရိမ်အားကြီးလွန်းတာနဲ့ အရဲစွန့်ပြီး ဝင်းထဲဝင်။ ဝင်ပြီး ပြေတင်း ပေါက်က ချောင်းနားထောင်နေတုန်းမှာ သေခါနီးဆဲဆဲ ဦးထွန်းကျော် မြင်သွားတယ် မဟုတ်လားဗျ။ ဦးထွန်းကျော် သေပြီးတဲ့နောက် ဒီညမှာပဲ အိမ်ထဲကို သူ ဖောက်ပြီးဝင်။ ဝင်ပြီး ပစ္စည်းတွေ မွှေနှောက်ရှာ။ ရှာပေမဲ့ မတွေ့လေတော့ အလောင်းမှာတောင် စာကပ်ပြီး ထားခဲ့သေးတယ်မဟုတ်လားဗျ။ မှတ်မိတယ် မဟုတ်လား"

ကျွန်တော်။ ။ "မှတ်မိပါတယ်"

ရှား။ ။ "ကိုင်း ဦးထွန်းကျော် သေရော။ သေတော့ ဒီက မောင်မိုးသီး က ဘာလုပ်သလဲ။ သူက တခြားကနေပြီး ပစ္စည်းများကို ဟိုသူတွေရှာတာ၊ တွေ့တယ် မတွေ့ဘူးဆိုတာ သတင်းနားထောင်နေတာကိုးဗျ။ နောက်တော့ ပစ္စည်းတွေ မျက်နှာကြက်ပေါ်မှာ တွေ့တယ်ဆိုတာ သူ သတင်းရရော။ ရတော့ သူကတော့ သစ်သားခြေထောက်ကြီး မစွမ်းမသန်ဖြစ်လေတော့ အဖော်တစ် ယောက် ခေါ်ပြီး အကြံအစည်ပြု။ ပြုတဲ့အကြံအတိုင်းလည်း အောင်မြင်ပါပေရဲ့။ သို့သော် အဖော်လုပ်တဲ့လူဟာက ကတ္တရာစေးထဲမှာ ခြေချမိလို့ ခက်ရှာကြတာ ကိုးဗျ"

ကျွန်တော်။ ။ "ဘိုးရွှဲကိုသတ်တာက မောင်မိုးသီးက သတ်တာလား၊ အဖော်လုပ်တဲ့လူဟာက သတ်တာလားဗျာ"

ရှား။ ။ "မောင်မိုးသီးက သတ်မယ်မဟုတ်ဘူး။ အဖော်ဟာက သတ်တယ်ထင်တယ်။ မိုးသီးက ရန်ငြိုးကြီးတာက ဘိုးရွှဲတို့အဖေအပေါ်မှာသာ ရန်ငြိုးကြီးတာကိုးဗျ။ အခန်းထဲမှာ သူ့ခြေရာတွေ နင်းထားပုံကြည့်ရတော့ သူ့ အဖော်က ဘိုးရွှဲကိုသတ်ထားနှင့်လို့ မိုးသီးက စိတ်ပေါက်ပြီး ကြမ်းပေါ်မှာ ဆောင့်ကြီးအောင့်ကြီးနှင့် နင်းထားတဲ့ လက္ခဏာပဲ။ သို့ပေမဲ့ လွန်ပြီးတဲ့အမှုမို့ သူမတတ်နိုင်လေတော့ အလောင်းကို အသာထားခဲ့ပြီး ပစ္စည်းတွေယူပြီး ထွက် သွားကြတာကိုးဗျ။ ကိုင်း ဒို့ပြင် ခင်ဗျား ဘာများသိချင်သေးသလဲ"

ကျွန်တော်။ ။ "သူ့အဖော်အကြောင်း ပြောပါဦးဗျာ။ သူ့အဖော်ဟာက လူထူးတစ်ယောက်ပဲထင်တယ်"

ရှား။ ။ "ထူးပသော်ကောဗျာ။ အင်မတန်ထူးတဲ့လူပေါ့။ သို့သော် သူ့အကြောင်း ခင်ဗျား နောက်တော့သိပါလိမ့်မယ်" ဟု ပြောရင်းဆိုရင်းနှင့် လျှောက်လာကြသဖြင့် ကြည့်မြင်တိုင်သို့ ရောက်လာကြရာ ၎င်းအရပ်၌ ကားလမ်း အသစ် ပြင်ဆင်ခင်းကျင်းလျက်ရှိသဖြင့် ခွေးလည်း နံဘေးမှလျှောက်၍ ပြေးသွား

mgyoe.com

လေ၏။ တစ်ခဏမျှ ကြာကေလလျှင် ခွေးလည်း လမ်းနံဘေးတွင်ရပ်လျက် ရှိသော လှည်းငယ်ကလေးသို့ ပြေးသွား၍ လက်ခြေတို့ဖြင့် ကုတ်ခြစ်ကာ မြည်အော်လျက်ရှိလေ၏။ ၎င်းလှည်းငယ်မှာ အခြားမဟုတ်။ ရန်ကုန်မြို့ပေါ်၌ လမ်းများပြင်သည့်အခါ ကတ္တရာစေးများကိုထည့်၍ အရည်ကျိုသော လှည်းငယ် ကလေးပင် ဖြစ်လေကြောင်း။

ကျွန်တော်တို့လည်း ဤမျှလောက် အပင်ပန်းခံ၍ လိုက်လာပြီးနောက်မှ ဤကတ္တရာစေး လှည်းငယ်တွင် လမ်းဆုံးလျက်ရှိသည်ကို တွေ့ရသဖြင့် မောင်စံရှားမှာ အလွန်တရာ စိတ်ရှုပ်သောမျက်နှာထားနှင့် ရှိသည်တွင် ကျွန်တော်လည်း ဤတစ်ခါမှ လှောင်ပြောင်ရန် အခွင့်ပေါ်သဖြင့် လှောင်ပြောင်ကာ ရယ်မောလျက် ရှိစဉ် မောင်စံရှားလည်း ကျွန်တော်အား အရေးမယူဘဲ ခေတ္တ ဦးခေါင်းကို ဖျောက်ခါ စဉ်းစားတွေဝေစွာ ရှိနေပြီးနောက်–

"သြော် သိပြီဗျို့။ လာ လာ ခုနက ဘက်ပတစ်ကောလိပ်ကျောင်းနားက လမ်းဆုံမှာ ဘော်ဘီ အစဉ်းစားရကျပ်နေတဲ့နေရာ သိတယ်မဟုတ်လား။ အဲဒီက စပြီး သူမှားလာတာပဲ"ဟု ပြောပြီးလျှင် ကျွန်တော်တို့လည်း ခွေးကိုခေါ်၍ ယခင်ကနေရာသို့ ပြန်သွားကြရလေ၏။

ထိုနေရာသို့ရောက်လျှင် မောင်စံရှားလည်း ခွေးကို အနံ့ခံစေပြန်ရာ ဘော်ဘီသည် လမ်းဆုံရှိ မြေကြီးများကို နမ်းရှုပ်ကာ အနံ့ခံပြီးနောက် ယခင်က ကဲ့သို့ မြောက်ရပ်သို့ မသွားဘဲ တောင်စူးစူးသို့ ပြေးလွှားလိုက်သွားပြန်လေ၏။ ယင်းကဲ့သို့ တောင်စူးစူးသို့ ဓာတ်ရထားလမ်းအတိုင်း လိုက်လာကြပြန်သဖြင့် မော်တင်လမ်း* (ယခု–ဝါးတန်းလမ်း) သို့ရောက်လျှင် ဘော်ဘီလည်း တစ်ခုသော တိုက်ရှေ့၌ ပတ်ချာလှည့်၍ မြေ၌ အနံ့ခံပြီးနောက် အနောက်သို့လှည့်၍ ရေဆိပ် သို့ ဆင်းပြေးလေ၏။ ရေဆိပ်သို့ရောက်လျှင် ဘော်ဘီလည်း ရေစပ်သို့ရောက် အောင် နှာခေါင်းနှင့် မြေကြီးနှင့် ကပ်ကာ ပြေးသွားပြီးနောက် ရေစပ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ခြေရာပျောက်သွားသည့် လက္ခဏာနှင့် ကျွန်တော် တို့၏ မျက်နှာကို မော့ကြည့်ကာ မကြဲတတ်အောင် ရှိနေလေ၏။

ထိုအခါ မောင်စံရှားက "လာဗျို့ ကိုသိန်းမောင်၊ ကျုပ် ရိပ်မိပြီ" ပြော၍ ယခင်က ခွေးရပ်၍ ပတ်ချာလှည့်ကာရှိခဲ့သော တိုက်သို့ သွားရာ ၎င်းတိုက်၌ ကား "မော်တော်ဘုတ်ငှားရန်ရှိသည်" ဟူသော ဆိုင်းဘုတ်တစ်ခုကို တွေ့လေ၏။

ထိုအခါ မောင်စံရှားသည် ၎င်းတိုက်တွင်းရှိ ကုလားမယားနှင့် သဏ္ဌာန် တူသော မိန်းမကြီးတစ်ယောက်အား မေးမြန်းကြည့်ရှုသဖြင့် သိရှိရသည်မှာ ၎င်း၏ ခင်ပွန်း အဗ္ဗဒူလာမှာ မနေ့မနက် မလင်းခင်အချိန်ကပင် လူတစ်ယောက်

mgyoe.com

က ငှားရမ်းသွားသဖြင့် မော်တော်ဘုတ်နှင့် လိုက်ပါသွားကြောင်း၊ မော်တော်ဘုတ်ငှားလာသူမှာ သစ်သားခြေထောက်တစ်ဖက်တပ်လျက် ရှိကြောင်း။ မနေ့ကတည်းက ထွက်သွားသည်မှာ ယခုတိုင် ပြန်မလာသေးသဖြင့် စိတ်မအေးရှိနေကြောင်း၊ ၎င်းသစ်သားခြေထောက်နှင့်သူမှာ မသွားမီ တစ်ရက်ကပင် လာရောက်၍ မော်တော်ဘုတ် အလိုရှိကြောင်းကို ပြောပြီးလျှင် စရံငွေပေး၍ထားနှင့်ကြောင်း၊ ၎င်းနှင့် အဖော်တစ်ယောက်ပါသည်ကို မိမိ မမြင်ကြောင်း၊ မော်တော်ဘုတ်မှာ အဝါရောင် ဆေးသုတ်၍ထားသည်ဖြစ်သောကြောင့် အခြားမော်တော်ဘုတ်များနှင့် မတူ၊ အလွယ်တကူနှင့် သိမြင်နိုင်ကြောင်းများနှင့် မိန်းမကြီးက ပြောဆိုလေလျှင် မောင်စံရှားလည်း ၎င်း၏ ကလေးအား မုန့်ဖိုးနှစ်ကျပ်မျှ ပေးပြီးနောက် ထွက်လာခဲ့လေ၏။

လမ်းခရီးတွင် ကျွန်တော်က "ကိုင်း၊ ဘယ့်နှယ်လုပ်မလဲဗျာ"

**ရှား။** ။ "ခင်ဗျားဖြင့် ဘယ့်နှယ်လုပ်မလဲ"

**ကျွန်တော်။** ။ "ကျွန်တော်ဖြင့် ဒီပြင်မော်တော်ဘုတ်တစ်စင်းငှားပြီး လိုက်မှာပေါ့"

**ရှား။** ။ "ဒီနည်း မကောင်းဘူးဗျ။ ဒီ့ထက်ကောင်းတဲ့နည်း ရှိသေးတယ်"

**ကျွန်တော်။** ။ "ဒါဖြင့် အင်စပိတ်တော် ဦးအုန်းခိုင်ကိုပြောပြီး ရေကြောင်းဘက် ပုလိပ် မော်တော်ဘုတ်နဲ့ လိုက်မယ်ဗျာ"

**ရှား။** ။ "ဒီလိုလည်း ကျုပ် မကြိုက်ဘူး။ ကျုပ်က ကျုပ်နည်းနဲ့ ကျုပ် လိုက်ပြီး နောက်ဆုံး သေချာပေါက်ရောက်မှ ပုလိပ်ကို ခေါ်ချင်တယ်"

**ကျွန်တော်။** ။ "ဒါဖြင့် ဘယ့်နှယ်လုပ်မလဲဗျာ"

**ရှား။** ။ "ဟိုအရင်က ရှမ်းပြည်နယ်က မနန်းစိန်တို့ အမှုတုန်းက ကျုပ် လက်ထောက်လေးတွေ မှတ်မိသေးတယ်မဟုတ်လား"

**ကျွန်တော်။** ။ "ဂေါ်ရင်ဂျီကုလားကလေးတွေဟာလား"

**ရှား။** ။ "အစစ်ပဲဗျ။ သူတို့ကတော့ ကျုပ်တို့မရောက်နိုင်တဲ့နေရာ သူတို့ရောက်နိုင်တယ်။ ကျုပ်တို့မဝင်နိုင်တဲ့ နေရာမှာ သူတို့က အင်မတန် အသုံးကျတယ်ဗျ။ ကိုင်း ကိုင်း ညက တစ်ညလုံးလည်း မအိပ်ရဘူး၊ ဒီကနေ့ တနင်္ဂနွေနေ့နော်။ တော်ပါသေးရဲ့။ ခင်ဗျား အလုပ်သွားဖို့မရှိဘူး။ ကဲ လာဗျာ၊ အိမ်ပြန်ပြီး အမောအပန်းဖြေကြဦးစို့ရဲ့"

အိမ်သို့ရောက်လျှင် မောင်စံရှားလည်း အစေခံတစ်ယောက်ကို စေလွှတ်လိုက်ပြီးနောက် ကျွန်တော်တို့လည်း ဆာလောင်မွတ်သိပ်လှသည့်အလျောက်

mgyoe.com

mgyoe.com

နံနက်စာ စားသောက်ပြီးကြသည်တွင် လှေကားမှ ဆူညံစွာ အသံကြားပြီးနောက် နှစ်ဆယ်ခန့်မျှသော ဂေါ်ရင်ဂျီကုလားကလေးတို့သည် အိမ်ပေါ်သို့ ပြေးတက်လာကြလေ၏။

ထိုအခါ မောင်စံရှားက ခေါင်းသူကြီး ဂေါ်ရင်ဂျီကုလားကလေးအား

"ဟေ့ အာပနား လာခဲ့ဦး၊ နောက်ကို ငါခေါ်ရင် မင်းတစ်ယောက်သာ အိမ်ပေါ်တက်ခဲ့။ ဒီပြင်လူတွေ တိုက်အောက်က စောင့်နေပစေ။ ကြားလား။ ကိုင်း ကိုင်း ဒီတစ်ခါတော့ အားလုံးတက်လာတာ ခပ်ကောင်းကောင်းပါပဲလေ။ ကိုင်း မင်းတို့အားလုံး နားထောင်ကြ" ဟု ပြောသဖြင့် ကုလားကလေးတို့လည်း စိတန်းကာ ရပ်တန့်လျက်ရှိကြလေလျှင်

ရှား။ ။ "မော်တင်လမ်း သိသလား"

ကုလားကလေးများ။ ။ (တစ်ပြိုင်နက် သွက်လက်စွာ) "သိတယ်အစ်ကို"

ရှား။ ။ "အေး မော်တင်လမ်းက စပြီး မြစ်ကြောင်းမှာ အထက်ဘက်ကို လူဆယ်ယောက်၊ အောက်ဘက်ကို လူဆယ်ယောက် ခွဲပြီး မော်တော်ဘုတ်တစ်စင်းကို တွေ့အောင်လိုက်ရှာရမယ်။ မော်တော်ဘုတ်က ဆေးအဝါရောင်သုတ်ထားတယ်။ မောင်းတဲ့ကုလားနာမည်က အပ္ပဒူလာတဲ့။ ကြားရဲ့လား"

ကုလားလေးများ။ ။ (တစ်ပြိုင်နက်) "ကြားတယ်အစ်ကို"

ရှား။ ။ "မင်းတို့ တွေ့အောင်ရှာရော့။ တွေ့ရင် ဟိုမှာ တစ်ယောက်အစောင့်ထားပြီး ငါ့ဆီလာ ချက်ချင်းလာပြော။ ကြားလား"

"ကြားတယ်အစ်ကို"

ရှား။ ။ "ကိုင်း နေ့တွက်က ခါတိုင်းနှုန်းပဲ။ တစ်ယောက် တစ်နေ့ ငါးမူး။ နောက်ပြီး လက်ဦးတွေ့တဲ့လူ ဆုငွေ ၁၀ိ ကြားလား"

"ကြားတယ်အစ်ကို"

ရှား။ ။ "ကိုင်း သွားကြတော့"ဟု ပြောလိုက်လျှင် ကုလားကလေးတို့လည်း ပျော်ရွှင်စွာ ဆင်းပြေးကြလေ၏။

ၚင်းနောက် ကျွန်တော်မှာ တစ်ညဥ့်လုံး မအိပ်ရသည်ဖြစ်၍ ပက်လက်ကုလားထိုင်ပေါ်၌ အိပ်ပျော်မိရာ မောင်စံရှားမှာမူ အနည်းငယ်မျှ အိပ်ချင်စိတ်မရှိဘဲ သတင်းစာဖြတ်ပိုင်း အဟောင်းများကိုလည်းကောင်း၊ ဗဟုသုတစာအုပ်ကြီးများကိုလည်းကောင်း လှန်လှောကာ ရှာဖွေလျက်ရှိလေ၏။

ညနေ သုံးနာရီခန့်ရှိသဖြင့် ကျွန်တော်လည်း အိပ်ရာမှ နိုးလေလျှင် မောင်စံရှားမှာ ပက်လက်ကုလားထိုင်ပေါ်၌ ဆေးတံသောက်ကာ စဉ်းစားစိတ်ကူးလျက်ရှိသည်ကို တွေ့ရှိရသည်ဖြစ်ရာ ကျွန်တော်နိုးသည်ကို မြင်သည်နှင့်–

mgyoe.com

mgyoe.com


ရှား။ ။ "ကိုသိန်းမောင်၊ အိပ်ရေးဝပြီလား"

ကျွန်တော်။ ။ "ဝပါပြီဗျာ"

ရှား။ ။ "ခင်ဗျား အိပ်တုန်းက ကျုပ် အချည်းနှီး မဖြစ်ဘူးဗျို့"

ကျွန်တော်။ ။ "ဘာများ တွေ့သလဲဗျာ"

ရှား။ ။ (အင်္ဂလိပ်သတင်းစာဖိုင်ဟောင်းတစ်ခုကို ကျွန်တော့်အား လှမ်း၍ပေးပြီးနောက်) "ဟောဒီမျက်နှာမှာ ဖတ်ကြည့်စမ်း" ဟု ပြောသဖြင့် ကျွန်တော်လည်း ဖတ်ကြည့်ရာ မြန်မာအဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း။

**စစ်မြေပြင်၌ လူသတ်မှုဖြစ်ပွားခြင်းအကြောင်း**

လွန်ခဲ့သည့် ဧပြီလ ၁၁ ရက်နေ့တွင် မက်ဆိုပိုတေးမီးယား စစ်မြေပြင်၌ မြန်မာစစ်သား တစ်ယောက်နှင့် အိန္ဒိယတိုင်းသား ကုလား စစ်သား သုံးယောက်တို့သည် ရန်သူလူမျိုးဖြစ်သော တူရကီသူဌေးတစ်ဦး ကို တိတ်တဆိတ် လက်ရ ဖမ်းဆီးပြီးလျှင် အထက်အရာရှိတို့ထံ ပို့သ ခြင်းမပြုဘဲ ၎င်းသူဌေးကြီးကို တိတ်တဆိတ် သတ်ဖြတ်၍ ၎င်း၏ပစ္စည်း ဥစ္စာများကို လုယက်ယူငင်ကြကြောင်း၊ အဆိုပါတရားခံလေးယောက်ကို ဆိုင်ရာက စစ်ဆေးမေးမြန်းရာ ပြစ်မှုထင်ရှားသည်ဖြစ်၍ ၎င်းလေးဦးကို တစ်ကျွန်းသို့ ၁၀ နှစ်စီမျှ ကျခံစေရန် စီရင်ချက်ချမှတ်လိုက်ကြောင်း။ ပစ္စည်းများမှာ အဖိုးများစွာထိုက်တန်ကြောင်း သိရှိရသော်လည်း တရားခံ တို့က သိုဝှက်၍ ထားပြီးပြီဖြစ်သောကြောင့် စစ်ဆေးသော်လည်း မပေါ် ပေါက်ကြောင်း။

ကျွန်တော်။ ။ "ဒီသတင်းစာ ၁၉၁၇ ခုနှစ်က သတင်းစာပါကလားဗျ"

ရှား။ ။ "ဟုတ်တယ်။ အမှုဆိုရင်ဖြင့် လက်သည်ပေါ်မပေါ် ကျုပ်က သတင်းစာဖြတ်ပိုင်းထုတ်ပြီး ဖိုင်တွဲထားတာ ခင်ဗျား သိတယ်မဟုတ်လား။ ဒီဖိုင်တွဲထဲမှာ ယခုတိုင် လက်သည်မပေါ်တဲ့ အမှု ၅၀ ကျော်လောက် ရှိတယ်ဗျ။ အခုလို တစ်ခါတစ်ခါတော့ ကျုပ် ဖိုင်တွဲဟာ အင်မတန် အသုံးကျ တယ်"

ကျွန်တော်။ ။ "ကောင်းပါပေဗျာ။ ဒါထက် သည်အမှုမှာ အမှုသည် နှစ်ယောက်အနက် ဟိုတစ်ယောက်အကြောင်း ပြောစမ်းပါဦးဗျာ။ မြေပုံမှာပါတဲ့ ကုလားသုံးယောက်အနက် တစ်ယောက်ဟာလားဗျာ"

ရှား။ ။ "ဘာလဲဗျ။ ဟိန္ဒူကုလားထဲက မှတ်လို့လား။ ဟိန္ဒူကုလား ဖြင့် ဒီလောက် ခြေထောက်သေးပါ့မလားဗျ။ ကိုင်း ကိုင်း ကျုပ် ဖွင့်ပြော မယ်။ ခင်ဗျား တွေးကြည့်စမ်း။ ဒီလူဟာ ခြေထောက် အင်မတန် သေးတယ်။

mgyoe.com

ဖိနပ်လည်း ဘယ်တော့မှ စီးဖူးတဲ့လက္ခဏာမရှိဘူး။ အင်မတန်လည်း သန်စွမ်းတယ်။ အဆိပ်လူးမြှားလည်း အသုံးပြုတယ်။ ကိုင်း ဘယ်လိုလူထဲကလဲဗျာ"

**ကျွန်တော်**။ ။ "ကောင်းကောင်း မတွေးတတ်ပါဘူးဗျာ"

**ရှား**။ ။ "ကိုင်း ကိုင်း ခင်ဗျားတွေးနေရင် ကြာနေရော့မယ်။ ကြွက်လျှောက်ပေါ်က ဟိုစာအုပ်ကြီး လှမ်းစမ်းပါဦးဗျာ" ဟု ပြောသဖြင့် ကျွန်တော်လည်း "ဂဇက်တီယာ" ခေါ် ဗဟုသုတအမျိုးစုံပါရှိသော စာအုပ်ကြီး လှမ်းယူပေးကမ်းလိုက်ရာ မောင်စံရှားလည်း စာအုပ်ကို လှန်လှောရှာဖွေရင်း–

"ကျုပ်တို့ မောင်မိုးသီးက တစ်ကျွန်းပြန်ဗျနော်။ ဟုတ်စ။ ကိုင်း တစ်ကျွန်းက လူရိုင်းမျိုးများဖြစ်မလား ကြည့်စမ်းရအောင်။ ဟော တွေ့ပြီဗျို့။ ကိုင်း နားထောင်" ဟု ပြော၍ မောင်စံရှားလည်း စာအုပ်မှ ဖတ်၍ပြရာ မြန်မာအဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း။

### "အန်ဒမန်ခေါ် တစ်ကျွန်းသားလူရိုင်းများအကြောင်း"

အင်ဒမန်ကျွန်းသား လူရိုင်းများတို့သည် အရပ် ၃ ပေမှ ၄ ပေမျှအတွင်းသာလျှင် ရှိသည်ဖြစ်၍ ကမ္ဘာပေါ်၌ အသေးငယ်ဆုံးသော လူမျိုးဟူ၍ ခေါ်ဆိုထိုက်ပေသည်။ ၎င်းလူရိုင်းများမှာမူ အလွန်တရာ ခက်ထန်ကြမ်းကြုတ်လှသည်ဖြစ်ရာ အင်္ဂလိပ်အစိုးရတို့သည် ၎င်းတို့အား ယဉ်ကျေးသော အမူအရာများကို သင်ကြားပြသပါသော်လည်း မတတ်နိုင်သည်ဖြစ်၍ နောက်ဆုံး၌ လက်လျှော့ကြရလေ၏။ သို့ရာတွင် ထိုလူရိုင်းတို့မှာ ကျေးဇူးတင်တတ်သော လူမျိုးသဖြစ်သဖြင့် မိမိတို့အား ကျေးဇူးပြုဖူးသော သူတို့အားမူ အလွန်စွဲမြဲစွာ ချစ်ခင်တတ်ကြလေသည်။ ထိုသူတို့သည် အဆိပ်လူးသော မြှားဆူးများကို ပြောင်းတံဖြင့်မှုတ်၍ ရန်သူများကိုလည်းကောင်း၊ တောသတ္တဝါများကိုလည်းကောင်း သတ်ဖြတ် ဖျက်ဆီးတတ်ကြလေသည်။ ထိုလူမျိုးတို့မှာ သေးငယ်သဖြင့် အချိုးအစားမကျသော ဦးခေါင်းများလည်းကောင်း၊ ရက်စက်ကြမ်းကြုတ်ဟန်ရှိသော မျက်စိများလည်းကောင်း၊ သေးငယ်သော လက်ခြေများလည်းကောင်း ရှိကြလေသည်။

**ရှား**။ ။ "ကိုင်း ဘယ့်နှယ်လဲ ကိုသိန်းမောင်"

**ကျွန်တော်**။ ။ "ဟုတ်ပြီဗျို့။ ဒီ မောင်မိုးသီးကလည်း တစ်ကျွန်းပြန်ဆိုတော့ ဟိုကျွန်းက လူရိုင်းတစ်ယောက်များ သူနဲ့အတူ ပါချင်ပါလာမယ်"

**ရှား**။ ။ "အင်း တည့်တည့်ပြောရင် ခင်ဗျား ရိပ်မိတယ်ပေါ့လေ"

mgyoe.com

mgyoe.com


ကျွန်တော်။ ။ "ရိပ်မိတာ မရိပ်မိတာ အပထားပါဦးဗျာ။ ဒါထက် အပနားတို့ဆိက ဘာသတင်းများ ကြားသေးသလဲ"

ရှား။ ။ "မကြားသေးဘူးဗျ။ သို့သော်လည်း ကြားပါလိမ့်မယ်။ မနေပါဘူး"

ကျွန်တော်။ ။ "ဒါထက် ကျုပ်တို့ကိုယ်တိုင်လိုက်ရရင် မကောင်းဘူးလား"

ရှား။ ။ "မလိုပါဘူးဗျာ။ နေပါစေ"

ကျွန်တော်။ ။ "ကိုင်း ဒါဖြင့် ခင်ဗျား နေရစ်ဦးဗျာ။ ကျုပ်တော့ လမ်းလျှောက်ချေဦးမယ်"

ရှား။ ။ "ဘယ်လဲဗျ။ မနှင်းညွန့်တို့ဆီကိုလား"

ကျွန်တော်။ ။ (အကြံကို သိသွားသဖြင့် မျက်နှာပူပူနှင့်) "ရောက်ကောင်း ရောက်ပါလိမ့်ဦးမယ် မှတ်တယ်။ ဘာများ မှာလိုက်ဦးမလဲ"

ရှား။ ။ "မှာစရာ မရှိပါဘူးဗျာ၊ ဒါထက် မိန်းမတွေကို စကားကုန် မပြောနဲ့ဗျနော်။ ဘော်ဘီလည်း ခေါ်သွားပါဗျာ။ ပြန်ပို့လိုက်ပါ။ မလိုပါဘူး"

၎င်းနောက် ကျွန်တော်လည်း ခွေးကို ခေါ်ခဲ့၍ ကြည့်မြင်တိုင်သို့ ပြန်ပို့ပြီးလျှင် မနှင်းညွန့်အပေါ်၌ ယခင်က ထုတ်ဖော်ရေးသားခဲ့ပြီးသည့်အတိုင်း မေတ္တာစိတ်စူးစိုက်လျက် ရှိသည်ဖြစ်သောကြောင့် ယိုးမယ်ဖွဲ့ကာ အကြောင်းရှာ၍ အိမ်သို့ ဝင်ပြီးနောက် အမှုအကြောင်းများကို ဖြန်းသန်းကာ ရယ်မောပြောဆိုနေမိခဲ့ပါကြောင်း။

အိမ်သို့ပြန်ရောက်သည့်အခါ ၇ နာရီကျော်ခန့်မျှ ရှိပြီဖြစ်ရာ မောင်စံရှား၏ ဆေးတံတို့နှင့် စာအုပ်မှာမူ ကုလားထိုင်ပေါ်တွင် ရှိနေသော်လည်း မောင်စံရှားကို မမြင်သည်ဖြစ်၍ ရှာဖွေရာ မောင်စံရှားမှာ နက်နဲသောအမှုတို့၌ ဆင်ခြင်စဉ်းစားမြဲဖြစ်သည့်အတိုင်း ခေါင်းအုံးများကို ကုလားထိုင်ပေါ်တွင် စုပုံကာ နေသာအောင် ခင်းကျင်းပြီးမှ ၎င်းတို့အပေါ်မှ ဆေးတံအရိုးရှည်ကြီးကို သောက်ရှုလျက် တစ်ညပတ်လုံး မအိပ်မနေ စဉ်းစားစိတ်ကူးလျက် ရှိလေ၏။

နံနက်လင်းသဖြင့် လက်ဖက်ရည်သောက်ရင်း ကျွန်တော်က "ဘယ့်နှယ်လဲ ကိုစံရှား၊ ခင်ဗျား တစ်ညလုံး မအိပ်ပါပဲကလား"

ရှား။ ။ "ခင်ဗျားသိတဲ့အတိုင်းပဗျာ။ ကျုပ်က အပြီးမသတ်မချင်း အငြိမ် နေတတ်တဲ့လူမဟုတ်ဘူး။ ရှင်းလိုက်လေတယ်ဗျာ။ ဘာမဟုတ်တာကလေးနဲ့ လာပြီး ထစ်နေတယ်။ လူကိုလည်း သိပြီ။ သူတို့စီးသွားတဲ့ မော်တော်ဘုတ်ကိုလည်း သိပြီ။ ဒါနဲ့တောင် ကိစ္စချောပြီး မဖြစ်တာ။ ကျုပ် ခံပြင်းလှတယ်ဗျ။

mgyoe.com

mgyoe.com


သို့သော်လည်း ဒီနည်းနဲ့မရလျှင် ဒို့ပြင်နည်းနဲ့ လိုက်ရမှာပေါ့လေ။ တတ်နိုင်ပါဘူး"

ငင်းနေ့ ညနေ ကျွန်တော်လည်း အလုပ်တိုက်မှပြန်လာလျှင် မောင်စံရှားလည်း အိမ်၌ မရှိနှင့်သည်ဖြစ်၍ စားပွဲ၌ ရှာဖွေကြည့်ရှုရာ ကျွန်တော့်အတွက် အောက်ပါအတိုင်း စာတစ်စောင်ရေးသားထားသည်ကို တွေ့ရပါကြောင်း။

**မိတ်ဆွေကြီး ကိုသိန်းမောင်**

ဤအမှု၌ စိတ်မချသည်ဖြစ်၍ ကျုပ်ကိုယ်တိုင် လိုက်ချေပြီ။ ကျုပ်မပြန်လာမီ အကြောင်းထူးသည်ဖြစ်စေ၊ အပနားပြန်လာ၍ အကြောင်းကြားသည်ဖြစ်စေ ခင်ဗျားဉာဏ်ရှိသလောက် စီမံနှင့်ပါလေ။

**မောင်စံရှား**

ငင်းညဉ့်၌ ကျွန်တော်သည် ဤအမှု၏ အကြောင်းကိုသော်လည်းကောင်း၊ လက်ဦးအမှုရှင်ဖြစ်သူ ဆရာမ မနှင်းညွန့်၏အကြောင်းများကိုလည်းကောင်း၊ မိတ်ဆွေ မောင်စံရှား၏ အကြောင်းများကိုလည်းကောင်း စဉ်းစားစိတ်ကူးလျက် အိပ်ပျော်ပြီးနောက် အိပ်မက်ထဲ၌ ကျွန်တော်သည် မနှင်းညွန့်၏လက်ကို ကိုင်ဆွဲကာ သူခိုးများ၏နောက်သို့ အတင်းပြေးလွှားလိုက်ပါသွားသဖြင့် မောပန်းသည် အခါမှ လန့်၍နိုးလာပါကြောင်း။

နံနက်လင်းလျှင် ကျွန်တော်သည် တစ်ညဉ့်ပတ်လုံး မောင်စံရှား မပြန်လာသည်ဖြစ်၍ ပူပင်သောစိတ်ဖြင့် တိုက်ရှေ့၌ ရထားမောင်းသွားသည့်အခါတိုင်း မောင်စံရှားအမှတ်နှင့် မျှော်လင့်လျက်ရှိရာ ၈ နာရီအချိန်ခန့်တွင် မြင်းရထားတစ်စီးသည် တိုက်ရှေ့၌ရပ်ပြီးနောက် အင်စပိတ်တော် ဦးအုန်းခိုင်သည် ယမန်နေ့ကကဲ့သို့ မိမိကိုယ်ကို အထင်အမြင်ကြီးလျက် ဟန်ကြီးပန်ကြီးမရှိဘဲ အတန်ငယ်ညှိုးငယ်သော မျက်နှာထားနှင့် ကျွန်တော်အား

"မောင်စံရှားတစ်ယောက် မလာသေးဘူး မှတ်တယ်"

**ကျွန်တော်**။ ။ "မရှိဘူးဗျာ၊ စောင့်ပါဦးလေ၊ လာလုပါပြီ မှတ်တယ်။ ထိုင်ပါဦးဗျာ"

**နိုင်**။ ။ "ထိုင်သေးတာပေါ့လေ၊ ဒါထက် ကျုပ် မနေ့က ဒီအမှုမှာ ထင်မြင်ချက်ကို ခင်ဗျား ကြားမိတယ်မဟုတ်လား။ အခုတော့ မဟုတ်ပြန်ဘူးဗျို့။ ဘိုးကဲတို့လည်း လွှတ်လိုက်ရပြီ။ ကျုပ်တွေးပုံ မကိုက်သေးဘူး။ ဒါထက် ခင်ဗျား မိတ်ဆွေ ကိုစံရှားတစ်ယောက်က တော်တော် တော်တဲ့သူငယ်တစ်ယောက်ပါပဲ။ တစ်ခါတလေတော့ နည်းနည်းကလေး အယူအဆ အရင်လိုတယ်မှတ်တယ်။ သို့သော် သူ့ဟာက မှန်တာက များနေတယ်ဗျ။ ခုမနက်ပဲ သူ့ဆီက တယ်လီဖုန်း

mgyoe.com

mgyoe.com


ရတယ်။ အိမ်ကစောင့်နေပါတဲ့။ သူလာခဲ့မယ်တဲ့။ တစ်ခုခုတော့ ခြေရာခံမိပြီ မှတ်တယ်ဗျ” ဟု ပြောဆိုလျက်ရှိစဉ် လှေကားမှ ခြေလှမ်းလေးလေးဖြင့် တစ်လှမ်းချင်း တက်၍လာသည့် လူတစ်ယောက်၏ ခြေသံကို ကြားပြီးနောက် တံခါးကို ခေါက်သံကြားသဖြင့် “ဝင်ခဲ့လေ” ဟု ကျွန်တော်က ခေါ်လိုက်ရာ အသက် ငါးဆယ်ကျော်အရွယ်ခန့်မျှရှိ အဝတ်များ၌ စက်ဆီများ စွန်းပေလျက်ရှိသည်ဖြစ်၍ စက်မောင်းသမားနှင့်တူသော ကုလားအဘိုးကြီးတစ်ယောက်သည် မောကြီးပန်းကြီးရှိသည် အမူအရာနှင့် အခန်းတွင်းသို့ ဝင်လာကာ “မောင်စံရှား ဆင်ဟိုင်း” (မောင်စံရှား ရှိပါရဲ့လား) ဟု ဟိန္ဒူစတန်နီဘာသာဖြင့် မေးမြန်းလေလျှင် ကျွန်တော်လည်း မရှိကြောင်းနှင့် ပြောဆို၍ ကိစ္စကို မေးမြန်းရာ ကုလားကြီးလည်း မိမိမှာ အခြားမဟုတ်။ စက်ဆရာ အဗ္ဗဒူလာဖြစ်ကြောင်း မောင်စံရှားက တွေ့လိုသည်ဆို၍ လာရောက်ရကြောင်းနှင့် မပြောလို ပြောလိုနှင့် ပြောဆိုလေ၏။ ထိုအခါ ကျွန်တော်က အမှုနှင့်သက်ဆိုင်ကြောင်းနှင့် ပြောဆိုသဖြင့် အင်စပိတ်တော် ဦးအုန်းခိုင်လည်း ကုလားကြီးအား သိလိုအားကြီးနှင့် မေးမြန်းရာ ကုလားကြီးက–

“ဆဗ္ဗလုပ် အခြားနိမ်း၊ မောင်စံရှား ဆဗ္ဗကို ဟမ်ဒစ်စနေး မန်းကတား၊ မောင်စံရှားဆပ်ကို ကျွန်ုပ် ပြောမယ်။ ခင်ဗျားတို့ကို ကျွန်ုပ် မပြောဘူး”

**ခိုင်။** ။ “ဒါဖြင့် စောင့်ဦး ဘိုင်”

**ကုလားကြီး။** ။ “ကျွန်ုပ် မစောင့်နိုင်ဘူး။ ကျွန်ုပ် ယခုပြန်မယ်။ သူသိချင်ရင် သူ့ဘာသာ သူလာပေစေ။ ကျွန်ုပ်ပြန်မယ်” ဟု ပြော၍ တံခါးရှိရာသို့ သွားမည်ပြုလေလျှင် အင်စပိတ်တော် ဦးအုန်းခိုင်လည်း အမှုနှင့်ပတ်သက်ကြောင်း သိသည်ဖြစ်၍ အကျိုးအကြောင်း သိလိုလှသည်နှင့် စိတ်အားကြီးစွာ ထိုင်ရာမှ ထ၍ ကုလားကြီး၏ လက်မောင်းကို ဆွဲကိုင်ကာ–

“နေဦး ဘာဘူကြီး။ အမှုအကြောင်း ကျွန်ုပ်ကို ပြောရမယ်။ မပြောဘဲ မသွားရဘူး။ ပြောပြီးမှ သွားရမယ်။ ပြန်ချင်ရင် မြန်မြန်ပြော” ဟု ပြောလေလျှင် ကုလားကြီးလည်း အနည်းငယ် ဖယ်ရုန်းပြီးနောက် မရကြောင်းသိသည်နှင့်–

“ကောင်းပြီ၊ ခင်ဗျားတို့ ကျွန်ုပ်ကို အတင်းဆွဲထားတယ်နော်။ ကျုပ် မမဲဘူး။ တရားစွဲမယ်။ ကောင်းပြီ” ဟု ပြော၍ ကုလားထိုင်တစ်ခုပေါ်တွင် မောင်စံရှားအား စောင့်ဦးမည်အဟန်နှင့် ငြိမ်သက်စွာထိုင်လျက်ရှိရာ ကျွန်တော်နှင့် ဦးအုန်းခိုင်တို့လည်း ဆေးလိပ်များကို သောက်ရှုကာ ထွေရာလေးပါး စကားတို့ကို ပြောဆိုလျက် ရှိကြလေ၏။

mgyoe.com

mgyoe.com

ထိုခဏ၌ "ဆေးလိပ်တစ်လိပ်ပေးကြစမ်းဗျာ" ဟု ပြောသံကို ကြားလိုက်သဖြင့် ကျွန်တော်တို့ အံ့သြစွာနှင့် မော့၍ကြည့်လိုက်ကြရာ ယခင်က ကုလားကြီးမှာ ကုလားမဟုတ်။ မောင်စံရှားဖြစ်ကြောင်းကို အံ့သြစွာ တွေ့မြင်ကြရလေ၏။

ထိုအခါ မောင်စံရှားလည်း ဟက်ဟက်ပက်ပက် ရယ်မောလျက်–

"ကျုပ်ကိုယ်ကျုပ် ရုပ်ဖျက်နည်း တော်တော်တတ်တယ်လို့တော့ ထင်မိပါရဲ့၊ သို့သော် ဒီလောက်တောင် ကောင်းမှန်းတော့ မရိပ်မိပေဘူးဗျာ"

နိုင်။ ။ "တော်ပါပေတယ်ဗျာ။ ကျုပ်တို့ ပုလိပ်မျက်စိတောင် လိမ်နိုင်ပါပေတယ်။ ခင်ဗျား အသံထားပုံက တကယ့်ကို နေရာကျတယ်ဗျို့။ အသံက အက်လို့ ကွဲလို့။ တကယ့်အဘိုးကြီး သံပဲ။ သို့သော် ခင်ဗျား မျက်စိကြည့်ပုံတော့ ကျုပ်ရိပ်မိသလိုလို နည်းနည်းတော့ ရှိလိုက်ပါရဲ့၊ တော်ပါပေတယ်ဗျာ"

ရှား။ ။ "တယ်လီဖုန်းကနေ ပြောတာ ခင်ဗျားလား"

နိုင်။ ။ "ဟုတ်ပါတယ်"

ရှား။ ။ "ဘယ့်နှယ်လဲ ခင်ဗျားအမှု"

နိုင်။ ။ "နေရာမကျပါဘူး။ ဟိုနှစ်ယောက် ဖမ်းထားတာလည်း လွှတ်လိုက်ရပါပြီ"

ရှား။ ။ "နှစ်ယောက် လွှတ်လိုက်ရရင် ဒီက နှစ်ယောက်အစား ရလိမ့်မပေါ့ဗျာ။ မပူပါနဲ့။ ဒါထက် ရေကြောင်း ပုလိပ်ဘက်က မော်တော်ဘုတ်မြန်မြန် တစ်စီး ဒီကနေ့ည လိုချင်တယ်ဗျို့"

နိုင်။ ။ "ကျွန်တော့်တာဝန်ထားပါဗျာ။ ရပါစေ့မယ်"

ရှား။ ။ "ပြီးတော့ ပုလိပ်နှစ်ယောက် ခပ်တောင့်တောင့်ထဲက ရွေးခေါ်ခဲ့ဗျို့"

နိုင်။ ။ "စိတ်ချပါဗျာ။ ပါပါစေ့မယ်။ ဒို့ပြင်ကောဗျာ"

ရှား။ ။ "ဒို့ပြင်တော့ မောင်မိုးသီးကို ကျုပ် ဖမ်းလို့ရှိရင် သူနဲ့ ကျုပ်နဲ့ မရှင်းလင်းတဲ့ အချက်ကလေးများ မေးဖို့ ကျုပ်အိမ်မှာ နာရီဝက်လောက် ခွင့်ပြုရလိမ့်မယ်"

နိုင်။ ။ "စိတ်သာချဗျာ။ လူသာ မိပါစေ။ နာရီဝက် မကပါဘူး။ တစ်နာရီ ပြောချင်တာ ပြောနေပါ"

ရှား။ ။ "ကိုင်း ဒါဖြင့် ဒီကနေ့ည ၇ နာရီခွဲလောက် မော်တော်ဘုတ်နဲ့ ထွက်ကြရအောင်။ ၆ နာရီခွဲလောက်ကို ခင်ဗျား ဒီအိမ်ရောက်အောင် လာခဲ့ဗျာ။ ကိုင်း ဒါပါပဲ"

mgyoe.com

mgyoe.com

ငင်းနေ့ ညနေ ကျွန်တော်သည် အလုပ်မှ ပြန်လာပြီးနောက် မောင်စံရှား နှင့် အတူတကွ ထမင်းစားသောက်ပြီးကြ၍ ခြောက်နာရီကျော်ခန့် ရှိလေလျှင် အင်စပိတ်တော် ဦးအုန်းခိုင်လည်း ရောက်လာရာ–

ရှား။ ။ "ဘယ့်နှယ်လဲ ပြင်ဆင်ထားခဲ့ပြီလားဗျို့"

ခိုင်။ ။ "ပြီးခဲ့ပါပြီဗျ။ မော်တော်ဘုတ်က ပန်းဆိုးတန်းလမ်းမှာ"

ရှား။ ။ "ဦးအုန်းခိုင်၊ ခြောက်လုံးပြူးများ ပါရဲ့လားဗျို့"

ခိုင်။ ။ "ပါပါတယ်ဗျာ"

ရှား။ ။ "ယမ်းတောင့်များ သေသေချာချာကြည့်ပြီး ထည့်ထားဗျို့နော်"

ခိုင်။ ။ "စိတ်ချပါဗျာ"

ရှား။ ။ "ကိုင်း၊ ကျုပ်တို့ လက်ဖက်ရည်တစ်ခွက်စီသောက်ဖို့ အချိန် ရှိပါသေးတယ်။ ဝမ်းနွေးအောင် သောက်လိုက်ကြဦးစို့ဗျာ"

၇ နာရီကျော်ခန့်တွင် ကျွန်တော်တို့လည်း ပန်းဆိုးတန်းဆိပ်ကမ်းသို့ ဆိုက်ရောက်ကြလေလျှင် မောင်စံရှားလည်း မော်တော်ဘုတ်ကို သေချာစွာ ကြည့် ပြီးနောက်

"နံဘေးက မီးစိမ်းကြီးဟာ ပုလိပ်လေ့မှန်း သိသာလှတယ်။ ထုတ်ပစ် လိုက်ဗျာ" ဟု ပြော၍ ပြောသည့်အတိုင်း လိုက်နာပြီးနောက် ကျွန်တော်တို့ သုံးယောက်နှင့် ပုလိပ်နှစ်ယောက်တို့လည်း မော်တော်ဘုတ်ပေါ်သို့ တက်ကြ လေ၏။

ငင်းနောက် မော်တော်ဘုတ် မောင်းသမားအား မောင်စံရှားက–

"ကိုင်း ဒလဘက်ကို မောင်းဟေ့"ဟု ပြောသဖြင့် မော်တော်ဘုတ်လည်း ထွက်လာခဲ့လေ၏။ ငင်းနောက် ရောဝတီကုမ္ပဏီ သင်္ဘောကျင်းသို့ ရောက်လေ လျှင် မောင်စံရှားလည်း မော်တော်ဘုတ်ကို အုံကြီးဘက် ချောင်းဝတွင် ရပ်စေ၍ မီးများကို ငြိမ်းစေပြီးလျှင် ငြိမ်ဝပ်စွာ စောင့်ဆိုင်းလျက် ရှိကြလေ၏။

ထိုနေ့သည်ကား လပြည့်ကျော် ၁၀ ရက်ဖြစ်သဖြင့် လမထွက်သေးသည် နှင့် တစ်မြစ်လုံး မှောင်မည်းလျက်ရှိရာ တုံကင်းများဆွဲသော သင်္ဘောငယ်တို့ လည်း မီးတထိန်ထိန်နှင့် မြစ်ကြောင်းတစ်လျှောက် ကူးသန်းသွားလာလျက် ရှိကြလေ၏။ ထိုအခါ ကျွန်တော်လည်း ပျင်းပျင်းရှိသည်နှင့် မောင်စံရှားအား–

"ကိုင်း၊ ကိုစံရှား၊ ခင်ဗျား ခြေရာခံပုံကလေး တစ်ဆိတ် ပြောပြစမ်းပါ ဦးဗျာ"

ရှား။ ။ "သြော်...ဟုတ်ပေတယ်။ ဒီလိုဗျ။ ကျုပ်က ကျုပ်ကုလား

mgyoe.com

ကလေးတွေ အရှာခိုင်းတော့ သည်မော်တော်ဘုတ်ဟာ ဆေးရောင်ကလည်း ထူးထူးခြားခြားမို့လို့ အနီးအနားမှာရှိလျှင်ဖြင့် ဧကန္တ သူတို့တွေ့ရမယ်လို့ ကျုပ် ယုံကြည်တယ်။ ကျုပ်အကောင်ကလေးတွေကလည်း ကျုပ်သင်ပြီးထားလို့ အင်မတန် မျက်စိစူးတယ်ဗျ။ ပြီးတော့လည်း မော်တော်ဘုတ်ကုလားရဲ့ မိန်းမ ပြောချက်အရ လင်းခါနီးမှ သူတို့ထွက်သွားတယ် ပြောလေတော့ ကျုပ်တို့လူဟာ မလင်းခင် ခရီးသွားပြီး မိုးလင်းတဲ့အခါမှာ ပုန်းခိုပြီးနေမယ်ဆိုလျှင် ဧကန္တ ခရီးဝေးဝေးကြီး မရောက်နိုင်ဘူး။ ခရီးဝေးဝေး မရောက်သေးလျှင်လည်း မုချ ကျုပ်လူစု တွေ့ရမယ်။ ယခု ဘာကြောင့်မတွေ့ပါလိမ့်မလဲလို့ စဉ်းစားကြည့် တော့ အကြံတစ်ခုရတဲ့အတိုင်း ကုလားလိုဝတ်၍ သင်္ဘောကျင်းထဲ သွားပြီး ထောက်လှမ်းစုံစမ်းကြည့်တော့ မင်းဘုရားများက မော်တော်ဘုတ် ဆေးအဝါ ရောင်ကို အညိုရောင်ဖြစ်အောင် ပြောင်းပြီး သုတ်ထားနှင့်တာကိုးဗျ။ ဒီတော့ မော်တော်ဘုတ်တော့ ကျုပ် ဒလချောင်းထဲမှာ တွေ့ရော။ တွေ့စဉ်အခါက မော်တော်ဘုတ်ပေါ်မှာ လူတစ်ယောက်မျှ မရှိဘူး။ မရှိလေတော့ အဗ္ဗဒူလာ ရှိတာတ်ရာကို စက်ရုံက ကုလားတွေ မေးမြန်းပြီး လိုက်။ လိုက်ပြီး အရက်ကလေး ဘာကလေးတိုက်၊ တိုက်ပြီး မေးကြည့်တော့ ဒီကနေ့ည ခရီးသွားမယ်ဆိုတဲ့ အကြောင်း သိရတာကိုးဗျ။ ဟိုလူစုအကြောင်းတော့ ကျုပ် မေးလို့မရဘူး။ ဘယ်မှာရှိတယ်ဆိုတာလည်း သူလည်း သိပုံမပေါ်ဘူး"

နိုင်။ ။ "ဒါဖြင့်လည်းဗျာ၊ ကျုပ်တို့တော့ သူတို့မော်တော်ဘုတ်ပေါ် တက်ရမယ့်နေရာက စောင့်ပြီး ဖမ်းရောပေါ့"

ရှား။ ။ "ဘာရမလဲဗျာ။ မောင်မိုးသီးက သာမညလူမဟုတ်ဘူး။ လူပါးဗျ။ ဒီလိုများ မော်တော်ဘုတ်နားက စောင့်မယ်ဆိုလျှင် ဘယ်တော့မှ လာတော့မှာ မဟုတ်ဘူး"

နိုင်။ ။ "ဒါဖြင့်ဗျာ အဗ္ဗဒူလာကို ဖွတ်တွယ်ပြီး သူတို့ရှိရာ လိုက်အပို့ ခိုင်းမယ်ဗျာ"

ရှား။ ။ "ဒီနည်းလည်း မရဘူးဗျ။ ကုလားက ပိုက်ဆံများများရတာ နဲ့ အေးပြီး နေတယ်။ သူ့လူတွေ ဘယ်မှာနေတယ်ဆိုတာ သူ့အရေးလည်း မဟုတ်ဘူး။ တကယ်လည်း မသိဘူး။ သူ့ကပ်လို့ အလကားရှိမှာပေါ့ဗျာ"

နိုင်။ ။ "ဟုတ်ပါရဲ့လေ။ ခင်ဗျားနည်း အကောင်းဆုံးပါပဲ။ နောက် ဆုံးကျ မိရင်လည်း ပြီးတာပါပဲလေ။ မိသာမိပါစေ ဆုတောင်းရတာပဲ။ ဘယ့် နှယ်လဲဗျာ။ ၉ နာရီကျော်သွားပြီကော။ မပေါ်လာသေးပါကလား" ဟု ပြောဆို လျက် ရှိကြစဉ် မော်တော်ဘုတ်တစ်စီးလည်း ဒလချောင်းဝမှ လျင်မြန်စွာ ထွက်

mgyoe.com

mgyoe.com


လာ၍ ရန်ကုန်ဘက်သို့ ကူးမည်ပြုလေရာ မောင်စံရှားလည်း မီးဖြင့် ရုတ်တရက် ထိုး၍ကြည့်လိုက်သည်တွင် အညိုရောင်ရှိသည်ကို မြင်သဖြင့် ကျွန်တော်တို့၏ မော်တော်ဘုတ်မောင်းသမားအား ၎င်း၏ နောက်သို့မိအောင်လိုက်ရန် အမိန့်ပေးလေ၏။

ယင်းကဲ့သို့ မီးရောင်ဖြင့်ထိုး၍ ကြည့်လိုက်သည်တွင် ၎င်းမော်တော်ဘုတ်လည်း ကျွန်တော်တို့၏ အကြံအစည်ကို ရိပ်မိသည့်လက္ခဏာနှင့် ရန်ကုန်ဘက်သို့ မကူးဘဲ မြစ်ညာသို့ ဆန်တက်လေ၏။

ယင်းကဲ့သို့ ကျွန်တော်တို့၏ အကြံအစည်ကို ရိပ်မိကြောင်း သိရှိလေလျှင် မောင်စံရှားလည်း ပုလိပ်ခါတ်မီးကို ၎င်းမော်တော်ဘုတ်သို့ တည့်တည့်ထိုးစေလျက် မျက်ခြေမပြတ်အောင် နောက်မှ ခြေရာခံ၍ လိုက်စေရာ ၎င်းမော်တော်ဘုတ်မှာ စက်ကုန် ခုတ်လျက်ရှိသဖြင့် အလွန်လျင်မြန်စွာ ရေပေါ်ပျံ၍သွားဘိသကဲ့သို့ ရှိသဖြင့် ကျွန်တော်တို့မှာ မိပါမည်လောဟု စိုးရိမ်မကင်း ရှိနေကြရလေ၏။

ထိုအခါ မောင်စံရှားလည်း ကျွန်တော်တို့၏ မော်တော်ဘုတ်ကို စက်ကုန် ခုတ်စေသည်ဖြစ်ရာ လှေငယ်လည်း ရေထဲ၌ ထိုးသွားသဖြင့် ရေပန်းတို့သည် လှေဦးမှ ပန်းထွက်လျက် ရေတွင် နစ်မြုပ်မည်ကဲ့သို့ ကြောက်မက်ဖွယ် ခုတ်နှင်၍ လိုက်လေ၏။

ယင်းကဲ့သို့ နှစ်စင်းလုံး အစွမ်းကုန် ခုတ်နှင်၍သွားကြသဖြင့် ပထမ၌ အတောင်နှစ်ရာခန့် ဝေးရာမှ အတော်တစ်ရာမျှသာ ကျန်ရှိတော့သည်ဖြစ်သော ကြောင့် ကျွန်တော်တို့၏ လှေသည် ၎င်းတို့၏ လှေထက် လျင်မြန်ကြောင်း ထင်ရှားလျက် တရွေ့ရွေ့ တဖြည်းဖြည်း နီး၍နီး၍ လာခဲ့ရာ အတောင်ငါးဆယ်ခန့်မျှ ကျန်တော့သည့်အခါတွင် သင်္ဘောတစ်စီးသည် တုံကင်နှစ်စီးကို ကြိုးဖြင့် ဆွဲလျက် ကျွန်တော်တို့မော်တော်ဘုတ် နှစ်စီးအကြားမှ ဖြတ်၍ ဝင်သွားလေ၏။

ထိုအခါ ကျွန်တော်တို့၏ လှေမှာ သင်္ဘောငယ်ကို ဝင်၍ တိုက်မည်ဆဲဆဲ ရှိသည်တွင် မတိုက်မိစေရန် လျင်မြန်စွာ ကွေ့လိုက်ရာ မော်တော်ဘုတ်ကလေးမှာ ရေတွင် နစ်မြုပ်၍ တစ်ခါတည်း အစတုံးချေတော့မည်ဟု၍ပင် ထင်မှတ်လောက် အောင် စောင်းငဲ့၍ သွားလေ၏။

ယင်းသို့ဖြစ်လေလျှင် အင်စပိတ်တော်နှင့် မောင်စံရှားတို့လည်း အလွန် တရာ စိတ်ပေါက်လျက် တုံကင်းများကို ကျော်ကွင်း၍ တစ်ဖန် ရှေ့မော်တော် ဘုတ်နောက်သို့ လိုက်ကြပြန်ရာ ထိုအခါ၌မူ အတောင်နှစ်ရာကျော်ခန့်မျှ ကွာခြား ၍ သွားပြန်သည်ကို တွေ့ရလေ၏။

mgyoe.com

mgyoe.com


သို့ရာတွင် ကျွန်တော်တို့လည်း စိတ်မပျက်ဘဲ မိလျှင်မိစေ မမိလျှင် ရေနစ်၍သေစေဟု အောက်မေ့ကြလျက် စက်ကုန်နှင်ပြန်ပြီးလျှင် လိုက်ပြန်ရာ မော်တော်ဘုတ်နှစ်စီးလည်း နီး၍ နီး၍ လာပြန်သဖြင့် နောက်ဆုံးအတောင် နှစ်ဆယ်ခန့်မျှသာလျှင် ကွာခြားလေတော့၏။ ထိုအခါ အင်စပိတ်တော် ဦးအုန်းခိုင်လည်း မီးရောင်ကို တည့်တည့်ထိုးစေလျက် မော်တော်ဘုတ်ဦးမှ နေ၍ ၎င်းမော်တော်ဘုတ်ကို ရပ်တန့်ရန် အကြောင်းနှင့် ဟစ်အော်ကာ အမိန့်ပေးလျက်ရှိရာ လူတစ်ယောက်လည်း ၎င်းမော်တော်ဘုတ်ပေါ်မှ နောက်သို့လှည့်၍ ကျွန်တော်တို့အား လက်သီးကိုဆုပ်ကာ ပြလေ၏။

ထိုခဏ၌ မျောက်အိုနှင့်တူသော လူပုကလေးတစ်ယောက်လည်း ထိုသူ၏ အနီး၌ ထိုင်နေရာမှ ကျွန်တော်တို့ဘက်သို့ လှည့်၍ ကြည့်လျက်ရှိရာ–

ရှား။ ။ "ဟိုအကောင်ပုကလေး မြင်ကြရဲ့လား။ ဒီကောင် လက်များ လှုပ်လို့ရှိရင် ခင်ဗျား ခြောက်လုံးပြူးနဲ့သာ ပစ်လိုက်ဗျို့နော်၊ ကိုအုန်းခိုင်"

၎င်းနောက် စက်ကုန်နှင်၍ လိုက်ပြန်သဖြင့် လှေတစ်စီးစာမျှသာ ကွာဝေးကြလေလျှင် ယခင်က လူပုကလေးလည်း ရုတ်တရက် ထိုင်ရာမှ ထပြီးလျှင် ကျွန်တော်တို့ဘက်သို့လှည့်၍ ပုလွေနှင့် သဏ္ဌာန်တူသော အရာတစ်ခုကို ပါးစပ်တွင် တေ့ပြီးလျှင် မှုတ်လိုက်သည်တွင် ဦးအုန်းခိုင်၏ ခြောက်လုံးပြူးလည်း ဒိုင်းခနဲ မြည်ပြီးနောက် လူပုကလေးလည်း လက်ကို မြှောက်ပြီးလျှင် လည်၍ သွားပြီးမှ မြစ်ထဲသို့ကျသွားလေ၏။

ထိုခဏ၌ ၎င်းတို့၏ မော်တော်ဘုတ်လည်း ရုတ်တရက် ကမ်းဘက်သို့ ဦးလှည့်၍ ခုတ်သွားရာ ကျွန်တော်တို့၏ လှေဦးနှင့် ၎င်းတို့၏လှေပဲ့မှာ တစ်ပေခန့်မျှသာလျှင် လွတ်သွား၍ အသည်းအေးခမန်း သီသီမျှလွဲ၍သွားလေ၏။

၎င်းနောက် ကျွန်တော်တို့လည်း ၎င်းတို့နောက်သို့ လိုက်ကြပြန်ရာ ၎င်းတို့၏ မော်တော်ဘုတ်သည် ကမ်းသို့ ဦးဖြင့် တည့်တည့်ထိုးဝင်လေရကား ထိုအခါ၌ ဒီရေကျလျက်ရှိသည် ဖြစ်သောကြောင့် နွံများတွင် ဦးစိုက်လျက် တင်နေလေ၏။ ထိုအခါ ကျွန်တော်တို့၏ မော်တော်ဘုတ်လည်း ၎င်းတို့၏ လှေနှင့် နံဘေးချင်းယှဉ်လျက် နွံတွင်ဦးစိုက်ကာ ရုတ်တရက် ရပ်တန့်လေ၏။

ထိုခဏ၌ ၎င်းမော်တော်ဘုတ်ပေါ်မှ လူလည်း လှေပေါ်မှခုန်ချ၍ ကမ်းပေါ်သို့ ခြေကျင်တက်ပြေးမည်ပြုရာ ထိုသူ၏ သစ်သားခြေထောက်သည် နွံတွင် ကျွံ၍ နေသဖြင့် မနုတ်နိုင်ဘဲရှိသည်ဖြစ်သောကြောင့် ကျွန်တော်တို့လည်း လွယ်ကူစွာ ဖမ်းဆီးကြရလေ၏။

mgyoe.com

mgyoe.com

ၚင်းနောက် ကျွန်တော်တို့သည် မော်တော်ဘုတ် နှစ်စင်းကို တွဲလျက် ရန်ကုန်ဆိပ်ကမ်းသို့ ပြန်လာကြရာ ၎င်းမော်တော်ဘုတ်ဦးမှာကား သံသေတ္တာ တစ်လုံးသည် သံကြိုးများနှင့် ချည်နှောင်လျက်ရှိသည်ကို တွေ့သဖြင့် ၎င်းသည် ကား ခိုးရာပါပစ္စည်းများပါရှိသော သံသေတ္တာတည်းဟု တွေးမိကြရလေ၏။

၎င်းသေတ္တာပေါ်၌ကား သစ်သားခြေထောက်နှင့်လူသည် လက်ထိပ်ခတ် ကာ ပုလိပ်နှစ်ယောက်၏ အလယ်တွင် မှိုင်ကာထိုင်လျက် ရှံဖန်ရှံခါ ပုလိပ်သား တို့အား မိမိ၏လက်ထိပ်ဖြင့် ရိုက်နှက်ကာ ရှိနေသဖြင့် မောင်စံရှားက–

"ယောက်ျားကပဲ ကိုမိုးသီးရယ်၊ ဒီလောက် အားငယ်လို့ ဖြစ်နိုင်ရိုး လား။ ရော့ဗျ၊ ဆေးလိပ်များသောက်ပါဦး" ဟုပြော၍ ဆေးလိပ်များ တည်ပြီး လျှင်–

"ဒီလောက်တောင် ကုတ်ကုတ်ကတ်ကတ် ကြိုးစည်ပြီး လာခဲ့ရ။ နောက်ဆုံးကျမှ မိသွား။ တယ်ဝမ်းနည်းစရာကောင်းပေတာပလေ"

**မောင်မိုးသီး**။ ။ (မောင်စံရှားပေးသော ဆေးလိပ်ကို မီးညှိ၍ သောက် လျက်) "ဝမ်းနည်းဆို ဘာပြောဖို့ ရှိသလဲဗျာ။ ဒါပေမဲ့ မောင်ဘိုးရွှဲကိုသတ်တာ ကျွန်တော် မဟုတ်ရပါဘူးဗျာ။ မြစ်ထဲကျသွားတဲ့ အရိုင်းကောင်လေး သတ်တာ ပါ။ ကျွန်တော်က လွန်ပြီးမှ သိပါတယ်ဗျာ။ ဒီအတွက် ကောင်ကလေးကို တောင် လက်သီးနှင့် တစ်ချက်နှစ်ချက် ပိတ်ပြီး ထိုးမိပါသေးတယ်"

**ရှား**။ ။ "ဒါတော့ အပြစ်လည်း မတင်နဲ့လေ။ ခင်ဗျားက ကြိုးနဲ့ တွယ်ပြီးလာနေတုန်း သူ့ခမျာက မောင်ဘိုးရွှဲကို ဒီနည်းနဲ့မကိုင်လျှင် ဘယ် နည်းနဲ့ ကိုင်နိုင်မလဲ"

**သီး**။ ။ "ခင်ဗျားက တကယ်မျက်စိနဲ့ မြင်သလိုပဲ။ တယ်သိပါကလား၊ ဒီလိုဗျ။ ကျွန်တော်တို့ တက်တဲ့အချိန်က ဒီအခန်းထဲမှာ မောင်ဘိုးရွှဲ မရှိတဲ့အချိန် မှန်းပြီးတက်တာပဲဗျ။ အခါတိုင်းတော့ ဒီအချိန်မှာ သူ လက်ဖက်ရည်သောက် ဆင်းတဲ့အချိန်ပဲ။ ဟိုညကမှ သူသေချင်လို့ မဆင်းတာပဲ။ သို့သော် ကျွန်တော် မကြောက်ပါဘူး။ မှန်မှန်ပြောပါတယ်။ တကယ်လို့ ဘိုးရွှဲတို့အဖေ ကိုထွန်းကျော် သာဖြစ်ရင် ကျွန်တော်ကိုယ်တိုင် သတ်ပြီးသားပဲ။ ချမ်းသာမပေးပါဘူး။ ကြိုး ပေးရုံမကလို့ ဆယ်ခါပြန်ပေးစေ။ မကြောက်ပါဘူး။ သို့သော် သူ့သားများ အပေါ်မှာတော့ ရန်ငြိုးမရှိပါဘူးဗျာ။ မတော်တဆ ဟိုအကောင်ကလေး နောက်လို့ ဖြစ်သွားရတာပဲ"

**ရှား**။ ။ "ခင်ဗျား အခန်းထဲရောက်တော့ ဘိုးရွှဲ သေနှင့်ပြီပေါ့လေ"

mgyoe.com

mgyoe.com

**သီး။** ။ "သေနှင့်ပါပြီခင်ဗျာ။ ဆိပ်လူးမြားတဲ့ခင်ဗျ။ ပြင်းထန်လိုက်တာ။ ကျွန်တော် အခန်းထဲ ကြိုးနှင့်တက်လာတော့ လူသေကောင်ကြီးက သွားကြီးဖြီးပြီး ကျွန်တော့်ကြည့်ပြီး ရယ်သလို ထိုင်နေလိုက်တာ တော်တော်တောင် လန့်သွားသေးတာကိုးခင်ဗျ။ မကောင်းပါဘူးခင်ဗျ။ သည်ပစ္စည်းတွေဟာက ကျိန်စာသင့်တဲ့ပစ္စည်းတွေ ထင်ပါရဲ့။ သူရောက်ရာ လူ့လက်မှာလိုက်ပြီး ဒုက္ခပေးတဲ့ ပစ္စည်းတွေခင်ဗျ။ သူဌေး ယာကုတ်လည်း အသက်သေရှာရော ဦးထွန်းကျော်လည်း ပိုင်သာ ပိုင်ရတယ်။ တစ်သက်လုံး စိတ်မချမ်းသာရဘူး။ အခု ကျွန်တော်လည်း လက်ထဲရောက်ခါရှိသေး။ တစ်ကျွန်းလား၊ ဘယ်လား ပြန်ရောက်ရချေဦးတော့မယ်"

ထိုခဏ၌ ကျွန်တော်တို့၏ မော်တော်ဘုတ်လည်း ပန်းဆိုးတန်းတံတားသို့ ဆိုက်ရောက်လုနီးလေလျှင် မောင်စံရှားက–

"ကိုင်း၊ ကိုမိုးသီး ရောက်လည်း ရောက်တော့မယ်။ ကျုပ်တို့အိမ် လိုက်ပြီး အကျိုးအကြောင်း ပြောစမ်းပါဦးဗျာ။ ဒီပစ္စည်းတွေ ဘယ်ပုံရလို့ ဦးထွန်းကျော်နဲ့ ခင်ဗျားနဲ့ ဘယ်ပုံ အရှုပ်အရှင်းရှိကြတယ်ဆိုတာ ကြားစမ်းပါရစေဗျာ။ ကျုပ်က ပုလိပ် မဟုတ်ပါဘူးဗျ"

**သီး။** ။ "ပြောချင်လှချေရဲ့ဗျာ။ ကျွန်တော်ကလည်း အင်မတန် ပြောချင်ပါတယ်။ သို့သော် ကျွန်တော် လိုက်ခွင့်ရပါ့မလား"

**ရှား။** ။ "ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး။ ကျုပ်ပြောပြီးအတိုင်းဗျနော် ကိုအုန်းခိုင်" ဟု ပြော၍ အင်စပိတ်တော်အား ကြည့်လိုက်လေလျှင် အင်စပိတ်တော်သည် ခွင့်မပေးလိုသော်လည်း ပြောမိသည့်စကားဖြစ်သဖြင့်

"ကောင်းပါပြီဗျာ။ သို့သော် တယ်ကြီး မကြာစေနဲ့ဗျနော်" ဟု ပြောလေ၏။

ထိုအခါ မောင်မိုးသီးက မောင်စံရှားအား–

"ခင်ဗျား ပုလိပ်လည်း မဟုတ်ဘူးပြောတယ်၊ ကျုပ်နာမည်လည်း ခင်ဗျားသိတယ်။ ပုလိပ်တွေပေါ်မှာလည်း ဩဇာရှိတယ်။ ခင်ဗျား ဘယ်သူလဲဗျ" ဟု မေးသဖြင့် မောင်စံရှားက "ကျုပ် မောင်စံရှားပါဗျ" ဟု ပြောလျှင် ထိုသူလည်း

"သြော် ကျုပ် ကြားဖူးတယ်ဗျို့" ပြောလျက် မောင်စံရှားကို ချီးမွမ်းသော မျက်နှာထားနှင့် ကြည့်ကာ ရှိနေလေ၏။

ည ၁၁ နာရီအချိန်ခန့်တွင် ကျွန်တော်တို့အိမ်သို့ ဆိုက်ရောက်ကြလေလျှင် ပုလိပ်နှစ်ယောက်နှင့် အင်စပိတ်တော်တို့လည်း အတူတကွ လိုက်ပါလာကြသည်

mgyoe.com

mgyoe.com

ဖြစ်ရာ မောင်စံရှားလည်း ကော်ဖီနှင့် မုန့်သေတ္တာများကို အားလုံးအား ကျွေးမွေးပြီးနောက် စားသောက်ပြီးကြလျှင်

ရှား။ ။ "ကိုင်း ကိုအုန်းခိုင်၊ သေတ္တာကြီးဖွင့်စမ်းဗျာ။ ဘာများပါသလဲ ကြည့်စမ်းကြရအောင်"

ပုလိပ်သား။ ။ "သော့ကော ဆရာ"

ခိုင်။ ။ "မောင်မိုးသီး သော့ပေးလိုက်ကွယ်"

သီး။ ။ "ရေထဲချပစ်ခဲ့ပြီ။ ငုပ်ချေပေတော့"

ခိုင်။ ။ "တယ်ညစ်တဲ့အကောင်ကိုး။ ကဲ ဘိုးမိုတို့ အတင်းဖွင့်ကြဟေ့"

ထိုအခါ ပုလိပ်နှစ်ယောက်နှင့် ကျွန်တော်တို့သည် သံသေတ္တာကို ချွေးများကျအောင် ဖွင့်ကြရာ အတန်ကြာမှ သေတ္တာသည် ရုတ်တရက် ပွင့်သွား၍ သေတ္တာတွင်းသို့ ငုံ့ကာကြည့်ကြသည်တွင် ကျောက်သံပတ္တမြားဟူ၍ တစ်ခုမျှ မရှိသည်အဖြစ်ကို တွေ့ရှိရလေ၏။

ထိုအခါ ကျွန်တော်တို့အားလုံးတို့လည်း မောင်မိုးသီး၏မျက်နှာကို တစ်ပြိုင်နက် ကြည့်လိုက်ကြရာ မောင်မိုးသီးမှာ ရယ်မောလျက်ရှိသည်ကို တွေ့သဖြင့် အင်စပိတ်တော်က "မင်း ဘယ့်နှယ်လုပ်တာလဲ ဟေ့အကောင်"

သီး။ ။ "အံ့ဩတယ်ဗျာ၊ နှစ်ပေါင်းများစွာ အပင်ပန်းခံပြီး ကျုပ်က ဒီပစ္စည်းတွေကို လက်ထဲမရောက် ရောက်အောင် ထောင်မကြောက် တန်းလည်း မကြောက် ကြိုးလည်းမကြောက်ဘဲ လိုက်ပြီးလာခဲ့၊ လက်ထဲရောက်ခါမှ ခင်ဗျားတို့က ဝင်ပြီးနှောင့်ယှက်တာများ ကျုပ်က အလွယ်တကူနဲ့ အပ်လိမ့်မယ် ထင်ကြသလားဗျ။ ခင်ဗျားတို့ မော်တော်ဘုတ်က ကျုပ်တို့ကို လိုက်လို့ မလွတ်မှန်းလည်း သိရော ကျုပ်လည်း သေတ္တာဖွင့်ပြီး ကျောက်တွေ၊ စိန်တွေ တစ်ဆုပ်စီ တစ်ဆုပ်စီ မြစ်ထဲကြဲပစ်ခဲ့ရ။ အသည်းတောင် နာလိုက်ပါသေးရဲ့ဗျာ။ ရှာချင်လျှင် ရှာကြပေတော့။ တစ်မြစ်လုံး နှံ့မနေတာပဲ"

ခိုင်။ ။ (မယုံကြည်လည်း မယုံကြည်၊ စိတ်လည်း ပျက်လှသော မျက်နှာထားနှင့်) "မညာပါနဲ့ကွယ်၊ မင်းပစ်ချင်ရင် သေတ္တာပါ ချပစ်ခဲ့ရောပေါ့။ မညာပါနဲ့ကွယ်"

သီး။ ။ "သေတ္တာပါ ချခဲ့ရင် ဒီလောက်အဖိုးထိုက်တဲ့ ပစ္စည်းတွေကို ခင်ဗျားတို့ ငုပ်ပြီး စမ်းယူမှာပေါ့ဗျ။ ရရိုးလားဗျာ။ ခင်ဗျားတို့လောက် ပါးလို့"

ခိုင်။ ။ (ဆုငွေ မရမည်ကို စိုးရိမ်သဖြင့် အမျက်ထွက်သော မျက်နှာထားနှင့်) "ဟေ့ အကောင် မင်းလုပ်ပုံ မတရားဘူးကွယ်၊ တကယ်ဆိုတော့"

mgyoe.com

mgyoe.com

သီး။ ။ (ထိုင်ရာမှ ထ၍ မီးထွက်မတတ်ရှိသော မျက်လုံးများနှင့် ကြည့်၍) "ဘာမတရားသလဲဗျ၊ ဘာများ မတရားသလဲဗျ။ ကျုပ် အသက်ကျုပ်စွန့်ပြီး ရှာထားတဲ့ ပစ္စည်းကို သူများမစားသောက်စေချင်လို့ ကျုပ် လွှင့်ပစ်တာ ကျုပ် ဘာမတရားသလဲဗျ။ ဒီပစ္စည်းများ သူများ စားရစ်ရမယ်ဆိုလျှင် ကျုပ်အသက် ဆယ်ပြန် အသေခံမယ်ဗျ။ စားခြင်းစားလျှင် ကျုပ်သာ စားမယ်။ ကျုပ် မစားရရင် ရေစားပေစေဗျ။ လူစားတာ ကျုပ် မကြည့်နိုင်ဘူး။ နားလည်လား"ဟု ပြောလျက် အမျက်ကြီးလှသော မျက်နှာထားနှင့် ရှိနေလေလျှင် မောင်စံရှားလည်း ထိုင်ရာမှထ၍ ထိုသူ၏ကျောကို သပ်လျက်—

"ကိုင်း ကိုင်း ဟုတ်ပါပြီလေ။ သို့သော် ခင်ဗျားအဖြစ်အပျက်လည်း ကျုပ်တို့ကြားရအောင် ပြန်ပြောဦးမှပေါ့ဗျ။ ကြားပါရစေဦးဗျာ၊ ကျုပ်တို့လည်း"

သီး။ ။ "ခင်ဗျားတစ်ယောက်ဖြင့် တော်တော်ရှိတယ်။ ခင်ဗျားကြားချင်ရင်ဖြင့် ကျုပ် ပြောရတာပေါ့" ဟု ပြော၍ မောင်မိုးသီးသည် အမျက်ပြေလျက် ဆေးတစ်လိပ်ကို မီးညှိကာ သောက်ပြီးလျှင် အောက်ပါအတိုင်း ပြန်ပြောလေ၏:

"ဒီလိုပါဗျာ။ ကျုပ်က အထက်ချင်းတွင်း ဟုမ္မလင်းမြို့သားဗျ။ ငယ်ကတည်းက အမိများ အဖများကို တော်တော် ဒုက္ခပေးခဲ့တဲ့အကောင်ကလေးပေါ့ဗျာ။ အလုပ်လည်းမလုပ်ချင်ဘူး။ အိမ်မှာလည်း ကူဖော်လောင်ဖက် မရဘူး။ ကြက်တိုက်၊ ဖဲရိုက်၊ ထန်းရည်သောက်၊ နွားခိုး၊ တကယ့်လူဆိုး လုပ်နေခဲ့တာပေါ့လေ။ ဟိုနယ်မှာတော့ မိုးသီးတို့ မိုးပေါက်တို့ဆိုလျှင် လူတိုင်း ကြောက်ကြရတာကိုးဗျ။ ဒီလိုနဲ့ ဆိုးဆိုးပေပေ လေလေလွင့်လွင့်နဲ့ နေခဲ့၊ လွန်ခဲ့တဲ့စစ်ကြီးအတွင်းမှာ စစ်မှုထမ်းဖို့ အစိုးရက လူအစုမှာ ရွာကလည်းတွန်း၊ သူကြီးကလည်း တွန်း၊ မြို့အုပ်ကလည်း တွန်း။ ဝိုင်းပြီး တွန်းကြလေတော့ ကျုပ်လည်းပဲ နယ်မှာ ကြာကြာနေလျှင် ခက်ချေရဲ့လို့ စစ်ထဲလိုက်မိခဲ့တာကိုးဗျ။ လိုက်ပြီး စစ်မြေပြင်မှာ အမှုထမ်းပြီးနေတုန်း ဖြစ်ချင်တော့ တစ်ညမှာ ကျုပ်နဲ့ ကုလားသုံးယောက်နဲ့ တွဲပြီး ကင်းစောင့်ကြတာကိုးဗျ"

ရှား။ ။ "ကုလားသုံးယောက် အမည်က မာမက်ဆင်၊ ဝါဟစ်ခန်၊ နတင်ဆင်တဲ့ မဟုတ်လား"

သီး။ ။ "အစစ်ပဲ။ ခင်ဗျား ဘယ့်နှယ်သိသလဲ။ သြော် ဟုတ်ပေတယ်။ ခင်ဗျားက ကိုစံရှားပေကိုးဗျ။ ဒါနဲ့ ဒီညက ဒီလိုဗျ။ ကင်းစောင့်တော့ ကာ ဒီအနားက လေးယောက်တစ်စု၊ ပြီးတော့ ကိုက်သုံးရာ ခွာပြီး ဟိုအနားက

mgyoe.com

mgyoe.com


လေးယောက်တစ်စု၊ တဲကလေးတွေနှင့် တစ်စု တစ်စု စောင့်ကြတာကိုးဗျ။ လေးယောက်အနက် နှစ်ယောက်က နားပြီးနေရင် နှစ်ယောက်က သေနတ်ထမ်းပြီး တဲရှေ့က ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ကြတာကိုးဗျ။ တူရကီစစ်တပ်ကလည်း ကျုပ်တို့နဲ့ မဝေးလှဘူးဗျ။ ခေါ်လိုက်ရင် ကြားရမတတ်ပဲ။ ဒါနဲ့ ညဆယ်နာရီကျော်ကျော်လောက်မှာ ကျွန်တော်နဲ့ ကုလားတစ်ယောက်နဲ့ ခေါက်တုံ့ခေါက်ပြန် လျှောက်ကြလို့ တဲရှေ့မှာ ဆုံကြပြီး လွန်အသွားမှာ ကျွန်တော့်ပခုံး ဖြုန်းခနဲဆို နောက်ကနေ ဆွဲတဲ့ပြီး သဲပေါ်မှာ လှဲလိုက်ပါရောဗျ။ လှဲလိုက်လို့ ကျွန်တော်လည်း ပက်လက်ကလေး လှန်ပြီးနေတုန်း ကျွန်တော့်အဖော် ကုလားသုံးယောက်က ကျွန်တော့်အနားမှာ တစ်ယောက်က ပါးစပ်ကို လက်နဲ့ ပိတ်၊ တစ်ယောက်က လက်နှစ်ဖက်ချုပ်ထား၊ တစ်ယောက်က သေနတ်အော်လန်ချွန်နှင့် ကျွန်တော့်ရင် တေ့တဲ့ပြီး "မာဒေးဂါး" တဲ့ ပြောတာကိုးခင်ဗျ။ လရောင်ကလည်း အင်မတန် ကောင်းလေတော့ အော်လန်ကုလားမျက်နှာကို မြင်လိုက်ရ။ သူ့မျက်နှာထားကြည့်ရတာ တကယ့် ကို ကျွန်တော့် "မာဒေးဂါး" မယ့်လက္ခဏာပဲခင်ဗျ။ ဒီတော့ ကျွန်တော်လည်း ကုလားစကား နည်းနည်းပါးပါး တတ်တာနဲ့ အော်ရင်ဖြင့် သတ်ချေရဲ့လို့ ငြိမ်ငြိမ်ကလေး နေလိုက်ပါတော့။ ခုနက အော်လန်ချွန်နဲ့ ကုလားက သူတို့ အကြံကို ကျွန်တော်လိုက်ရင် ကျွန်တော်မှာ ငွေများများကြီးရမယ်တဲ့။ မလိုက်ရင်ဖြင့် ခုချက်ချင်း သတ်ပြီး သဲထဲမှာမြုပ်ပစ်လိုက်မယ်တဲ့ ပြောတာကိုးခင်ဗျ။ ဒီတော့ ကျွန်တော်လည်း ငွေရမှာကို ဒီလောက် မက်မောလို့ မဟုတ်ပါဘူး။ အသက်ကလေးတစ်ချောင်း နှမြောတာနဲ့ မရယ်ပါနဲ့ဗျာတို့၊ လူအဖိုး မတန်ပေမဲ့ ကိုယ့်အသက်တော့ ကိုယ်နှမြောသေးတာကိုးဗျ"

ရှား။ ။ "ဒါကြောင့် ရယ်တာ မဟုတ်ပါဘူးဗျာ၊ ပြောသာပြောပါ"

သီး။ ။ "ဒီတော့မှ ကျွန်တော်က အကျိုးအကြောင်းမေးတော့ သူတို့က တော်တော်ကြာလျှင် တူရကီစစ်တပ်ဘက်က ကုလားသူဌေးတစ်ယောက် လာလိမ့်မယ်တဲ့။ လာတဲ့အခါမှာ သူတို့ ဘယ့်နှယ်ပဲလုပ်လုပ်၊ ကျွန်တော်က အသာကလေး ကြည့်နေရမယ်တဲ့။ ပြီးတော့ကာ ရစရာရှိတဲ့ငွေကို ကျွန်တော်တို့ လေးယောက် အညီအမျှ ခွဲဝေပြီး ယူကြမယ်တဲ့။ ပြောတာကိုးခင်ဗျ။ ဒီတော့ ကျွန်တော်က နဂိုကလည်း ခပ်မိုက်မိုက်ဟာမို့ ငွေရမယ့်လမ်းဆိုတော့ သူတို့အကြံကို လိုက်ဖို့ သဘောတူမိတာကိုးခင်ဗျ။ ဒါနဲ့ သဘောတူပြီးတော့ ကျွန်တော်တို့လည်း အခြေမပျက် သေနတ်ထမ်းပြီး လမ်းလျှောက်နေခဲ့ကြ။ ၁၁ နာရီထိုးလို့

mgyoe.com

mgyoe.com

လည်း မပေါ်လာ၊ ၁၂ နာရီထိုးလို့လည်း ဘယ်သူမှ မပေါ်လာ။ နာရီပြန် တစ်ချက်၊ နှစ်ချက်၊ သုံးချက် ထိုးသွားတော့ ကျွန်တော့်ကုလားတွေက လာမှ လာပါမလားလို့ နေမထိ ထိုင်မထိ ဖြစ်ကုန်ကြတာကိုးခင်ဗျ။ ဒါနဲ့ ကျွန်တော် တို့လည်း လူးလာခတ်ပြီးနေကြတုန်း ဖြုန်းခနဲဆို သုံးနာရီခွဲကျော်ကျော်လောက် မှာ လေချွန်သံတစ်ချက် ခပ်တိုးတိုး ကြားလိုက်ရတာကိုးခင်ဗျ။ ဒီတော့ ကုလား တွေက "အာတား၊ အာတား"နှင့် ပါးစပ်ကရွတ်ပြီး ငြိမ်နေကြ။ တော်တော် ကလေးကြာတော့ ကုလားလူပုကလေးတစ်ယောက် ဟောဟိုက သံသေတ္တာ ကိုင်တဲ့ပြီး တဲထဲပြေးဝင်လာတာကိုးခင်ဗျ။ ကုလားမျက်နှာ ကြည့်ရတာက ကြောက်ပုံရလိုက်တာခင်ဗျာ။ တစ်သက်မှာ ဒီလောက်ကြောက်တဲ့လူ ကျွန်တော် ဖြင့် တစ်ခါမှ မတွေ့ဖူးပါဘူးခင်ဗျာ။ ဒါနဲ့ ကုလားတွေက ဒီကုလားကို တဲထဲခေါ်သွား။ တဲထဲရောက်တော့ သူတို့ ကုလားကို စီရင်ကြမယ်လို့ ကြံကြ တာကိုးခင်ဗျ။ ကျွန်တော်တော့ ဝတ္တရားမပျက် တဲပြင်က စန်ဒလီစောင့်နေတာကိုး ခင်ဗျ။ ဒါနဲ့ တဲထဲမှာ ၁၅ မိနစ်လောက် တိုးတိုးနဲ့ပြောပြီး တော်တော်ကြာ တော့ ခုနက ကုလားလူပုကလေးက အလန့်တကြားနှင့် တဲပြင် ထွက်ပြေး လာပါရောခင်ဗျ။ ကုလားလူပုကလေးက ပုပုဝဝကလေးနဲ့ ပြေးလာလိုက်တာ ခင်ဗျာ၊ ခြေတံက တိုပေမဲ့ ခြေနှုတ်က သွက်လေတော့ မြန်လိုက်တာခင်ဗျာ။ နောက်က ခြေတံရှည်ကြီးနဲ့ ကုလားက ဓားကိုင်ပြီး လိုက်လာတာ မမီနိုင်ဘူး ခင်ဗျ။ လကလည်း သာလေတော့ လရောင်မှာ ကုလားပုကလေးဟာ အသက် ဆား ကြောက်ရှာလွန်းလို့ ဖုတ်လိုက် ဖုတ်လိုက်နဲ့ ကျွန်တော့်ဆီ ပြေးလာရှာတာ။ ကျွန်တော်ဖြင့် အခုတောင် မျက်စိထဲ မြင်မိပါသေးရဲ့ခင်ဗျာ။ ဒါနဲ့ ကျွန်တော့် အနားလည်း ရောက်ကရော ကျွန်တော်က ကုလားကလေးကို သနားသော်လည်း သူ့ပစ္စည်း လိုချင်တာတစ်ကြောင်း၊ တကယ်လို့ သူလွတ်ပြီးပြေးနေရင်လည်း ကျွန်တော်ပါ ဒုက္ခရောက်ရမှာ မြင်တာကတစ်ကြောင်းကြောင့် သူ့အသက်ကို မငဲ့ညှာနိုင်ဘဲ ကျွန်တော် ထမ်းပြီးလျှောက်နေတဲ့ သေနတ်နဲ့ သူ့ခြေထောက်တို ကလေး နှစ်ချောင်းကြား ကန့်လန့်ပြီး လှဲလိုက်တာ ကုလားကလေးလည်း အွတ်ခနဲဆို မြေကြီးပေါ် လိမ့်သွားရှာပါရောခင်ဗျ။ ဒီလို လိမ့်သွားသည်နဲ့ တစ်ပြိုင်နက် သူ့နောက်က ဓားကိုင်ပြီး လိုက်လာတဲ့ ကုလားက သဲပေါ်မှာ ဒူးထောက်တဲ့ပြီး ကုလားပုရင်ဝကို ဓားနှင့် စိုက်လိုက်တာ တစ်ချက်မှ မအော် နိုင်ရှာဘူး။ ကုလားပုကလေး အသက်ထွက်ရှာပါရောခင်ဗျာ။ ဒီတော့ ကျွန် တော်တို့ လေးဦးသား သဲထဲမှာ တွင်းတူးပြီး ကုလားပုကလေးအလောင်းကို မြှုပ်။ မြှုပ်ပြီး တဲထဲက သူ့သံသေတ္တာဖွင့်ကြည့်ကြတာကိုးခင်ဗျ။ ဖွင့်လိုက်တော့

mgyoe.com

mgyoe.com


ခင်ဗျာ၊ လရောင်မှာ လှလိုက်တဲ့ ကျောက်သံပတ္တမြားတွေ အင်မတန် အရည်ကောင်းတာကိုးခင်ဗျ။ ကျွန်တော်ဖြင့် ဒီကျောက်မျိုးတွေ မြင်လည်းမမြင်ဖူး၊ ကြားလည်း မကြားဖူးဘူးခင်ဗျာ။ ငါးရတီလောက်စီရှိတဲ့ စိန်ကြီးတွေက ၃၇ လုံးခင်ဗျ။ ကျောက်နီက ၂၁ လုံးခင်ဗျ။ မြက ၃၉ လုံးခင်ဗျ။ ပုလဲက ၉၇ လုံးခင်ဗျ။ ဒို့ပြင် ကျောက်တွေ ကျွန်တော်မမြင်ဖူးတဲ့ ကျောက်ဆန်းတွေဆိုတာတော့ မွနေတာပဲခင်ဗျ။ ဒါနဲ့ ကျွန်တော်တို့ ကျောက်တွေ တစ်လုံးစီတစ်လုံးစီ သွားရည်များကျအောင် ကိုင်ကြည့်ကြပြီး ဘယ်ဟာက ဘယ်နှစ်လုံးဆိုတာ စာရင်းမှတ်။ မှတ်ပြီး သေတ္တာထဲပြန်ထည့်ကြတာကိုးခင်ဗျ။ ဒါနဲ့ မနက်မိုးလင်းပါရောခင်ဗျာ"

ရှား။ ။ "နေပါဦးဗျ။ ဒီကုလားပုကလေးက ဘာကိစ္စ လာတာတဲ့တုံး"

သီး။ ။ "ဒီကုလားပုကလေးက ကျောက်ကုန်သည်တဲ့ခင်ဗျ။ သဲကန္တာရထဲ ခရီးသွားရာမှာ ဓားပြမတွေ့တိုက်လို့ လူစုကွဲပြီး ထွက်မိထွက်ရာထွက်ပြေးလို့ တူရကီစစ်တပ်ထဲ ရောက်သွားသတဲ့ခင်ဗျ။ ရောက်တော့ တူရကီစစ်ဗိုလ်က သူ့မှာ ပစ္စည်းတွေပါတာ ရိပ်မိလေတော့ ကြံစည်မယ်လုပ်လေတော့သူက မသင်္ကာတာနဲ့ အင်္ဂလိပ်စစ်တပ်ဘက် ကူးလာခဲ့ရှာတာပဲခင်ဗျ။ ကျွန်တော့်ကုလားတစ်ယောက်နဲ့ နေ့ခင်းကတွေ့လို့ သူတို့စိမ်ပြီးထင်ပါရဲ့ခင်ဗျာ။ ဒီတော့ကျွန်တော့်ကုလားက "အင်္ဂလိပ်စစ်ဗိုလ်များဟာ အင်မတန် တရားသဖြင့်ရှိကြောင်း၊ ရန်သူပြည်သားဖြစ်သော်လည်း စစ်သားမဟုတ်ဘူးဆိုရင် ဘယ်လိုမှမလုပ်တတ်ကြောင်း၊ ပစ္စည်းများပါရင်လည်း စိုးရိမ်ဖို့မရှိကြောင်း ဘာကြောင်းနဲ့ပြောပြီး နေ့ခင်းကတည်းက နူးပြီးသားဆိုကိုးခင်ဗျ"

ကျွန်တော်။ ။ "ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးက ကျားထက်ဆိုးဆိုတာမျိုးကျနေတာကိုးခင်ဗျ"

သီး။ ။ "ဟုတ်ပါရဲ့ဗျာ။ ဒါနဲ့ မနက်မိုးလင်းတော့ ကျွန်တော်တို့လည်း စခန်းပြောင်းရတော့ ခုနက သံသေတ္တာကို ကျွန်တော်တို့ ပစ္စည်းကလေးတွေထဲ ဝှက်ပြီး ယူသွားကြတာကိုးခင်ဗျ။ ဒီတော့ကာ သူတို့ ကုလားတပ်နှင့် ကျွန်တော်တို့ မြန်မာတပ်နှင့် ကွဲသွားပါရောခင်ဗျာ။ ကွဲပေမဲ့ တပ်သာကွဲတယ်။ သူတို့တပ်ရော ကျွန်တော်တို့တပ်ရော ကိုင်ရိုမြို့ရောက်ကြကိုးခင်ဗျ။ ဒီအတွင်းမှာ ကုလားတွေက ပစ္စည်းတွေကို ကျွန်တော့်လက်ထဲမှာ ထားတယ်။ သော့တော့ သူတို့ယူထားတယ်ခင်ဗျ။ ဒါနဲ့ ကိုင်ရိုမြို့လည်း ရောက်ပါရော။ ကျွန်တော်လည်း ပစ္စည်းတွေ ထိန်းသိမ်းရတာ ဝန်လေးတာနဲ့ လေးယောက်သား

mgyoe.com

mgyoe.com

သဘောတူ၊ ပလီပျက်ကြီးတစ်ခုထဲ သွားပြီး မြှုပ်ကြတာကိုးခင်ဗျ။ မြှုပ်ပြီး မြှုပ်တဲ့နေရာနဲ့ ဘာနဲ့ သေသေချာချာ ပုံစံတွေဘာတွေဆွဲပြီး တစ်ယောက် တစ်ခုစီ ယူထားကြတာကိုးခင်ဗျ။ ယူထားပြီး ကျွန်တော်တို့လေးဦးသား၊ တစ်ဦး ကို တစ်ဦး မပြစ်မှားပါဘူး၊ တစ်ယောက်တည်းကောင်းစားဖို့ ဘယ်အခါမှ မကြံစည်ပါဘူးရယ်လို့ သစ္စာရေအမျိုးမျိုး သောက်ကြရတာကိုးခင်ဗျ။ ဒီလို လည်း ဝှက်ပြီးရော ဘာမှမပြောနဲ့ နောက်တစ်နေ့မှာပဲ ကျွန်တော်တို့ ဖမ်းပါ ရောခင်ဗျာ။ ဖမ်းပုံက ဒီလိုတဲ့ခင်ဗျာ။ တူရကီစစ်ဗိုလ်ကြီးက သူ့စစ်တပ်က ညှဉ့်သည်သူဌေးတစ်ဦး ပျောက်သွားကြောင်း၊ ပျောက်သွားပြီးတဲ့နောက် ဘယ် အချိန် ဘယ်နှနာရီမှာ အင်္ဂလိပ်စစ်တပ်ထဲက ဘယ်တဲကိုဝင်ပြီးသွားကြောင်း မြင်လိုက်တဲ့သက်သေနဲ့တကွ စာရေးပြီး တိုင်တန်းတာကိုးခင်ဗျ။ တိုင်တန်း တော့ ကျွန်တော်တို့စခန်းချတဲ့နေရာမှာ တူးဖော်ပြီးရှာတော့ ကုလားပုကလေး အလောင်းကို တွေ့တာကိုးခင်ဗျ။ ဒီတော့ ကျွန်တော်တို့လေးဦးသားကို ဖမ်းပြီးစစ်။ စစ်တော့ ကျွန်တော်တို့က ကွယ်။ ကွယ်ပေမဲ့ အလောင်းကြီးက ထင်ရှားနေလေတော့ ပြစ်မှုထင်ရှားလို့ တစ်ကျွန်းကို ဆယ်နှစ်စီကျခံစေလို့ စီရင်ချက် ချလိုက်တာကိုးခင်ဗျ။ ချလိုက်ပြီးတဲ့နောက် ဂျမဒါနှစ်ယောက်နဲ့ စစ်သားလေးယောက် စောင့်ကြပ်ပြီး ကျွန်တော်တို့လေးဦးကို သင်္ဘောနဲ့ တင်ပြီး တစ်ကျွန်းပို့လိုက်တာကိုးခင်ဗျ"ဟု ပြောပြီးလျှင် မောင်မိုးသီးလည်း ဆေးလိပ်ကို တောင်း၍ မီးညှိပြီးနောက် ဆက်လက်၍ ပြောပြန်သည်မှာ–

"ဒါနဲ့ သင်္ဘောပေါ်လိုက်သွားကြတော့"

နိုင်။ ။ "နေပါဦး၊ ပစ္စည်းတွေတော့ မဖော်ဘူးလား"

သီး။ ။ "ဘယ်က ဖော်မလဲဗျာ။ ဖော်ပေမဲ့ လွတ်မှာမှမဟုတ်ဘဲ။ ၁၀ နှစ်တောင် ကျခံပြီး လွတ်တဲ့နေ့ကျမှ ဖော်ယူပြီး ပျော်ပျော်ကြီးနေကြမယ်လို့ အားခဲထားကြတာကိုးခင်ဗျ"

ရှား။ ။ "အင်း ဟုတ်ပါပြီ။ ဆိုပါဦး"

သီး။ ။ "ဒါနဲ့ သင်္ဘောပေါ်ရောက်တော့ ကျွန်တော်တို့ စောင့်ကြပ်တဲ့ ဂျမဒါနှစ်ယောက်က ဒီ့ပြင် သင်္ဘောစီးများနဲ့ ဖဲရိုက်ကြတာကိုးခင်ဗျ။ ကျွန်တော် တို့တော့ဖြင့် မမြင်ရပါဘူး။ နောက်မှ သိရပါတယ်။ သိပုံကတော့ သည်လိုခင်ဗျ။ တစ်ညဟာတော့ ကျွန်တော်က အိုက်အိုက်ရှိတာနဲ့ သင်္ဘော ကုန်းပတ်ပေါ် တက်ပြီး လေညှင်းခံရင်း"

နိုင်။ ။ "မင်းတို့ထွက်ဖို့ အခွင့်ရသလား"

သီး။ ။ "သံခြေချင်း နှစ်ဆင့်ခတ်လျက်ပါခင်ဗျာ။ ဒီ့အပေါ် ရှေ

mgyoe.com

mgyoe.com

လယ်ကောင်ကြီးမှာ ဘာတတ်နိုင်မှာတုံး။ ဒါနဲ့ ကျွန်တော်တစ်ယောက်တည်း တစ်ထောင့်မှာ ကုပ်ပြီး လကလေးကြည့်ရင်း ကိုယ့်တိုင်းပြည်ကိုယ် လွမ်းဆွတ်ပြီး နေတုန်း လူနှစ်ယောက်လာတာ ဦးထွန်းကျော်နှင့် ဦးသာဟန်တို့ကိုးခင်ဗျာ။ ကျွန်တော့်ကို သူတို့မမြင်ဘူး။ မမြင်တော့ သူတို့နှစ်ယောက် ကုန်းပတ်ပေါ်မှာ စကြီလျှောက်ရင်း စကားပြောကြတာကိုးခင်ဗျ။ ဒီတော့ ဦထွန်းကျော်က–

"ကျုပ်တော့ ခက်ပြီဗျာ၊ ပါသမျှငွေလည်း ကုန်ပြီ။ ကုန်တဲ့အပြင် ကြွေး ၅၀ဝိ လောက်တောင် ဟိုအကောင်ဆီ တင်နေပြီဗျ။ ခင်ဗျားသိတယ်မဟုတ်လား။ ဒီငွေကို သင်္ဘောမဆိုက်ခင် ဆပ်ရင်ဆပ်၊ မဆပ်ရင် ဆိုင်ရာကို တိုင်တန်းမယ်တဲ့ဗျ။ ကျုပ်မှာ ဆပ်စရာလည်း မရှိဘူး။ ကျုပ်တော့ ရှက်တယ်။ သေတော့မယ်။ ဘယ်တော့မှ မမိုက်ခဲ့ဖူးပဲနဲ့"

**ဦးသာဟန်**။ ။ " မဟုတ်တာဗျာ။ ဒီလောက်နှင့် ဘာကိစ္စရှိရမှာတုံး။ ကျုပ်ဆီက လှည့်တာပေါ့။ နက်ဖြန်ကျရင် ကော်ချင်ကော်မှာပါ"

**ဦးထွန်းကျော်**။ ။ "ကိုင်း နက်ဖြန်တစ်နေ့ ကော်လျှင်ကော်၊ မကော်လျှင်တော့ လူ့ပြည်မှာ မနေတော့ဘူး။ ကျုပ်သားတွေ ကျုပ်ရှက်လှတယ်ဗျာ" လို့ ပြောပြီး သူတို့နှစ်ယောက် ထွက်သွားတာကိုး ခင်ဗျ။ ဒီတော့ ကျွန်တော့် မှာ သူတို့နှစ်ယောက်ပြောတဲ့ စကားကြားပြီး အကြံပေါ်ပြီး ကျန်ရစ်ခဲ့တာကိုးခင်ဗျ။ ဒါနဲ့ နက်ဖြန်ကျတော့ မနေ့က အချိန်မှာ မနေ့က နေရာနား ကျွန်တော်သွားပြီး စောင့်နေပြန်တာကိုးခင်ဗျ။ နေပြန်တော့ တော်တော်ကြာတော့ ဦးထွန်းကျော် တစ်ယောက်တည်း ပေါက်လာတဲ့ပြီး ကုန်းပတ်ပေါ် စကြီလျှောက်ရင်း အင်မတန် စိတ်ရှုပ်တဲ့ အမူအရာနဲ့ ဆေးလိပ်ကြီး တဝင်းဝင်းနဲ့ ဖွာနေတာကိုးခင်ဗျ။ ဒီတော့ ကျွန်တော်က အနားကပ်တဲ့ပြီး–

"ဦးထွန်းကျော်ခင်ဗျာ၊ ကျွန်တော် စကားကလေး တစ်ခွန်းနှစ်ခွန်း တိုင်ပင် ပါရစေခင်ဗျာ"လို့ ပြောတော့ သူက "ဘယ်သူလဲဟေ့ မောင်မိုးသီးလား၊ ဘာကိစ္စ လဲ" တဲ့။ သည်တော့ ကျွန်တော်က ကျွန်တော့်မှာ ပစ္စည်းဥစ္စာများစွာ မြှုပ်နှံထား ရှိကြောင်း၊ သည်ပစ္စည်းများ ဆိုင်ရာကိုအပ်နှံရလျှင် တစ်ကျွန်းကျဖို့ နှစ်များ လျှော့ပေါ့မည်ထင်ကြောင်းနှင့် စမ်းပြီး ကျွန်တော်က ပြောကြည့်တာကိုး ခင်ဗျ။ သည်တော့ သူက "မင်းပစ္စည်းတွေက အဖိုးဘယ်လောက်ရှိလိမ့်မယ်ခင်ဗျာ" လို့ ပြောတော့ သူက "ဩော် ငါသိပြီ။ သည်အမှုကရတဲ့ ပစ္စည်းတွေလား"တဲ့။ ဒီတော့ ကျွန်တော်က "ဟုတ်တယ်ဆရာ" လို့ ပြောတော့ သူက "နေပါဦး ကွယ်၊ ဘယ်အရာမျိုးမဆို စဉ်းစဉ်းစားစားလုပ်ပါ။ အစိုးရကို ပြန်အပ်လို့လည်း မင်းမှာ အကျိုးရှိချင်မှ ရှိမှာကွဲ့။ မရေရာဘူး။ ဒီတော့ ဟုတ်လား၊ မဟုတ်

mgyoe.com

လား ငါသိရအောင် မင်းတို့အဖြစ်အပျက်တွေ ပြန်ပြောစမ်းပါဦးကွယ်" လို့ ပြောတာကိုးခင်ဗျာ။

"ပြောတော့ ကျွန်တော်က အဖြစ်အပျက်ကို အကုန်အစင် ပြန်ပြော၊ ပြောပေမဲ့ ပစ္စည်းမြှုပ်ထားတဲ့နေရာတော့ ကျွန်တော် မပြောဘူးပေါ့ခင်ဗျာ။ ဒါနဲ့ ကျွန်တော်ပြောတာတွေ သူနားထောင်ပြီး အတန်ကြာအောင် စဉ်းစား၊ စဉ်းစားပြီးတော့ သူက "နေဦး၊ မင်းဥစ္စာ ငါတစ်ယောက်တည်းတော့ မကြံတတ်ဘူး။ ဦးသာဟန် ခေါ်ချေဦးမယ်"ဆိုပြီး တော်တော်ကြာတော့ ဦးသာဟန်ဆိုသူ ခေါ်လာတာကိုးခင်ဗျ။ ခေါ်လာတော့ ကျွန်တော်က ခုနကအတိုင်း တစ်ခါပြန်ပြီး အကျိုးအကြောင်းကို အပြောခိုင်းလို့ ပြောရပြန်ပါရောခင်ဗျ။ ပြောပြီးတဲ့နောက် ဦးထွန်းကျော်က "ကိုင်း မင်းဥစ္စာ အစိုးရနှင့်ဆိုင်တဲ့ ကိစ္စမဟုတ်ဘူး။ အစိုးရကို မအပ်လေနဲ့။ ငါတို့ တတ်နိုင်သလောက် ကူညီမယ်။ ဘယ်လိုများ မင်းက ကူညီစေချင်သလဲ။ ကူညီပြီး ငါတို့ကို မင်း ဘယ်လောက်ပေးမလဲ" လို့ မေးတာကိုးခင်ဗျ။ ဒီတော့ ကျွန်တော်က ကျွန်တော်နဲ့တကွ ကျွန်တော့်မိတ်ဆွေ သုံးယောက်ကို လွတ်မြောက်အောင် ကူညီပါ။ ကူညီပြီးတဲ့နောက် ပစ္စည်းတွေကို အညီအမျှခွဲဝေပြီး ယူပါမယ်လို့ ပြောတာကိုးခင်ဗျ။

"ဒီတော့ သူက "လွတ်မြောက်ဖို့ကူညီတာတော့ ဟုတ်ပါပြီကွယ်။ သို့သော် ခုချက်ချင်း မင်းတို့ကို လွတ်အောင်တော့ ငါတို့လည်း မတတ်နိုင်ဘူးကွဲ့"တဲ့။ ဒီတော့ ကျွန်တော်က "ခုချက်ချင်း ဘာဟုတ်မလဲခင်ဗျာ။ ကျွန်တော် နည်းပြောပါမယ်။ တစ်ကျွန်းရောက်တော့ အကျဉ်းသမားများဟာ ဒီပြင်ထောင်များမှာလို အင်မတန် ကျဉ်းကျဉ်းကျပ်ကျပ်ကြီးမရှိ။ ချောင်ချောင်ချိချိ အချိန်နှင့် သွားခွင့်လာခွင့်ရတယ်ဆို ဟုတ်ကဲ့မဟုတ်လား" လို့ မေးတော့ ဦးထွန်းကျော်က "ငါတို့လည်း ဒီလိုပဲ ကြားဖူးတယ်"တဲ့ခင်ဗျ။ ဒီတော့ ကျွန်တော်က "ကောင်းပြီ၊ ဒီတော့ကာ ခင်ဗျားတို့က ဘင်္ဂလားဆီ၊ မာဒရပ်ဆီက ရွက်လှေကလေးတစ်ခုဝယ်၊ ဝယ်ပြီး စားနပ်ရိက္ခာတွေ ကျွန်တော်တို့ လေးယောက်အတွက် ပြည့်စုံအောင် တင်ခဲ့။ တင်ခဲ့ပြီးနောက် တစ်ကျွန်းက ဆိပ်ကမ်းတစ်ခုမှာ လာပြီး ကပ်။ ကျွန်တော်တို့လေးယောက် ညအခါ ဆင်းလာပြီး ထွက်ပြေးကြမယ်။ ကိုင်း ဘယ့်နှယ်လဲဗျာ"လို့ မေးတော့ ဦးထွန်းကျော်က "ဟုတ်တော့ ဟုတ်ပါပြီကွယ်။ မဖြစ်နိုင်စရာလည်း မရှိပါဘူး။ သို့သော် မင်းပြောတဲ့အတိုင်း မှန်,မမှန်ကို ငါ ရှေးဦးစွာ စုံစမ်းကြည့်ရလိမ့်မယ်။ စုံစမ်းကြည့်လို့ မင်းပြောတဲ့အတိုင်း ပစ္စည်းတွေ တွေ့လို့ရှိရင် မင်းအကြံအတိုင်း ငါတို့ လိုက်နာမယ်"လို့ ပြောတာကိုးခင်ဗျ။

mgyoe.com

mgyoe.com


"ဒီတော့ ကျွန်တော်က ကျွန်တော့်အကျဉ်းသမား ကုလားအဖော် သုံးယောက်ကို တိုင်ပင်ပါရစေဦးဆိုပြီး တိုင်ပင်။ တိုင်ပင်တော့ နောက်ဆုံးကျ တော့ သူတို့ကလည်း ပစ္စည်းဝှက်ထားရာအရပ်ရဲ့ မြေပုံကိုကူး။ ကူးပြီး သူတို့ကို ပေး။ ပေးပြီး ဦးထွန်းကျော်က တစ်ကျွန်းရောက်တော့ ခွင့်ခံပြီးသွားကြည့်။ ကြည့်လို့ တကယ်ရှိလို့လျှင် ကျွန်တော်ပြောတဲ့အတိုင်း လှေကလေးတစ်စင်း ငှါးပြီး စာရေးရိက္ခာနှင့် အပြည့်အစုံလာဖို့ကိုးခင်ဗျ။ ဒါနဲ့ ခြောက်ဦးသား သဘောတူ သစ္စာရေသောက်ကြပြန်ပါရောခင်ဗျာ။ ကဲ တိုတိုပြောတော့မယ်။ တစ်ကျွန်းရောက်ပါရောခင်ဗျာ။ ရောက်တော့ ဦးထွန်းကျော်က ခွင့်ခံပြီး ဥစ္စာကြည့်ရယ်လို့ သွားပါရောခင်ဗျာ။ သွားလိုက်တာ မပေါ်လာဘူးခင်ဗျ။ မပေါ်လာတော့ နောက်တော့ ဦးသာဟန်ဆီ စာရသတဲ့။ သူဖြင့် မကျန်းမာလို ခွင့်ခံပြီး မြန်မာပြည် ပြန်သွားပြီတဲ့။ ကျွန်တော့်ကိုတောင် စာပြသေးတယ်။ နောက်တော့ ဦးသာဟန်လည်း ပြန်သွားရော။ ကျွန်တော်တို့မှာ တစ်ကျွန်း အဖတ်တင်ပြီး ပစ္စည်းလည်းဆုံး၊ လူလည်းမလွတ်နဲ့ မွတ်ပြီးကျန်ရစ်ခဲ့တာကိုး ခင်ဗျ။ ဒီတော့ ကျွန်တော့်စိတ်ထဲ ဘယ့်နှယ်ဖြစ်သလဲ။ ကေန္တ ဦးထွန်းကျော် ဆိုတဲ့ အကောင် ကျွန်တော်တို့ကို နပ်တာပဲ။ ဒီတော့ တစ်သက်မှာ သူ့အပေါ် လက်စားမချေရလျှင် မနေဘူးဆိုပြီး လွတ်ကြောင်းချည်းပဲ ကြံစည်ခဲ့တာကိုးခင်ဗျ။ ဒီအခါကျတော့ ကျွန်တော့်မှာ ပစ္စည်းလိုချင်လို့ ဒီလောက်မဟုတ်ပါဘူးခင်ဗျ။ လူကို လက်စားချေချင်တဲ့ စိတ်လောက်ပဲ ရှိပါတော့တယ်။ ဒီလိုနဲ့ လွတ်ရာ လွတ်ကြောင်း ကြံစည်ပြီးနေခဲ့။ တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် ကူးပြီးသာလာခဲ့။ အကြံကိုပဲ အထမမြောက်ခဲ့ပါဘူးခင်ဗျာ။ ဒီလို ရှိနေတုန်း တစ်နေ့သ၌တော့ တစ်ကျွန်းက လူရိုင်းကလေးတစ်ယောက် တောစပ်မှာ ဖျားပြီး လဲနေ။ ကျွန်တော်လည်း ဆေးကလေး ဝါးကလေး ဝါသနာပါတာနဲ့ ကုသပေးခဲ့။ ပျောက်သွားရှာတာကိုးခင်ဗျ။ သည်တော့ သည်အရိုင်းကလေးက ကျွန်တော့်ကို အင်မတန် ကျေးဇူးတင်ပြီး ဘယ်အခါမှ မခွာဘူး။ နောက်က တကောက်ကောက် လိုက်နေတာကိုးခင်ဗျ။ သြော် ဒါထက် ပြောရဦးမယ်။ ကျွန်တော့်ခြေထောက်ဟာ အစက အကောင်းပါခင်ဗျာ။ တစ်ကျွန်းရောက်တဲ့နေ့မှာမှ သစ်လုံးဖိမိလို့ ဆေးရုံ တက်ပြီး ခြေဖြတ်ပစ်ရလို့ သစ်သားခြေထောက် တပ်ထားရပါတယ်။ ဒါနဲ့ ခုနက လူရိုင်းကလေးက ကျွန်တော့်ကို အင်မတန် ချစ်ခင်ပြီး နေ့ရောညဉ့်ပါ အတူတကွ နေလေတော့ ကျွန်တော်လည်း သူတို့ ဘာသာစကားများတတ်ပြီး တစ်နေ့သ၌တော့ ကျွန်တော်က ထွက်ပြေးချင်တဲ့ အကြောင်းများ တိုင်ပင်ကြည့် တာကိုးခင်ဗျ။ ဒီတော့ သူက သူ့မှာ လှေတစ်စီးရှိတယ်တဲ့။ သည်လှေပေါ်မှာ

mgyoe.com

mgyoe.com

အုန်းသီးတွေ ဘာတွေ စားစရာတွေ များများဝှက် ထည့်ပြီး ဆိပ်ကမ်းက ချုံတစ်ခုမှာ ဝှက်ပြီးထားမယ်တဲ့။ အခွင့်သာတဲ့အခါမှာ ထွက်ပြီးပြေးရင် သူလည်း လိုက်ပါမယ်တဲ့ ပြောတာကိုးခင်ဗျ။

"ဒီတော့ ကျွန်တော်လည်း သူ့အကြံအတိုင်း လိုက်ပြီး တစ်ညမှာ တစ်ကျွန်းက ဆရာတပည့်နှစ်ယောက် ထွက်ပြေးလာခဲ့တာကိုးခင်ဗျ။ လမ်းခရီးမှာ ရောက်လိုက်တဲ့ဒုက္ခဆိုတာတော့ မပြောပါနဲ့တော့ခင်ဗျ။ သေရသလောက်မှ မကောင်းပါဘူး။ သည်လိုနဲ့ တစ်လလောက် ဒုက္ခခံပြီး ကံအားလျော်စွာ စင်ကာပူရောက်။ အဲဒီမှာ ပိုက်ဆံလေးဘာလေး ကူလီလုပ်ရှာပြီးမှ ရန်ကုန်ကို သင်္ဘောနဲ့ ပြန်ခဲ့တာကိုးခင်ဗျ။ ရန်ကုန်ရောက်တော့ ဦးထွန်းကျော်နေတဲ့အရပ်ကို ရှာ။ ရှာလို့ တွေ့ရော။ တွေ့တော့ သူက အင်မတန် သတိနဲ့နေလေတော့ သူ့အသက်ဖြတ်ဖို့ ကြံလို့ကို မရဘူးခင်ဗျ။ ဒီလိုနဲ့နေတုန်း တစ်နေ့သ၌ သူ အသည်းအသန်ဖြစ်နေတယ်လို့ကြားရော။ ကြားလို့ သူ့အိမ်ဝင်းထဲ မနည်း ကြံပြီး ဝင်သွားပါတယ်။ ကျွန်တော်လည်းရောက်ကရော သူလည်း အသက် ပျောက်ပါရောခင်ဗျာ။ ဒီညက ကျွန်တော်ဝင်ပြီး အိမ်ထောင်မှုပစ္စည်းတွေ ဘာတွေ မွှေနှောက်ပြီး ရှာသေးတယ်။ ရှာပေတဲ့ မတွေ့ဘူးဗျ။ မတွေ့လို့ အလောင်းမှာ စာတောင် ကပ်ထားသေးတယ်။ နောက်တော့ ကျွန်တော် သူ့သား များ တွေ့လေသလားလို့ သတင်းနားခံပြီးနေ။ သူတို့လည်း မတွေ့ဘူးတဲ့ခင်ဗျ။ တွေ့မယ့်တွေ့တော့ မျက်နှာကြက်ပေါ်မှာ သွားပြီးတွေ့သတဲ့။ တွေ့ကြောင်းလည်း ကျွန်တော်ကြားရော။ ကျွန်တော့်တပည့်နဲ့ ကျွန်တော်နဲ့ နှစ်ယောက်သွားတဲ့ပြီး သူ့ခါးမှာ ကြိုးချည်လွှတ်လိုက်တယ်။ တက်သွားလိုက်တဲ့ အကောင်ခင်ဗျာ။ တကယ့်မျောက်ကျနေတာပဲ။ ဒါနဲ့ အမိုးပေါ်က အပေါက်က သူဆင်း။ ဆင်းတော့ ဘိုးရွဲက ကံဆိုးချင်တော့ အခန်းထဲမှာ ရှိနေရှာတာကိုးခင်ဗျာ။ ဒါနဲ့ သူ့ဆိပ်လူးမြားနဲ့ မှုတ်လိုက်တာ ပွဲချင်းပြီးရှာပါရောခင်ဗျာ။ နောက်ပြီးတော့မှ ကျွန်တော်က ပြတင်းပေါက်က သူချပေးတဲ့ကြိုးနှင့် တွယ်ပြီးတက်။ တက်လာတော့ ဘိုးရွဲ သေနှင့်ရှာပြီ။ ဒီတော့ မတတ်နိုင်ပါဘူးလို့ ကောင်ကလေး နားသယ် တစ်ချက်နှစ်ချက် ပုတ်ပြီး သံသေတ္တာချ။ သော့ကို ဘိုးရွဲအလောင်းကယူ။ ယူပြီး သံသေတ္တာကိုကြိုးနဲ့ ပြတင်းပေါက်ကလျှောချပြီး ကျွန်တော်ဆင်း။ ဆင်းပြီး တပည့်ကျော်ကို ခြေရာလက်ရာ မကျန်ရစ်အောင်လို့ ပြတင်းတံခါး အပိတ်ခိုင်းပြီး လာတဲ့လမ်းက ပြန်ဆင်းစေခဲ့တာကိုး ဒါပါပဲခင်ဗျာ။ မရှင်းတာရှိရင် မေးပါတော့"

ရှား။ ။ "ဒီကနေ့ည ဘာလုပ်မယ်လို့ မော်တော်ဘုတ်နဲ့ ကူးတာလဲ"

mgyoe.com

mgyoe.com

သီး။ ။ "သြော် ဒီလိုခင်ဗျ။ ဒီလောက်များတဲ့ ပတ္တမြားတွေကို ဒီပြည်မှာရောင်းလျှင် ကျွန်တော့် ပုံပန်းနဲ့ ဘယ်သူကမှ ယုံကြည်မှာ မဟုတ်လေတော့ နက်ဖြန်ထွက်မယ့်သင်္ဘောနှင့် ဘင်္ဂလားလိုက်မယ်လို့ ခင်ဗျ"

ရှား။ ။ "သြော် ဟုတ်လား။ ပြီးတော့ ကျုပ် ဆိပ်လူးမြားအိတ်ကလေး တစ်ခု တွေ့တယ်။ မြားတွေလည်း တွေ့တယ်။ ဒီဟာတွေ့တော့ ခင်ဗျား တပည့်ကျော်မှာ ပစ်စရာမြား မရှိဘူးမှတ်တယ်။ ဒီကနေ့ညတော့ မော်တော်ဘုတ်ပေါ်ကနေပြီး ကျုပ်တို့ကို ပစ်သေးသကိုးဗျ။ ဘယ်ကရသလဲ"

သီး။ ။ "မြားတွေ အကုန်ကျနေရစ်တယ်။ ပြောင်းတံမှာ ထည့်ထားတဲ့ မြားဆူးတံတစ်ချောင်းပဲကျန်တယ်"

ရှား။ ။ "သြော် ဟုတ်ကဲ့လား။ သည်ဟာ ကျုပ် မတွက်မိဘူးဗျို့" ဟု ပြောလျှင် အင်စပိတ်တော် ဦးအုန်းခိုင်လည်း ထိုင်ရာမှထ၍

"ကိုင်း ကိုစံရှား၊ တော်တော်လည်း အချိန်လင့်သွားပြီ။ မေးစရာ ကုန်လောက်ပြီမှတ်တယ်။ ကျုပ်တို့ ပြန်ပါရစေဗျာ။ ခွင့်ပြုပါ။ မောင်မိုးသီး မိတာတော့ ခင်ဗျားကျေးဇူးပေပဲ။ သို့သော် ဆုငွေတော့ဖြင့် တယ်ကြီးရဖို့ မမြင်ဘူးဗျို့။ ပတ္တမြားတွေလည်း ဆုံးရှာပေပေါ့။ ကိုင်း မေးစရာရှိသေးသလား"

ရှား။ ။ "မရှိပါဘူးဗျာ။ ညဥ့်လည်းနက်ပါပြီ။ ပြန်ကြပါတော့"

၎င်းနောက် အင်စပိတ်တော်နှင့် ပုလိပ်နှစ်ယောက်တို့လည်း တရားခံကိုခေါ်၍ တိုက်ပေါ်မှ ဆင်းသွားကြရာ ကျွန်တော်မှာမူ ၎င်းအမှုတွင် ရှေးဦးစွာ အမှုရှင်ဖြစ်သော ဆရာမ မနှင်းညွန့်ကလေး၏ ဆုံးပါးသော ပစ္စည်းဘဏ္ဍာများအကြောင်းကို စဉ်းစားစိတ်ကူးလျက် တိုး၍ တိုး၍သာလျှင် လာခဲ့သည်ဖြစ်သောကြောင့် ၎င်း၏မျက်နှာကလေးကို တရေးရေး ထင်မြင်လျက်ရှိစဉ် မောင်စံရှားက "ပစ္စည်းဆုံးပေမဲ့ သူငယ်မကလေးက တယ်ပြီး မိန်းမပီသရှာပေတာပဲဗျာ" ဟု ခပ်ပြုံးပြုံး ပြောလိုက်သဖြင့် ကျွန်တော်မှာ အကြံကိုသိသွားသဖြင့် မျက်နှာပူပူနှင့် အိပ်ခန်းသို့ ဝင်ရလေ၏။

သူရိယမဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၄၊ ၅၊ ၆
(၁၉၂၁ ခုနှစ်၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်)

❒

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ရှိမ်းမကားရွာ လူသတ်မှု

## ၁

ကျွန်တော်သည် အာဇာနည်အသင်းအမှု၌ ဦးစံရှား စုံထောက်ပုံများကို ရေးသားဖော်ပြခဲ့စဉ်အခါက လူဆိုးကြီးဦးမင်းဟန်သည် မကောင်းမှုပြုကျင့်သည့်နေရာ၌ အဘယ်မျှလောက် ဉာဏ်ပညာထက်မြက်၍ ယင်းအား လက်ရဖမ်းမိနိုင်စေရန် မည်မျှလောက် ကြိုးပမ်းအားထုတ်ခဲ့ရသည်များကို အခါအခွင့်သင့်လျော်သည့်အခါ ရေးသားဖော်ပြရန် ဆန္ဒရှိခဲ့ဖူးသည်ဖြစ်ရာ အောက်ပါဝတ္ထုမှာ လူဆိုးတို့၏ ထိပ်သီးဖြစ်သော ဦးမင်းဟန်နှင့် စုံထောက်တို့၏ ဘုရင်ဖြစ်သော ဦးစံရှားတို့၏ ဉာဏ်စွမ်းချင်း ယှဉ်ပြိုင်ကြသော အဖြစ်အပျက်များ ဖြစ်လေသည်။

ဦးမင်းဟန်ဆိုသူမှာ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ရေတွင်း ရေကန် အမြောက်အမြား တူးခြင်းမှစ၍ လူအများတို့ ချီးမွမ်းထောမနာပြုလောက်အောင် အလှူဒါန အမျိုးမျိုးတို့ကို ပေးကမ်းခဲ့ဖူးသဖြင့် 'ဘုရားဒါယကာ ဦးမင်းဟန်' ဟူသော အမည်နာမဖြင့် လူအများတို့ ရိုသေကိုင်းရှိုင်းခြင်း ပြုကြရသော ပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်လေသည်။

ဦးမင်းဟန်သည် အင်္ဂလိပ်စာကို ကောင်းစွာတတ်မြောက်သူတစ်ယောက်ဖြစ်၍ အင်္ဂလိပ်အစိုးရလက်အောက်တွင် အမှုထမ်းရွက်သဖြင့် တစ်စုံတစ်ခုသော ပြစ်မှုကြောင့် ရာထူးမှ လျှော့ချခြင်းခံရပြီးနောက် ဝင်းကိုင်းဆရာကြီးတစ်ယောက် အဖြစ်ဖြင့် ဆေးဝါးမန္တရား၊ အင်း၊ အိုင်၊ ဂါထာအတတ်တို့၌ အထူးသဖြင့် တတ်ကျွမ်းသည်ဟု နာမည်သတင်းလည်း ကြီးခဲ့လှသည်ဖြစ်ရာ ယင်းဦးမင်းဟန်သည် အပြင်အပ၌ လူချီးမွမ်းခံရလောက်အောင် အမူအရာ အနေအထိုင်တို့ဖြင့်

mgyoe.com

mgyoe.com


ဂုဏ်ဒြပ်ကြီးမားအောင် ပြုလုပ်ခဲ့ကြသော်လည်း စင်စစ်အားဖြင့်မူကား ရန်ကုန်မြို့ပေါ်၌ ရှိရှိသမျှသော သူခိုး၊ ဓားပြ၊ ကတ်ကြေးကိုက် အပေါင်းတို့၏ ဦးစီးနာယကကြီးတစ်ယောက် ဖြစ်ပေ၏။

ဦးမင်းဟန်သည် အထက်တွင်ဖော်ပြခဲ့ပြီးသည့်အတိုင်း အလှူဒါန အမျိုးမျိုးတို့ကို ပြုခဲ့သည့်ပြင် အစဉ်မပြတ် ဝတ်ဖြူစင်ကြယ်ကိုသာ ဝတ်ဆင်ခြင်း၊ စိပ်ပုတီးကြီးတစ်ကုံးကို လည်ပင်း၌ဆွဲထားခြင်း၊ ဝါတွင်းဝါပမရွေး ရှစ်ရက်လပြည့်လကွယ်တို့၌ ဥပုသ်သီတင်းဆောက်တည်ခြင်း အစရှိသောအမှုတို့ကို လူအများ မြင်လောက်အောင် ပြုလုပ်သဖြင့် သိက္ခာသမာဓိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်ဟု အိမ်နီးပါးချင်းတို့က မှတ်ထင်ကြရသည် မှန်သော်လည်း စင်စစ်၌မူကား အကြီးအကျယ် သူခိုး ခိုးခြင်း၊ ဓားပြတိုက်ခြင်း၊ လုယက်ခြင်း အစရှိသော အမှုမျိုး ဖြစ်ပေါ်သည့်အခါတိုင်း ဦးမင်းဟန် အကြံပေး ဉာဏ်ပေးအားဖြင့် ဝေစုအကြီးစား ယူလေ့ရှိသော လူကြီးတစ်ယောက် ဖြစ်ပေ၏။

သို့ရာတွင် ဦးမင်းဟန်သည် ယင်းအမှုမျိုးကို ကိုယ်တိုင်ပြုလုပ်မည်ဝေးစွ။ လူဆိုးသူဆိုးတို့ သူ၏အိမ်သို့ ဝင်ထွက်ကြသည်ကိုပင် မည်သူတစ်ဦးတစ်ယောက်မျှ မြင်ဖူးသည်မရှိသည့်ပြင် ညစဉ်မပြတ် ကြေးစည် တဝေဝေဖြင့် အရဏ်တက်သည့်တိုင်အောင် အမျှပေးဝေခြင်း၊ မေတ္တာပို့ခြင်း အစရှိသည်တို့ကိုသာလျှင် အသံကျယ်စွာဖြင့် ရွတ်ဖတ်သရဇ္ဈာယ်လျက် ရှိပေ၏။ သို့ရာတွင် ခက်ခဲနက်နဲသော တိုက်ခိုက်မှု၊ ခိုးဝှက်မှု၊ လုယက်မှုတို့၌မူကား ဦးမင်းဟန်သည် မိမိ၏ အကြားအမြင် ဗဟုသုတနှင့် ထိုးထွင်းဉာဏ်ကို အသုံးပြုလျက် အကြံပေး ဉာဏ်ပေး ပြုရုံမျှနှင့် ကိစ္စပြီးစေလျက် အတွက်ကျ ငွေတို့ကိုသာလျှင် ဝေစုအဖြစ်ဖြင့် တောင်းယူလေ့ရှိလေသည်။

လူဆိုးတို့အနေနှင့်လည်း မိမိတို့ ရရှိကြသော ကြေးငွေများကို လျှို့ဝှက်၍လည်း မပြောဝံ့၊ ပုန်းရှောင်လည်း မနေဝံ့ကြချေ။ အကြောင်းကိုဆိုသော် ထိုကဲ့သို့ မိမိအား သစ္စာဖောက်သူတို့၏ အပေါ်၌ ဦးမင်းဟန်သည် အခြားသော လူဆိုးတို့၏ အကူအညီဖြင့် အသက်ဆုံးရှုံးအောင် စီရင်တတ်သောကြောင့် ဖြစ်ပေသည်။ အများသောလူတို့နှင့်တကွ အစိုးရပုလိပ်အရာရှိတို့သည် ယင်းဦးမင်းဟန်အား ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက် ဖြစ်သည်ဟူ၍ မှတ်ထင်ကြသော်လည်း ဦးစံရှားမှာ ထိုသူ၏အကြောင်းကို ရိပ်မိသိရှိပြီဖြစ်သောကြောင့် တစ်ခုသောချောင်၌ ပိတ်မိစေရန်သာလျှင် ချောင်းမြောင်းလျက် ရှိခဲ့လေသည်။ ရံဖန်ရံခါ ခိုးဝှက်မှုတစ်ခုကိုလည်းကောင်း၊ တိုက်ခိုက်မှုတစ်ခုကိုလည်းကောင်း လက်သည်များကို ဖမ်းမိသည့်အခါ ဤဉာဏ်သည် ဦးမင်းဟန်၏ ဉာဏ်

mgyoe.com

mg

ဖြစ်ကြောင်းကို ဦးစံရှားသည် အတပ်သိခဲ့သည် မှန်သော်လည်း လူဆိုးတို့သည် သူ၏အမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသဖြင့် ဦးစံရှားမှာ သိလျက်နှင့်ပင် ထင်ရှားအောင် မပြနိုင်သဖြင့် ချက်ကောင်းကိုသာ စောင့်ဆိုင်းလျက် ရှိနေခဲ့ရလေ၏။

ယင်းကဲ့သို့ မိမိအား ဦးစံရှားက ရိပ်မိသည့်အကြောင်းကို ဦးမင်းဟန်သည် ဉာဏ်ပညာထက်မြက်သူတစ်ယောက် ဖြစ်သည့်အတိုင်း သိရှိလေရကား ဦးစံရှားနှင့် ရံဖန်ရံခါ တွေ့ကြုံမိသည့်အခါတိုင်း ဦးမင်းဟန်က ပြုံးရယ်လျက်–

"တတ်နိုင် ကိုင်ကြတာပေါ့ ကိုစံရှားရယ်။ ခင်ဗျားကလည်း စုံထောက်ဘုရင်၊ ကျုပ်ကလည်း သူခိုးဘုရင်ပ။ ဘုရင့်အပေါ်မှာ ဘုရင်ဆင့်ရမှ အခွင့်လှကြမှာကိုး ကိုစံရှားရဲ့" စသည်ဖြင့် လှောင်ပြောင်ကာ ပြောဆိုခဲ့ဖူးလေ၏။

ဦးစံရှားသည် အမှုအခင်း ပေါ်ပေါက်သည့်အခါတို့၌ မိမိနှင့် တိုက်ဆိုင်သမျှတို့ကို လိုက်လံစုံထောက်သည့်အခါ တစ်လုံးသော မျက်စိဖြင့်သာလျှင် လိုက်လံစုံထောက်ခဲ့၍ တစ်လုံးသောမျက်စိသည် ဦးမင်းဟန်အား အစဉ်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်ဟု ဆိုထိုက်ပေသည်ဖြစ်ရာ ဦးမင်းဟန်သည် နှစ်လကျော် သုံးလခန့်မျှ ရန်ကုန်မြို့ပေါ်တွင် ပျောက်ကွယ်၍သွားသည် ဖြစ်သောကြောင့် ဦးစံရှားသည် ထိုသူ၏အကြောင်းကို ထောက်လှမ်းစုံစမ်းလျက် ရှိနေခဲ့လေ၏။

တစ်နေ့သ၌ ဦးမင်းဟန်သည် ကဝက်ကင်းရွာနေ ဘုရားဒါယကာ ဦးတုတ်ပေါ်ဆိုသူကို သတ်ပြီးလျှင် ဦးတုတ်ပေါ် အယောင်ဆောင်လျက် ဦးတုတ်ပေါ်၏ အမွေအနှစ်များကို ဆက်ခံသိမ်းပိုက်လျက်ရှိကြောင်းနှင့် သတင်းရရှိလေ၏။

ယင်း ဦးတုတ်ပေါ်ဆိုသူသည် အထက်မြန်မာပြည် ဧရာဝတီမြစ်၏ လက်ယာဘက်ကမ်း၌ တည်ရှိသော ရှိမ်းမကားရွာသား ဇာတိဖြစ်ရာ ငယ်စဉ်အခါက အတော်အတန် ဆိုးမိုက်ခဲ့သော လူတစ်ယောက်ဖြစ်၍ ဥစ္စာစုံ ပြည့်စုံသော အမိအဖတို့၏နေအိမ်မှ ထွက်ခွာခဲ့ပြီးလျှင် အောက်ပြည်အောက်ရွာသို့ လာရောက်နေထိုင်ခဲ့သောသူတစ်ယောက် ဖြစ်ပေသည်။

ယင်းကဲ့သို့ မိဘရပ်ရွာမှ တိမ်းရှောင် နေထိုင်ရခြင်း၏အကြောင်းမှာ မိမိ၏ရပ်ရွာတွင် ကာလသား လူပျိုတစ်ယောက်အား ရည်းစားလုမှုနှင့် ပတ်သက်၍ ဒေါသအလျောက် လက်ရောက်မှု ကျူးလွန်မိသည်တွင် ထိုသူမှာ သေမည်မသိ ရှင်မည်မသိခင် မောင်တုတ်ပေါ်မှာ ရပ်ရွာမှထွက်ခွာ၍ လာခဲ့ခြင်းဖြစ်လေသည်။

ရိုက်နှက်ခြင်းခံရသောသူသည် ဒဏ်ရာပျောက်ကင်းသဖြင့် အသက်မဆုံးရှုံးသည့်အကြောင်းကို သတင်းကြားသိရသော်လည်း မောင်တုတ်ပေါ်သည် မိမိအား

mgyoe.com

mgyoe.com

မချစ်ကြိုက်သည့် မိန်းမထံ မျက်နှာမပြလိုသည်လည်းတစ်ကြောင်း၊ မိမိ နဂိုသဘောမှာလည်း မိမိချက်မြှုပ်ရာ ဌာနဟူ၍ စွဲလမ်းခြင်းမရှိဘဲ ရောက်ရာအရပ်၌ ပျော်ပိုက်တတ်သည်လည်း တစ်ကြောင်းကြောင့် အထက်ရပ်ရွာသို့ ပြန်လည် သွားရောက်ခြင်းမရှိဘဲ ယင်းကဝက်ကင်းရွာ၌ပင် ဆက်လက် နေထိုင်ခဲ့လေ၏။

နောက်ဆုံး၌ မောင်တုတ်ပေါသည် ကဝက်ကင်းရွာ၌ပင် အိမ်ထောင်ကျလျက် စီးပွားဥစ္စာ အတော်အတန်ဖြစ်ထွန်း၍ 'ဘုရားဒါယကာ ဦးတုတ်ပေါ' ဟူသော လူကြီးလူကောင်း တစ်ယောက်အဖြစ်သို့တိုင် ရောက်ခဲ့လေရာ ရှိမ်းမကားရွာ၌ရှိသော ဆွေမျိုးညာတိ အမိအဖတို့ထံသို့ ရံဖန်ရံခါ စာလောက်သာပေးပြီးလျှင် လူကိုယ်တိုင်မှုကား တစ်ခါတစ်ခေါက်မျှပင် သွားရောက်ဖူးသည် မရှိချေ။

တစ်နေ့သ၌ ဦးတုတ်ပေါသည် ရှိမ်းမကားရွာ၌ အမိအဖများ သေဆုံးသဖြင့် ကျန်ရှိရစ်သော လယ်ယာချောင်းမြေ အမွေအနှစ် ပစ္စည်းအရပ်ရပ်တို့ကို ဆက်ခံ သိမ်းပိုက်ရန် လာရောက်ပါမည့်အကြောင်းနှင့် ဆွေမျိုးများထံမှ စာရရှိသဖြင့် ဦးတုတ်ပေါသည် နှစ်ပေါင်း ၂၀ ကျော် ၃၀ ခန့်မျှ မသွားရောက်ခဲ့ဖူးသော မိမိ၏ရပ်ရွာသို့ သွားရောက်ရန် ပြင်ဆင်လေ၏။ ထိုအခါ ယင်းအကြောင်းများကို ဦးမင်းဟန်သည် တစ်စုံတစ်ခုသောနည်းဖြင့် သိရှိလေရကား အလွန်တရာ ရဲဝံ့စွန့်စားသော အကြံတစ်ခုကို ပြုလေ၏။

ဦးမင်းဟန်သည် အထက်မြန်မာပြည်သို့ ဦးတုတ်ပေါ လိုက်သွားသော ရထားတစ်စင်းနှင့် စီးနင်းလိုက်ပါလာခဲ့လေရာ ဤတွင် ဦးတုတ်ပေါသည် မိမိရွာသို့ မရောက်မီ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ပြီး မကြာမီ ဦးမင်းဟန်သည် ဦးတုတ်ပေါအဖြစ်ဖြင့် အမွေအနှစ်များကို ဆက်ခံ သိမ်းပိုက်ခဲ့လေ၏။

ဦးတုတ်ပေါမှာ သူ့ရပ်ရွာသို့ ပြန်လည်သွားရောက်ခြင်း မရှိသည်မှာ နှစ်ပေါင်းများစွာ ကြာရှိခဲ့ပြီဖြစ်၍ ယင်းအား မြင်ဖူးသူတို့မှာ ကြီးရင့်သောအရွယ်သို့တိုင် ရောက်ပြီဖြစ်သည့်ပြင် ပလိပ်ရောဂါကလည်း အထူးသဖြင့် နှိပ်စက်သော ကျေးရွာတစ်ခုဖြစ်လေရကား အနည်းငယ်မျှသာ ဆွေမျိုးညာတိတို့သာလျှင် ကျန်ရှိခဲ့လေ၏။

ဦးမင်းဟန်သည် ယင်းအကြောင်းများကို တင်ကူး သိရှိပြီးဖြစ်သည့်ပြင် အရွယ်မှာလည်း မတိမ်းမယိမ်းဘဲ အလုံးအရပ်၊ အသားအရေမှာလည်း များစွာ မကွာခြားသည် ဖြစ်သောကြောင့် ဦးတုတ်ပေါအဖြစ်ဖြင့် ဟန်ဆောင်ရန် ရဲဝံ့စွာ ကြံစည်ခဲ့ခြင်း ဖြစ်လေသည်။ အလွန်တရာ ပါးနပ်ဖျတ်လတ်သောသူတစ်ယောက်ဖြစ်သဖြင့် သူတစ်ပါးက တစ်ခွန်းဟလိုက်လျှင် ပြောမည့်စကားကို ၁၀ ခွန်းမျှ ကြိုတင်သိမြင်နိုင်သောသူတစ်ယောက် ဖြစ်လေရကား ဦးမင်းဟန်သည် မိမိအား

mgyoe.com

mgyoe.com


စစ်ဆေးမေးမြန်းသူ အပေါင်းတို့အား အရိပ်အကဲနှင့် စကားအသွားအလာကို ကြည့်၍ သွက်လက်စွာဖြေဆိုနိုင်သောကြောင့် လူအားလုံးတို့က မကြာမီအတွင်း တွင် မိမိအပေါ်၌ သင်္ကာမကင်းသောစိတ် အလျှင်းမဖြစ်ပေါ်စေဘဲ ကျေနပ် လောက်အောင် ဖြေဆိုနိုင်ခဲ့လေ၏။

ဦးမင်းဟန်သည် ဦးတုတ်ပေါအဖြစ်ဖြင့် လက်ခံရရှိသော အမွေအနှစ်တို့ အနက် ငွေသားတည်းဟူသော ပစ္စည်းအနည်းငယ်မျှသာလျှင် ပါရှိ၍ များစွာသော ပစ္စည်းတို့မှာ လယ်ယာချောင်းမြေ အိမ်ခြေယာခြေ အစရှိသည့် ဇင်္ဂမပစ္စည်းများ ဖြစ်လေရာ ဦးမင်းဟန်၏အကြံမှာ ယင်းပစ္စည်းများကို ထုခွဲရောင်းချပြီးလျှင် ရှိမ်းမကားရွာမှ ထွက်ခွာခဲ့ရန် ဖြစ်လေသည်။

သို့ရာတွင် လယ်ယာချောင်းမြေ အစရှိသည့် ပစ္စည်းမျိုးတို့မှာ အလျင်စလို ရောင်းလိုသည့်အခါ၌ ပေါက်ရာပေါက်ကဲနှုန်းဖြင့် ရောင်းချရန် ခဲယဉ်းလှသည် ဖြစ်ရာ အကယ်၍ အဆမတန်နည်းသော အဖိုးနှုန်းဖြင့် ရောင်းချခဲ့ပါလျှင်လည်း မိမိအပေါ်၌ သင်္ကာမကင်း ဖြစ်စေဖို့အကြောင်းကို စိုးရိမ်ရသေးသည်ဖြစ်သော ကြောင့် ဦးမင်းဟန်သည် ၂ လကျော် ၃ လနီးပါး စောင့်ဆိုင်း၍ ပစ္စည်းများကို ထုခွဲရောင်းချလျက် ရှိလေ၏။

ယင်းကဲ့သို့ ရှိနေစဉ် ကဝက်ကင်းရွာ၌ ဦးတုတ်ပေါနှင့် သိကျွမ်းခဲ့ဖူးသော ဦးတာရဲအမည်ရှိ မိတ်ဆွေတစ်ယောက်သည် ရှိမ်းမကားရွာသို့ ဦးတုတ်ပေါ ဆိုက်ရောက်သည်ဟု သတင်းကြားသဖြင့် ဦးတုတ်ပေါနှင့် တွေ့ဆုံရန် နေအိမ်သို့ လာရောက်လည်ပတ်လေရာ ဦးတာရဲသည် အိမ်တွင်းသို့ရောက်၍ ဦးမင်းဟန်နှင့် မျက်နှာချင်းဆိုင်မိသည်နှင့် တစ်ပြိုင်နက် ဦးမင်းဟန်သည် မိမိ၏အလိမ် ပေါ်ချေ ပြီတကားဟု သိရှိလျှင် သိရှိချင်း တစ်သက်ပတ်လုံး မကောင်းသောနည်းလမ်း၌ အသုံးချလာခဲ့သော မိမိ၏ အလျှန်မြန်ထက်မြက်သည့်ဉာဏ်ဖြင့် ဆင်ခြင်လိုက်ရာ 'ငါ၏အသက်သော်လည်းကောင်း၊ ထိုသူ၏ အသက်သော်လည်းကောင်း တစ် ယောက်ယောက် ဖြုတ်ရမည်ဖြစ်သော ကိစ္စပေတည်း' ဟု သိရှိလေ၏။

ဤကဲ့သို့ ကိစ္စမျိုးပေါ်ပေါက်သည့်အခါတို့၌ ဦးမင်းဟန်သည် မည်ကဲ့သို့ ပြုလုပ်ရမည်ကို ဆုံးဖြတ်ရန် နှောင့်နှေးကြန့်ကြာခြင်း မရှိသော သူတစ်ယောက် ဖြစ်လေရာ ဦးတာရဲကို မြင်လျှင်မြင်ချင်း ညာလို့င်း၍ရမည့် လူတစ်ယောက်မဟုတ် ကြောင်းကို သိပြီးဖြစ်သည့်အတိုင်း မိမိကိုယ်ကို ဦးတုတ်ပေါဖြစ်သည်ဟူ၍ အလျှင်းမပြောဘဲ 'မိမိမှာ ဦးတုတ်ပေါ၏မိတ်ဆွေ ဧည့်သည်မျှဖြစ်ကြောင်း၊ ဦးတုတ်ပေါမှာလည်း အပြင်သို့ထွက်သွားသဖြင့် မကြာမီ ပြန်လာမည်ဖြစ်ကြောင်း' နှင့် ပြောဆို၍ နေရာထိုင်ခင်းများ ပေးလေ၏။

mgyoe.com

mgyoe.com


ဦးတာရဲသည် ဦးမင်းဟန်ကို မြင်စအခါ၌ ထိတ်လန့်၍သွားသော်လည်း ဦးမင်းဟန်က ဧည့်သည်ဖြစ်သည့်အကြောင်းကို ပြောပြသောအခါ အံ့သြခြင်း ပျောက်ကင်း၍ သင်ဖြူးပေါ်၌ထိုင်ကာ စောင့်ဆိုင်းလျက်ရှိလေ၏။ ထိုအခါ ဦးမင်းဟန်သည် ဥပါယ်တံမျဉ်နှင့် အခန်းတွင်းသို့ဝင်သွား၍ လေးလံ ခိုင်မာလှသော ဓာဝိတုတ်ကြီးနှင့် နောက်မှ ရုတ်တရက် ဦးခေါင်းကိုရိုက်လိုက်ရာ ဦးတာရဲမှာ တစ်ချက်မျှ အော်ဟစ်ခြင်း၊ ညည်းညူခြင်း မပြုနိုင်ဘဲ ပွဲချင်းပြီး သေဆုံးသွားလေ၏။ အလောင်းကို ဖုံးဖိ၍ သွေးစက်များကို သုတ်သင်ခြင်း၊ လူခြေတိတ်သည့်အခါ၌ အလောင်းကို မြစ်ဆိပ်သို့ဆောင်ကြဉ်းပြီးလျှင် အုတ်ခဲ ဆွဲ၍ မြစ်ထဲသို့ ပစ်ချခြင်း အစရှိသည့် အလုပ်မျိုးတို့မှာ ဦးမင်းဟန်၌ ပြုရဖန် များလှပြီဖြစ်သောကြောင့် များစွာခဲယဉ်းလှသည် မဟုတ်ပေ။

ယင်းကဲ့သို့ ဦးတာရဲကို အလောင်းနှင့်တကွ ဖျောက်ဖျက်ပြီးနောက် အချို့သော ရွာသူရွာသားတို့က ဦးတာရဲသည် ဦးတုတ်ပေါ်အိမ်သို့ အလည်သွား ရောက်သည့်ညဥ့်မှစ၍ ပျောက်ခြင်းမလှ ပျောက်၍သွားသည်ဟု ပြောဆိုကြ သော်လည်း ဦးမင်းဟန်သည် အကယ်၍ ထွက်ပြေးတိမ်းရှောင်နေခဲ့ပါက မိမိ သတ်သည်ဟူ၍ အတပ်ပင် စွပ်စွဲရန်ရှိသည့်ပြင် လယ်ယာချောင်းမြေတို့ကို ရောင်းချသည့်ကိစ္စမှာလည်း မပြီးမြောက်သေးသည် ဖြစ်သောကြောင့် ထွက်ပြေး တိမ်းရှောင်ခြင်းမပြုဘဲ မိမိအိမ်သို့ ဦးတာရဲသည် မည်သည့်အခါကမျှ မလာ ရောက်ဖူးကြောင်းနှင့် တင်းမာစွာ ငြင်းဆိုလျက်ရှိလေ၏။

* * *

ကျွန်တော်သည် မိတ်ဆွေ ဦးစံရှားနှင့် ရန်ကုန်မြို့၌ အတူတကွ နေထိုင်ခဲ့ကြရာမှ အလုပ်မှ အားလပ်ခွင့်ယူ၍ ကျွန်တော်၏ မိဘရပ်ထံဖြစ်သော ရွှေဘိုတောင်လက် မန်ကျည်းတုံးရွာတွင် ခေတ္တနေထိုင်လျက်ရှိစဉ် ဦးစံရှားသည် ကိစ္စတစ်ခုနှင့် မန္တလေးမြို့သို့ ရောက်ခဲ့ရာတွင် ကျွန်တော်နေထိုင်ရာ မန်ကျည်းတုံးရွာသို့လည်း တစ်ညအိပ်မျှ လာရောက် လည်ပတ်ခဲ့လေ၏။ ကျွန်တော်နေထိုင်လျက်ရှိသော အိမ်သည် ရွာ၏အပြင်၌ တည်ရှိ၍ ညချမ်းအခါ၌ လှည်းဖြင့်သွားလာသော ခရီးသည်တို့သည် အိမ်ရှေ့၌ရှိသော သစ်ပင်ကြီးအောက်၌ လှည်းစခန်းချပြီးလျှင် တောသူတောင်သားတို့ဘာဝ မိမိတို့ရပ်ရွာ၌ ဖြစ်ပျက်သော သတင်းအထူးအဆန်း တို့ကို တစ်ယောက်တစ်လှည့် မီးဖိုအနီး၌ ဝိုင်းဖွဲ့ကာ ပြောဆိုလေ့ရှိကြကုန်၏။

ထိုညဥ့်၌ ကျွန်တော်နှင့် ဦးစံရှားတို့သည် အိပ်မပျော်နိုင်ကြသည်ဖြစ်၍ ဝင်းပြင်သို့ ထွက်လာကြပြီးလျှင် မီးဖို၌ လူဝိုင်းကိုမြင်သည်နှင့် ဦးစံရှားသည် မိမိ မရောက်ဖူးသောအရပ်၌ ဗဟုသုတကို ရှာမှီးစုဆောင်းရန် ဝါသနာရှိသည့်

mgyoe.com

mgyoe.com

အတိုင်း လက်ဖက်ရည်ဝိုင်းသို့ ဝင်ပြီးလျှင် ခရီးသည်တို့ပြောစကားများကို ဝင်ရောက် နားထောင်ကြလေ၏။

ထိုအခါ၌ တစ်ယောက်သော ခရီးသည်သည် ရှိမ်းမကားရွာ၌ ဦးတုတ်ပေါ ဆိုသူ၏အကြောင်းကို ပြောဆိုလျက်ရှိရာ ယင်းဦးတုတ်ပေါသည် ငယ်စဉ်တောင် ကျေးက အောက်ပြည်အောက်ရွာသို့ ထွက်ခွာသွားရောက်ကြောင်း၊ နှစ်ပေါင်း သုံးဆယ်ခန့်အတွင်း တစ်ခါတစ်ခေါက်မျှ လာရောက်ခြင်းမရှိဘဲ အိုမင်းမစွမ်း ရှိသူ မိဘများ သေဆုံးသည့်အခါမှ လာရောက်၍ အမွေအနှစ်များကို ဆက်ခံ သိမ်းပိုက်ကြောင်း၊ အထက်သားပင် ဖြစ်သော်လည်း အောက်မြို့ကျေးရွာ၌ ကြီးပြင်းခဲ့ရ၍ အိမ်ထောင်ကျခဲ့သည် ဖြစ်သောကြောင့် သားမယားထံ ပြန်ရန် အမွေအနှစ်ရသည့် လယ်မြေတို့ကို ထုခွဲရောင်းချလျက်ရှိကြောင်း၊ ထို့ပြင် ထူးဆန်း သော အခြင်းအရာတစ်ခုမှာ ဦးတာရဲ အမည်ရှိ မိမိတို့ရွာသားတစ်ယောက်မှာ ဦးတုတ်ပေါ၏အိမ်သို့ တစ်ညသောအခါ၌ သွားရောက်လည်ပတ်ရာတွင် ပျောက် ခြင်းမလှ ပျောက်ဆုံး၍ သွားကြောင်းများဖြင့် ပြောဆိုလျက်ရှိလေ၏။

ဦးစံရှားမှာ ပထမ၌ ထိုသူပြောစကားများကို အာရုံ မစိုက်တစ်ချက် စိုက်တစ်ချက်နှင့် ခရီးသည်အသီးသီးတို့၏ ရုပ်လက္ခဏာများကို တစ်ယောက်စီ အကဲခတ်လျက်ရှိရာ လူတစ်ယောက် ပျောက်ဆုံးသည်ဟု ကြားလိုက်ရသည်၌မူ အမဲလိုက်ခွေးသည် ယုန်အနံ့ရသောအခါ၌ ရှေ့သို့တိုးကာ နောက်ဆုတ်ကာဖြင့် လှုပ်ရှားလာခတ်လျက် ရှိနေဘိသကဲ့သို့လည်းကောင်း၊ ဒုန်းမြင်းသည် တာပတ်ကွင်းကို မြင်သောအခါ၌ နားရွက်စွင့်ကာ လည်ထောင်ကာဖြင့် ဂနာမငြိမ် ရှိနေဘိသကဲ့သို့ လည်းကောင်း၊ ဦးစံရှားမှာလည်း ထိုင်းမှိုင်းပျင်းရိသော အမူအရာတို့သည် တစ် ခဏချင်းတွင် ပျောက်ကင်းသွား၍ ယင်း၏ ထက်မြက်စူးရှသော မျက်လုံးတို့သည် အာရုံစူးစိုက်သည့်အခါ၌ ဖြစ်ပေါ်မြဲအတိုင်း မီးဖို၏အလင်း၌ အရောင်တပြက် ပြက် ထွက်လာခဲ့လေ၏။

ထိုအခါ ဦးစံရှားသည် ဆေးအိတ်မှ ဆေးအနည်းငယ်ကို ယူ၍ ဆေးတံ ၌ ထည့်ရင်း–

**ရှား**။ ။ "နေပါဦးဗျ။ ဦးတုတ်ပေါဆိုတဲ့လူကြီး ရောက်လာတာ ဘယ် လောက် ကြာပြီလဲ"

**သည်**။ ။ "နှစ်လခွဲ သုံးလလောက်ရှိ မှတ်ပါ့ဗျာ"

**ရှား**။ ။ "ဦးတုတ်ပေါ လူပုံလူပန်း ပြောစမ်းဗျာ"

**သည်**။ ။ "အသားညိုညို၊ မပိန်မဝ၊ အရပ်ခပ်မြင့်မြင့်၊ မျက်လုံးနည်းနည်း ပြူးတယ်"

mgyoe.com

mgyoe.com

ရှား။ ။ "အသက်ကောဗျာ"

သည်။ ။ "လေးဆယ်ကျော် ငါးဆယ်တွင်းလောက် မှတ်တယ်"

ရှား။ ။ "နို့…နေပါဦးဗျ။ ဦးတုတ်ပေါက သူ့ရွာ သူ မရောက်တာ အနှစ် ၂၀၊ ၃၀ နီးပါး ရှိပြီဆို"

သည်။ ။ "ဟုတ်ကဲ့"

ရှား။ ။ "ဒါဖြင့် သူ့ကို ဘယ်သူ မှတ်မိကြသလဲ"

သည်။ ။ "ငယ်ငယ်က မြင်ဖူးတဲ့လူများ တချို့တလေ ရှိကြသေးတာ ပေါ့ဗျ"

ရှား။ ။ "နို့…သူတို့က ဟုတ်တယ်တဲ့လား"

သည်။ ။ "တစ်ယောက် နှစ်ယောက်ကတော့ စမ်းသပ်ပြီး မေးမြန်းကြည့် ကြသေးတယ်။ မေးမြန်းကြည့်တော့လည်း ရွာကအကြောင်းတွေကို သူ သွက်သွက် လက်လက် ပြန်ပြောနိုင် ဆိုပါလားဗျ"

ရှား။ ။ "ဒါထက် ကျုပ် တစ်ခု မေးစမ်းပါရစေဗျာ၊ ခင်ဗျား ဦးတုတ်ပေါ ကို သေသေချာချာ ကြည့်မိရဲ့လား"

သည်။ ။ "ကြည့်မိပါသော်ဗျာ။ မလာဖူးတဲ့လူတစ်ယောက် ပေါ်လာ တယ်ဆိုတော့ တစ်ရွာလုံး ဝိုင်းပြီး ကြည့်ကြတာပေါ့ဗျာ"

ရှား။ ။ "နေပါဦး…ဒါဖြင့် စကားပြောတဲ့အခါမှာ နှုတ်ခမ်းကို မကြာ မကြာ လျှာနဲ့လျက်တတ်တယ် မဟုတ်လား"

သည်။ ။ "သြော်…ဟုတ်တယ်ဗျို့၊ မြင်မိတယ်"

ရှား။ ။ (ရုတ်တရက် အလွန်စိတ်အားထက်သန်လှသော အမူအရာ ဖြင့်) "ရယ်လိုက်တဲ့အခါမှာ ညာဘက်က အထက်သွားမှာ သွားတက်ကလေး ပါတယ် မဟုတ်လား"

သည်။ ။ "မြင်မိမှတ်သဗျို့"

ရှား။ ။ "နေဦးဗျ။ ပျောက်သွားတဲ့လူဟာ ဘယ်သူ"

သည်။ ။ "ဦးတာရဲတဲ့ဗျ"

ရှား။ ။ "အဲဒီဦးတာရဲဟာ ဦးတုတ်ပေါရောက်စက သူ့အိမ် သွားလည် သလား"

သည်။ ။ "မဟုတ်ဘူးဗျ။ ဦးတုတ်ပေါရောက်တာက သုံးလလောက် ရှိပြီ။ သူအလည်သွားတာ တစ်နေ့ကမှ"

ရှား။ ။ "ဒီလူက လာလည်နေကျလား"

mgyoe.com

mgyoe.com

သည်။ ။ "မဟုတ်ဘူးဗျ။ မိုးကုတ်ကို ကျောက်ဝယ်တက်နေလို့ အဲဒီနေ့ ကမှ ရွာပြန်ရောက်တယ်"

ရှား။ ။ "ဩော်...မိုးကုတ်က ကျောက်တွေကို ဝယ်ပြီး အောက်ပြည် အောက်ရွာချပြီး ရွာစဉ်လျှောက်ရောင်းတဲ့ လူတစ်ယောက်ပေါ့ဗျာ"

ရှား။ ။ "အောက်ပြည်ဆင်းတဲ့အခါမှာ ကဝက်ကင်းရွာရောက်လို့ ဦးတုတ်ပေါ်နဲ့လည်း တွေ့ခဲ့ဖူးတယ် ဟုတ်စ"

သည်။ ။ "တွေ့ခဲ့ဖူးဆို ထင်ပါ့ဗျာ"

ရှား။ ။ (ထိုင်ရာမှ ရုတ်တရက် ထ၍) "ကိုင်း...ကိုသိန်းမောင်၊ ဒီရွာထဲမှာ လှည်းကောင်း နွားကောင်းများ မရှိဘူးလားဗျာ"

ကျွန်။ ။ "ဘာလုပ်မလို့လဲဗျ"

ရှား။ ။ "ကျုပ် ရှိမ်းမကားကို သွားချင်တယ်"

ကျွန်။ ။ "ရှိမ်းမကား သွားချင်လို့ဆိုရင် မနက်စောစော ရထားနဲ့ ပေါက္ကံ ဘူတာကိုလိုက်ပြီး ပေါက္ကံကမှ လှည်းနဲ့သွားတာပေါ့"

ရှား။ ။ "ခင်ဗျားပြောသလိုသွားရင် ဘယ်အချိန်ရောက်မလဲ"

ကျွန်။ ။ "မွန်းမတည့်ခင် ရှိမ်းမကားကို ရောက်ပါတယ်"

ရှား။ ။ "အခု ဒီက တစ်ခါတည်း လှည်းနဲ့သွားရင်ကော"

ကျွန်။ ။ "မိုးလင်းလောက် ရောက်မှာပေါ့"

ရှား။ ။ "ကိုင်း...စကားမများနဲ့။ လှည်းသာရှာပေတော့ ကိုသိန်းမောင်"

ထိုအခါ ကျွန်တော်သည် ဦးစံရှား၏သဘောကို သိသည်ဖြစ်၍ ညတွင်းချင်း လှည်းရှာ၍ ငှားပြီးလျှင် ရှိမ်းမကားရွာသို့ ထွက်လာခဲ့ကြရာ ယခင်က ခရီးသည်လည်း ကျွန်တော်တို့နှင့်အတူ လိုက်ပါလာခဲ့လေ၏။

အရုဏ်တက်အချိန်ခန့်၌ ကျွန်တော်တို့သည် ရှိမ်းမကားရွာနှင့် အတော်အတန် နီးကပ်၍လာခဲ့ရာ အရုဏ်တက်ခါနီး ပေါက်လာတတ်သော လေကလေးသည် တဖြူးဖြူး တိုက်ခတ်လျက်ရှိရာ တဖြည်းဖြည်း ပြင်း၍ ပြင်း၍ လာခဲ့ရာ မိုးလင်းသဖြင့် ရွာသို့ ချဉ်းကပ်မိသည့်အခါ မိုးတိမ်တို့သည် အထက်ကောင်းကင်၌ စနေထောင့်အရပ်မှ အင်္ဂါထောင့်အရပ်သို့ လျင်မြန်စွာဖြတ်သန်း ပြေးလွှားလျက် လေညင်းကလေးသည်လည်း မုန်တိုင်းအဖြစ်သို့တိုင် ရောက်ခဲ့လေ၏။

ရွာတွင်းသို့ ဆိုက်ရောက်ကြသောအခါ ရွာသူရွာသားတို့သည် နံနက်စောစောအချိန်၌ လေမုန်တိုင်းဆင်လျက်ရှိနေသဖြင့် အိပ်ရာမှမထကြသေးဘဲ ရှိနေကြသဖြင့် အိမ်တို့မှာ တံခါးပိတ်လျက် လမ်းများပေါ်၌လည်း လျင်မြန်စွာ

mgyoe.com

mgyoe.com


ရွှေ့လျောလှုပ်ရှားလျက်ရှိသော မြူဖုန်ကလေးများမှတစ်ပါး အခြား လူသွားလူလာ တို့ မရှိခဲ့ချေ။

ရွာတွင်းသို့ရောက်လျှင် ကျွန်တော်တို့သည် ဦးတုတ်ပေါ၏အိမ်သို့ လှည်းကို မောင်းစေရာ အခြားသောအိမ်များမှာ အိမ်တံခါးပိတ်လျက် ဦးတုတ်ပေါ၏အိမ် တစ်ခုတည်းသာလျှင် တံခါးပွင့်နေသည်ကို တွေ့ရှိရလေ၏။ ဦးတုတ်ပေါ၏ အိမ်မှာ မြစ်ဆိပ်နှင့် များစွာ မဝေးကွာသည်ဖြစ်၍ ကျွန်တော်တို့နှင့်အတူပါလာသော ခရီးသည်သည် အိမ်တွင်းသို့ဝင်၍ "ဦးတုတ်ပေါ ရှိပါသလား"ဟု မေးမြန်းလျက် ကျွန်တော်နှင့် ဦးစံရှားတို့သည်မူ အိမ်ရှေ့မှ ရပ်လျက်ရှိစဉ် ဦးစံရှားသည် မြစ်ဆိပ်ဘက်သို့ မျှော်ကြည့်နေရာမှ ရုတ်တရက် ကျွန်တော်၏လက်ကို ကိုင်ဆွဲခေါ်ငင်လျက် ကမ်းနားဘက်သို့ လျင်မြန်စွာ လျှောက်သွားလေ၏။

လှေဆိပ်၌မူကား လူတစ်ယောက်သည် ပျာယီးပျာယာရှိသော အမူအရာနှင့် သမ္ဗန်တစ်စင်းကို ရွက်တိုင်ထူလျက်ရှိရာ ကျွန်တော်တို့လာသည်ကို မြင်သောအခါ ရှေးကထက်ပင် တိုး၍ အလျင်လိုသော အမူအရာနှင့် ရွက်ထူလျက်ရှိလေ၏။

လေသည် အဟုန်ပြင်းထန်စွာ တိုက်ခတ်လျက်ရှိသည် ဖြစ်သောကြောင့် မြစ်တစ်ပြင်လုံး လှိုင်းလုံးကြီးများသည် ဖွေးဖွေးဖြူလျက် ကမ်းပါးစပ်သို့လည်း ဆူညံစွာရိုက်ခတ်လျက်ရှိရာ ထိုသူသည် ရွက်တိုင်ကို စိုက်ထူမိသည်နှင့် တစ်ပြိုင်နက် ရွက်သည် စုတ်ပြတ်၍ ပါသွားတော့မည်ကဲ့သို့ ပြင်းထန်စွာ လှုပ်ရှားလျက် သမ္ဗန်သည်လည်း ပဲ့၌ ချည်ထားသောကြိုးကို ပြတ်စေတော့မည့်အလား အဟုန်ပြင်းစွာ ရုန်းလျက်ရှိလေ၏။

ဦးစံရှားသည် ထိုအခြင်းအရာကို မြင်သောအခါ ရေဆိပ်သို့ လျင်မြန်စွာ ပြေးဆင်းလာခဲ့လေရာ သမ္ဗန်အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ထိုသူသည် သမ္ဗန်၌ချည်ထားသော ကြိုးကို ဓားနှင့်ခုတ်၍ ဖြတ်လိုက်ရာ သမ္ဗန်သည် လွန်မင်းစွာ ပြင်းထန်သော လေ၏အဟုန်ကြောင့် ရွက်ကြိုးကိုမျှ တောင့်၍မရဘဲ ဂိတ်ဖွင့်၍ လွှတ်လိုက်သော ဒုန်းမြင်းကဲ့သို့ တစ်ဟုန်တည်း ထိုး၍ တက်သွားလေ၏။

ကျွန်တော်နှင့် ဦးစံရှားတို့မှာ ထိုသူ၏ အမူအရာကို ကမ်းမှ ငေးမောကာ ကြည့်နေရစ်ကြရသည်ဖြစ်ရာ ထိုသူသည် ဦးစံရှားရှိရာသို့ လှည့်၍ ပြောင်လှောင်ရယ်မောပြီးလျှင် ပဲ့မှထိုင်၍ သမ္ဗန်ကို မြစ်၏အခြားဘက်ကမ်းသို့ ပဲ့ပေးသဖြင့် သမ္ဗန်ကလေးသည် မိမိထက် အဆများစွာ မြင့်မားထွားကျိုင်းသော လှိုင်းလုံးကြီးများကို ဖြတ်ကျော်လျက် စာပို့မီးရထား၏ အဟုန်ဖြင့် မြစ်ကို ဖြတ်သန်းလျက် ရှိလေ၏။

လေသည် ပြင်းသည်ထက် ပြင်း၍ပင် လာပြန်လေရကား သမ္ဗန်ကလေး

mgyoe.com

mgyoe.com

သည် ဤလိုင်းမှ ထိုလိုင်း၊ ထိုလိုင်းမှ ဟိုလိုင်း စသည်ဖြင့် ဖြတ်သန်းကူးကျော်လျက် ရှိနေရာ ဤလိုင်းဘေားမှ လွတ်လျှင် ထိုလိုင်း၌ နစ်လိမ့်အံ့၊ ထိုလိုင်းမှ လွတ်ပြန်လျှင် ဟိုလိုင်း၌ မြုပ်လိမ့်အံ့...စသည်ဖြင့် ထင်မြင်ရသည်ဖြစ်သောကြောင့် ဦးစံရှားသည်ပင်လျှင် အမှုကိစ္စကို သတိမရဘဲ ထိုသူအတွက် စိုးရိမ်မကင်းသည့် အမူအရာနှင့် ရှိနေခဲ့လေ၏။

ထိုအချိန်၌ကား မြစ်ဆိပ်သို့ လူအနည်းငယ် ရောက်လာကြသည်ဖြစ်၍ မြစ်ကမ်း၌ စုရုံးဝိုင်းဖွဲ့ကာ သမ္ဗန်လေးကို ကြည့်ကြလျက် "ဟယ်...သွားပြီဟဲ့၊ ဟယ်...နစ်ပြီဟ၊ ဟယ်...ကံကောင်းလို့။ သေရောဟဲ့...ဒီတစ်ခါ..." အစရှိသည်ဖြင့် ဆူညံစွာ ဟစ်အောင် ပြောဆိုလျက် ရှိကြလေ၏။ လေသည် တစ်ဟုန်တည်း ပြင်းထန်စွာတိုကရာမှ တစ်ချက်ချက်၌ ဆောင့်၍ ဆောင့်၍ ဆတက်ထမ်းပိုး တိုးတက်ပြင်းထန်သောအရှိန်ဖြင့် တစ်ချက်တစ်ချက် တိုက်ခတ်လိုက်ပြန်ရာ တစ်ချက်သောလေပြင်းမှာ ထန်လှသည်ဖြစ်သောကြောင့် သမ္ဗန်ကလေးသည် စောင်း၍ မှောက်သွားရော ကုန်းပေါ်မှလူများသည် "ဟယ်...သွားပြီဟ၊ ဒီတစ်ခါမှ" ဟု တညီတညာတည်း အော်ဟစ်လိုက်ကြလေ၏။

ထိုအခါမှ ယင်းရွာသားတို့သည် သမ္ဗန်ပေါ်၌ မည်သူလိုက်ပါသွား၍ မည်သူ၏ သမ္ဗန်ဖြစ်ကြောင်းကို အသီးသီး ထင်မြင်ချက်ပေးကြလေရာ တစ်ယောက်သောသူက သမ္ဗန်နှင့် ကူးသွားသောသူမှာ အခြားသူမဟုတ်။ ဦးတုတ်ပေါ ဖြစ်ကြောင်း၊ ဦးတုတ်ပေါမှာ နံနက်တိုင်း စောစောထ၍ လမ်းလျှောက်တတ်ကြောင်း၊ ယနေ့မနက်၌လည်း ကမ်းနားတွင် လမ်းလျှောက်နေရာမှ မည်သည့်စိတ်ကူးနှင့်မသိ။ သမ္ဗန်နှင့် ရုတ်တရက် ကူးသွားကြောင်းများနှင့် ပြောဆိုလေ၏။ မြစ်လယ်၌မူကား သမ္ဗန်ကိုလည်းကောင်း၊ သမ္ဗန်နှင့်လိုက်ပါသွားသောလူကိုလည်းကောင်း အစအနမျှ မမြင်ရဘဲ လှိုင်းလုံးကြီးတို့၏ ဖွေးဖွေးဖြူသော ထိပ်များကိုသာလျှင် တွေ့မြင်ကြရလေ၏။

လေသည်လည်း အဟုန်ယုတ်လျော့ခြင်းမရှိဘဲ ပြင်းထန်စွာ ဆက်လက်တိုက်ခတ်လျက် လာပြန်ရာ တစ်စုံတစ်ယောက်သောသူမျှ သွားရောက် ကယ်ဆယ်ခြင်းငှာ မဝံ့ဘဲ ကမ်းပေါ်မှာ ၁၅ မိနစ်မျှ ရပ်တန့် ကြည့်ရှုကြပြီးနောက် ထိုလူစုသည် နေအိမ်သို့ အသီးသီး ပြန်သွားကြကုန်၏။

ကျွန်တော်တို့၏လှည်းနှင့် အတူလိုက်ပါလာခဲ့သော ခရီးသည်လည်း ဦးတုတ်ပေါနှင့် မတွေ့သဖြင့် ကျွန်တော်တို့အား မိမိနေအိမ်သို့ လိုက်ပါတည်းခိုရန် ဖိတ်ကြားလေရာ ဦးစံရှားမှာ ဤအမှုနှင့်ပတ်သက်၍ စိတ်မကျေနပ်သေးသည့်

mgyoe.com

လက္ခဏာနှင့် ရှိမ်းမကားရွာမှ ထွက်ခွာရန် ဆန္ဒမရှိဘဲ ထိုသူ၏အိမ်သို့ ဝမ်းမြောက်ဝမ်းသာ တည်းခိုနေထိုင်ရန် လိုက်ပါသွားခဲ့လေ၏။

ဦးစံရှားသည် မိမိ၏ထုံးစံအတိုင်း အမူအကြောင်းနှင့် စပ်လျဉ်း၍ ကျွန်တော်နှင့် တိုင်ပင်ပြောဆိုခြင်း မပြုသေးဘဲ နံနက်စာ စားသောက်၍ပြီးသဖြင့် လက်ဖက်ရည်ကြမ်းဝိုင်း၌ ထိုင်ကြသည့်အခါမှ

ရှား။ ။ "သမ္မန်နဲ့ ထွက်သွားတဲ့လူကို နာမည်တော့ ခင်ဗျား ကြားဖူးမှာပေါ့ ကိုသိန်းမောင်"

ကျွန်။ ။ "ဦးတုတ်ပေါဆို မဟုတ်လားဗျ"

ရှား။ ။ "ဘယ်က ဦးတုတ်ပေါရမလဲဗျာ။ ကျုပ်တို့မိတ်ဆွေကြီး ဦးမင်းဟန်ပေါ့"

ကျွန်။ ။ "ဗျာ...ရန်ကုန်က ခင်ဗျား ခဏခဏပြောနေတဲ့ ဦးမင်းဟန်လားဗျာ"

ရှား။ ။ "အစစ်ပေါ့ဗျ။ ဒီလူ ငုပ်ကွယ်နေတာ နှစ်လ သုံးလလောက်ရှိသွားလို့ ဘယ်များရောက်နေပါလိမ့်မလဲလို့ ကျုပ်လည်း သတင်းနားစွင့်ပြီးနေတုန်း မထင်တဲ့အရပ်တစ်ခုမှာ လာပြီး တွေ့နေရသဗျာ။ ကျုပ်က ဒီလောက်ဝေးဝေး ကျက်စားလိမ့်မယ်လို့ မထင်မိဘူးဗျ။ လူဆိုးထဲမှာ ဒီလောက်နယ်ကျယ်တဲ့လူများ ကြားများ ကြားဖူးကြလားဗျာ"

ကျွန်။ ။ "ဒီတစ်ခါ ဘာအမှုလဲဗျို့"

ရှား။ ။ "ဒီတစ်ခါလား။ လိမ်လည်မှုက တစ်ခုဗျ။ လူသတ်မှုက နှစ်ခုဗျ"

ကျွန်။ ။ "လိမ်လည်မှုက ဦးတုတ်ပေါယောင်ဆောင်မှု မှတ်တယ်"

ရှား။ ။ "အစစ်ပဲဗျ"

ကျွန်။ ။ "လူသတ်မှုကကောဗျာ"

ရှား။ ။ "ဦးတုတ်ပေါနဲ့ ဦးတာရဲကို သတ်မှုပေါ့ဗျ။ သူက ရန်ကုန်မှာနေပေမဲ့ ရွာစဉ်တစ်လျှောက်မှာ တပည့်တွေအများကြီးရှိလေတော့ ဦးတုတ်ပေါဆိုတဲ့လူအကြောင်း ကြားတဲ့အခါမှာ ဦးတုတ်ပေါယောင်ဆောင်ပြီး သွားဖို့အကြံဖြစ်၊ အကြံဖြစ်တဲ့အတိုင်း ဦးတုတ်ပေါကို တစ်နည်းနည်းနဲ့သတ်၊ သတ်ပြီး ဦးတုတ်ပေါအဖြစ်နဲ့ ရှိမ်းမကားမှာ အမွေကို အချောင်ယူ၊ ပစ္စည်းတွေကို ရောင်းနေတုန်း ဦးတုတ်ပေါအစစ်ကို မြင်ဖူးတဲ့ ဦးတာရဲက လာပြီးလည်၊ လည်တော့ သူ့အလိမ်ပေါ်မှာစိုးလို့ ဦးတာရဲကိုလည်း အဆုံးစီရင်လိုက်တာပေါ့ဗျ"

mgyoe.com

mgyoe.com

ကျွန်။ ။ "ရက်ရက်စက်စက် ကြံလည်း ကြံဝံ့တဲ့ လူတစ်ယောက်ပါပေပဲဗျာ။ ကြိုးဒဏ်နဲ့မသေဘဲ ဒီတစ်ခါဖြင့် ရေဘေးနဲ့ ကိစ္စချောရှာပါပြီဗျာ"

ရှား။ ။ "ရက်စက်တာမှာတော့ သူ့အပြင် ဘယ်ရှိမလဲဗျာ။ ရေဘေးနဲ့ ကိစ္စချောပြီဆိုတဲ့ စကားကတော့လည်း ဟုတ်ချင်မှ ဟုတ်ဦးမယ့် လူတစ်ယောက်ဗျ…"

ကျွန်။ ။ "မဟုတ်လည်း ဘာခံနိုင်ပါ့မလဲဗျာ။ ကျွန်တော်တို့ မျက်စိအောက်တွင် လူရော၊ သမ္ဗန်ရော နစ်သွားတာ မြင်လိုက်ရတဲ့ အလုပ်ကပဲ"

ရှား။ ။ "မလုပ်နဲ့ ကိုသိန်းမောင်ရေ၊ အရင်တစ်ခါလည်း မျက်စိအောက်တွင် မီးထဲပါသွားသလိုလိုနဲ့ တော်တော်ကြာတော့ တစ်ခါ ပြန်ပြီး ပေါ်လာဖူးပြီမဟုတ်လား"

ကျွန်။ ။ "ဒီတစ်ခါတော့ ခင်ဗျားလူ မပေါ်နိုင်တော့ပါဘူး"

ရှား။ ။ "မလုပ်နဲ့ ကိုသိန်းမောင်ရေ့၊ ဒီလူက အင်မတန် အသက်ပြင်းတဲ့လူ။ ကျုပ်ဖြင့် သူ့အလောင်းကို မျက်စိနဲ့မြင်ရမှ သေပြီလို့ စိတ်ချရတော့မှာပဲဗျို့"

ကျွန်။ ။ "ဒါဖြင့် ခင်ဗျား ဒီကနေ့ မပြန်သေးဘူးပေါ့လေ"

ရှား။ ။ "တစ်ရက်လောက်တော့ သည်းခံပါဦး ကိုသိန်းမောင်"

ထိုနေ့၌ ကျွန်တော်တို့သည် ရှိမ်းမကားရွာ၌ ဦးစံရှား၏ သဘောအလျောက် တစ်ရက်မျှ စောင့်ဆိုင်းရင်း ရွာ၏အခြေအနေကို လှည့်လည်ကြည့်ရှုကြရာ ရှိမ်းမကားရွာမှာ လွန်ခဲ့သည့် ၁၀ နှစ်ကျော်ခန့်လောက်က မြို့အုပ်ရုံးစိုက်ခဲ့သဖြင့် ရှိမ်းမကားမြို့ဟူ၍ အမည်တွင်လျက် အတော်အတန် စည်ကားခဲ့ဖြာသော်လည်း ယခုအခါ၌မူ မြို့အုပ်ရုံးသည် ဝက်လက်မြို့သို့ ရွှေ့ပြောင်းခဲ့ပြီဖြစ်သောကြောင့် များစွာ စည်ကားခြင်းမရှိဘဲ မြေအိုး၊ စဉ့်အိုးများ လုပ်ကိုင်သည့် လုပ်ငန်းမှတစ်ပါး အခြား ကြီးကျယ်သည့်လုပ်ငန်းဟူ၍ ပြောပလောက်အောင် မရှိတော့ချေ။

ရှေးအခါက စည်ကားခဲ့ဖူးသော ဈေးများသည်လည်း ကျိုးနှင့် ဖုတ်ဖုတ်ရှိနေလျက် ကပ်ရောဂါသည်လည်း မကြာခဏ ဖိစီးနှိပ်စက်ခြင်းကြောင့် အရောင်းအဝယ် ယုတ်လျော့ခြင်း၊ ရွှေ့ပြောင်းထွက်ခွာသွားကြသော ရွာသားတို့မှာလည်း အတော်ပင် များပြားသည်ဖြစ်ခြင်းတို့ကြောင့် ခြောက်သွေ့ပျင်းရိဖွယ်ကောင်းသော ရွာတစ်ရွာဖြစ်၍ နေလေ၏။

ညနေခင်းအချိန်၌ ကျွန်တော်နှင့် ဦးစံရှားတို့သည် အရေးရှိက အကူအညီရစေခြင်းငှာ ရွာသူကြီးအိမ်သို့ သွားရောက်၍ သူကြီးနှင့်တွေ့ဆုံ စကားပြောဆိုကြ

mgyoe.com

mgyoe.com

ရာ ထိုသူမှာ တောရွာသူကြီးပင် ဖြစ်သော်လည်း သတင်းစာ၊ မဂ္ဂဇင်း ဖတ်ရှုခြင်း၌ အလေ့ဝါသနာ ပါခဲ့သည်ဖြစ်၍ ဦးစံရှားအမည်ကို ကြားဖူးသည်နှင့် ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြုပြီး အမှုနှင့်ပတ်သက်၍ဖြစ်စေ၊ မည်သည့်ကိစ္စနှင့်ဖြစ်စေ အကူအညီအလိုရှိပါက ဝမ်းမြောက်စွာ ကူညီပါမည့်အကြောင်းနှင့် ပြောဆိုလေ၏။ ယင်းကဲ့သို့ စကားပြောဆိုလျက်ရှိကြစဉ် ရွာသားတစ်ယောက်သည် အိမ်ပေါ်သို့တက်လာ၍ မြစ်ဆိပ်၌ အလောင်းတစ်လောင်းကို တွေ့ရှိကြောင်းနှင့် သူကြီးအား လာရောက်တိုင်တန်းလေ၏။

ထိုအခါ သူကြီးနှင့်တကွ ကျွန်တော်တို့အားလုံးသည် ဦးတုတ်ပေါ်ဆိုသူ၏ အလောင်းပေလောဟု ကြည့်ရှုရန် ထိုသူနှင့် လိုက်ပါသွားကြလေ၏။ ရှိမ်းမကားရွာအောက် တစ်မိုင်ခန့်လောက်တွင် လူတစ်စုတို့သည် တစ်စုံတစ်ခုသော အရာဝတ္ထုကို ဝိုင်းရံကြည့်ရှုနေကြရာ ရွာသူကြီးနှင့် ကျွန်တော်တို့ သွားရောက်ကြသောအခါ လူစုသည် ရွှေ့ပေးကြလေ၏။

ကျွန်တော်တို့သည် ထိုလူများ ဖယ်ရှားသဖြင့် ထိုအရာဝတ္ထုကို အနီးသို့ချဉ်းကပ်ကြည့်ရှုကြရာ အလောင်းတစ်လောင်းသည် သဲသောင်ပေါ်၌ ပက်လက်လန်လျက် မျက်နှာ၌မူကား ငါးများ ကိုက်ဟပ်၍ထားသဖြင့် မမှတ်မိနိုင်လောက်အောင် ရှိနေခဲ့ရာ အဝတ်အစားတို့မှာလည်း အစိတ်စိတ် အမြွာမြွာဖြစ်လျက် အရောင်အသွေး မထင်ရှားဘဲရှိနေလေ၏။ ဦးခေါင်းမှာလည်း ဆံပင်ဖားလျားကျလျက်ရှိရာ အချို့သော ရွာသားတို့က ဦးတုတ်ပေါ်၏ဆံပင်မှာလည်း ဤမျှလောက်ပင်ရှိသည်ဟု ပြောဆိုကြလေ၏။

ရွာသူကြီးလည်း အလောင်းကို မည်သည့်နည်းနှင့် တွေ့ရှိသနည်းဟု မေးမြန်းသဖြင့် တံငါသည်တစ်ယောက်က မိမိပိုက်နှင့် ငြိ၍ပါလာကြောင်း ပြောလျက်ရှိစဉ် ဦးစံရှားသည် အလောင်းကို သေချာစွာကြည့်ရှုနေရာမှ အလောင်း၏ နှုတ်ခမ်းကို မြ၍ အထက်သွားကိုမြင်သည်နှင့် တစ်ပြိုင်နက် ယုံမှားသံသယကင်းသည့်အမူအရာနှင့် ရှိနေလေ၏။ အကြောင်းမူကား ဦးမင်းဟန်မှာ အထက်သွားတွင် သွားတက်တစ်ခုပါရှိ၍ ဤအလောင်း၌ကား ယင်းသွားတက်ပါသည်ကို မတွေ့မမြင်ရသောကြောင့် ဖြစ်လေသည်။

ထိုအကြောင်းကို ရွာသူကြီးအား ပြောပြပြီးနောက် ကျွန်တော်တို့သည် ရွာသို့ ပြန်လာကြမည်ပြုရာ သူကြီးက ကျွန်တော်တို့အား မိမိနှင့် အတူတကွ ပြန်ကြပါမည့်အကြောင်းနှင့် ပြောဆို၍ ကျွန်တော်တို့အား တစ်ခဏမျှ စောင့်ဆိုင်းရန် တားပြီးလျှင် အလောင်းကို သုသာန်သို့ ဆောင်ကြဉ်းကြရန် ရွာသားများအား ထမ်းစင်တစ်ခုကို ပြုလုပ်စေရာ ရွာသားတို့လည်း အလောင်းတင်၍ ဖြစ်ရုံမျှသာ

mgyoe.com

mgyoe.com


စင်တစ်ခုကို လျှင်မြန်စွာပြုလုပ်ပြီးနောက် အလောင်းကို စင်ပေါ်သို့တင်မည်ပြုဆဲတွင် အလွန်တရာ နက်ကျယ်လှသော အသံကြီးတစ်ခုသည် အသည်းနှလုံးတုန်လှုပ်ဖွယ်ရှိလောက်အောင် ဟက်ဟက်ပက်ပက် ရုတ်တရက် ရယ်မောလိုက်သည်ကို ကြားကြရလေ၏။

ထိုအသံကို ကြားရသည်နှင့် တစ်ပြိုင်နက် အလောင်းကို ချီမလျက်ရှိသော ရွာသားတို့သည် ရုတ်တရက် လွှတ်၍ချပြီးလျှင် ကြက်သီးထကာ ခေါင်းကြီးကာဖြင့် တစ်ယောက်၏မျက်နှာကို တစ်ယောက် အံ့အားသင့်ကာ ကြည့်ရှုလျက်ရှိကြလေ၏။ ထိုအသံကြီးမှာ အရှေ့အရပ်မှလည်းကောင်း၊ အနောက်အရပ်မှ လည်းကောင်း၊ တောင်အရပ်မှလည်းကောင်း၊ မြောက်အရပ်မှလည်းကောင်း၊ အထက်ကောင်းကင်မှလည်းကောင်း၊ မြေအောက်မှလည်းကောင်း၊ ရေထဲမှလည်းကောင်း၊ အနီးရှိ ကျောက်ဆောင်များမှလည်းကောင်း မည်သည့်အရပ်မှလာသည်ကို မည်သူမျှ တွေးတောခြင်းငှာ မတတ်နိုင်ဘဲ ကြက်သီးမွေးညင်းထလျက် ရှိနေကြရာ ဦးစံရှားပင်လျှင် နှုတ်ခမ်းကို ကိုက်လျက်ရှိလေ၏။

အံ့သြခြင်းပြေပျောက်သည်နှင့် တစ်ပြိုင်နက် မည်သည့်အရပ်မှ လာသောအသံဖြစ်သည်ကို တစ်ယောက်တစ်မျိုး ပြောဆိုကြပြီးနောက် ထပ်လောင်း၍ကြားရဦးမည်လောဟု အတန်ကြာအောင် စောင့်ဆိုင်း၍ နေကြပါသော်လည်း ထပ်မံ၍ မကြားရသဖြင့် ကျွန်တော်တို့သည် ပြန်လာခဲ့ကြရလေ၏။ လမ်းခရီး၌ ထိုအသံသည် ငှက်တစ်မျိုး၏ မြည်သံဟူ၍လည်းကောင်း၊ ခွေးတစ်မျိုး၏ အူသံဟူ၍လည်းကောင်း အမျိုးမျိုး တွေးတောပြောဆိုကြလေရာ လူအများ စိတ်ကျေနပ်လောက်အောင် မည်သူမျှ တွေးတောနိုင်ခဲ့သည် မရှိပေ။

ရွာသားများသည် သုသာန်သို့ သွားရောက်ကြသဖြင့် ကျွန်တော်တို့သည် သူကြီးနှင့်အတူ ယင်း၏နေအိမ်သို့ ပြန်လာကြ၍ ညစာထမင်းကို သူကြီးအိမ်၌ပင် စားသောက်ကြလေ၏။ ထို့နောက် သူကြီးသည် ရှိမ်းမကားရွာ၌ တည်းခိုနေထိုင်ရန် တောင်းပန်၍ ကျွန်တော်နှင့်အတူ လိုက်ပါခဲ့သော ရွာသား အိမ်ရှင်အားလည်း စေလွှတ်အကြောင်းကြားပြီးလျှင် ကျွန်တော်တို့သည် ထိုည၌ သူကြီးအိမ်၌ပင် တည်းခိုနေထိုင်ခဲ့ရလေ၏။

ထိုညက ကျွန်တော်တို့သည် လက်ဖက်ရည်ကြမ်းများကို တစ်ကရားပြီး တစ်ကရား သောက်ကြပြီးလျှင် ကျေးရွာ၏ အတ္တုပ္ပတ္တိများကို သူကြီးက ပြောဆို၍ အမှုအမျိုးမျိုး၏ အကြောင်းများကိုလည်း ကျွန်တော်နှင့် ဦးစံရှားတို့က အပျင်းပြေစေရန် တစ်လှည့်စီပြောကြားလျက်ရှိရာ အတော်ပင် ညဉ့်နက်ခဲ့လေ၏။ ယင်းသို့ရှိစဉ် ကျွန်တော်သည် ကျွန်တော်၏အနီးသို့ လျှောက်လာသော ကြောင်ကလေး

mgyoe.com

mgyoe.com


ကို ဖမ်းယူ၍ ရင်ခွင်၌တင်ပြီးလျှင် လည်ကုပ်ကို သပ်၍ပေးရာ ကြောင်ကလေး သည် အိပ်ပျော်ဘိသကဲ့သို့ မှိန်းလျက်ရှိလေ၏။

နာရီတစ်ဝက်ခန့်မျှ ကျွန်တော်၏အပေါ်၌ ငြိမ်ဝပ်စွာနေပြီးမှ ကြောင်ကလေးသည် ရုတ်တရက် ထပြီးလျှင် ကြမ်းပေါ်သို့ခုန်ဆင်း၍ ခါးကိုကုန်းလျက် သွားကိုဖြဲကာ တဖြည်းဖြည်းမြည်လျက် တစ်ကိုယ်လုံးမှ အမွေးများထောင်ပြီးလျှင် စိတ်ဆိုးသည့်အမူအရာမျိုးကို ပြလေ၏။ ကြောင်ကလေးသည် တံခါးပေါက်ရှိရာ သို့ လှည့်လျက် မျက်လုံးများကို ပေါက်၍ထွက်မတတ် ပြူးပြီးလျှင် တရှဲရှဲတဖြဲဖြဲ မြည်လျက်ရှိနေရာ–

ရှား။ ။ "အိမ်ပြင်က ခွေးများ လာသလားဗျ"

သူကြီး။ ။ "အိမ်နားက ခွေးတွေတော့ သူနဲ့ အကုန်လုံး ကစားဖက်ပဲ။ တခြားကခွေးများ လာလေရော့သလား"

ရှား။ ။ "နေစမ်းပါဦးဗျာ။ ကြည့်ပါဦးမယ်" ဟု ပြော၍ ဦးစံရှားသည် ထိုင်ရာမှထပြီးလျှင် တံခါးကိုဖွင့်၍ အပြင်သို့ထွက်သွားလေ၏။ အပြင်သို့ရောက် သည်နှင့် တစ်ပြိုင်နက် အိမ်တွင်း၌ကျန်နေရစ်သော သူကြီးနှင့် ကျွန်တော်သည် ခွေးသံလည်းမဟုတ်၊ ကြောင်သံလည်းမဟုတ်။ ထူးဆန်းသောအသံတစ်ခုကို အိမ်ပြင်မှ ကြားရသဖြင့် ထိုင်ရာမှ ထကြပြီးလျှင် အိမ်ရှေ့သို့လိုက်သွားကြလေ၏။ ထိုညသည်ကား လဆုတ်ဖြစ်သဖြင့် လရောင်မရှိသည့်ပြင် တစ်မိုးလုံးလည်း မည်းနက်သော မိုးတိမ်တို့ဖြင့် ဖုံးအုပ်လျက်ရှိလေရကား ကြယ်များ၏အရောင် ပင် ကင်းမဲ့လျက် ပိန်းပိတ်မည်းမှောင်လျက် ရှိလေ၏။

ကျွန်တော်တို့သည် အပြင်သို့ရောက်ကြသောအခါ ကြောက်ဖွယ်ကောင်း သော ဟိန်းဟောက်သံများကိုသာလျှင် ကြားရ၍ ဦးစံရှားအသံကိုသော် လည်း ကောင်း၊ ဦးစံရှားကိုသော်လည်းကောင်း၊ အခြားအရာဝတ္ထုကိုသော်လည်းကောင်း ကြားသိတွေ့မြင်ရခြင်း မရှိလေရာ ကျွန်တော်သည် အိမ်တွင်း၌ စားပွဲပေါ်တွင် တင်ထားသော လက်နှိပ်ဓာတ်မီးကို သတိရ၍ လျင်မြန်စွာဆောင်ကြဉ်းခဲ့ပြီးလျှင် အသံကြားရာသို့ မီးနှင့် ထိုးကြည့်လိုက်လေ၏။

ထိုအခါ ဦးစံရှားမှာ မြေပေါ်၌ ပက်လက်လန်လျက် သူ၏အပေါ်၌ကား ဝက်ဝံတစ်ကောင်သည် လေးဖက်ခွ၍စီးပြီးလျှင် ဖွေးဖွေးဖြူသော သွားတို့ဖြင့် ဦးစံရှား၏လည်ပင်းကို ကိုက်ဟပ်မည့်ဆဲဆဲ ချိန်ရွယ်လျက်ရှိလေ၏။ ဦးစံရှားမှာမူ လက်ဝဲဘက်ဖြင့် မိမိ၏လည်မျိုကို ကိုက်ဟပ်ရန် ချိန်ရွယ်နေသော ဝက်ဝံ၏ ဦးခေါင်းကို တွန်းဖယ်လျက် လက်ယာလက်မှာမူ ခါးပတ်ရှိရာသို့ စမ်းသပ်လျက် ရှိလေ၏။

mgyoe.com

mgyoe.com


ကျွန်တော်တို့သည် ဦးစံရှား၏ ဘေးအန္တရာယ်ကို မြင်သည်နှင့် တွေ့ရာ လက်နက်များကို ဆွဲကိုင်လျက် ထိုသတ္တဝါကို ရိုက်နှက်မည်ပြုကြရာ ဦးစံရှားက "ဖယ်ကြ...ဖယ်ကြ၊ အနားမကပ်ကြနဲ့" ဟု ပြောသဖြင့် ကျွန်တော့်မှာ ဦးစံရှား၏ ခေါင်းရင်းမှ ရပ်လျက် လက်နှိပ်ဓာတ်မီးကို ဝက်ဝံ၏မျက်လုံးသို့ တည့်တည့် ထိုး၍ပေးသဖြင့် ဝက်ဝံသည် ဦးစံရှား၏ လည်ပင်းကို ချိန်ရွယ်ရာ၌ ယောင်ယောင် မှားမှား ရှိနေသည်တွင် ဦးစံရှားသည် ခါးပတ်၌ဆောင်ထားသော ခြောက်လုံးပြူး သေနတ်ကို ဆုပ်ကိုင်မိ၍ ဝက်ဝံ၏ခံတွင်းသို့ ထိုးထည့်ပြီးနောက် ခလုတ်ဖြုတ် လိုက်ရာ ဝက်ဝံသည် လေထဲသို့ တစ်ချက်မျှ ခုန်၍တက်ပြီးနောက် အသေကောင် အဖြစ်နှင့် ကျလာခဲ့လေ၏။

၂

(အောက်ပါအဖြစ်အပျက်များမှာ ဦးမင်းဟန်နှင့် ကျွန်တော် တွေ့ရပြီးနောက် သိရှိရသော အဖြစ်အပျက်များ ဖြစ်လေသည်။)

ရှိမ်းမကားရွာ၏အောက် တစ်မိုင်ကျော်ခန့်ဝေးသောအရပ်တွင် တောင်ပူစာငယ် တစ်ခု ရှိလေရာ ယင်းတောင်ကိုဖောက်ထွင်း၍ ဂူသဖွယ်ပြုလုပ်ပြီးလျှင် ဆင်းတု တော်များ သွတ်သွင်းကိုးကွယ်ခဲ့ဖူးလေသည်။ ထိုအချိန်အခါ၌မူ ဂူသည် အင်္ဂတေ များ ပျက်ပြိုလျက် ဆင်းတုတော်တို့မှာလည်း ကျိုးပဲ့ပျက်စီးလျက်ရှိခဲ့ရာ ရွာသူ ရွာသားတို့ အရောက်အပေါက်မရှိကြသည် ဖြစ်သောကြောင့် ယင်းဂူမှာ ဆင်နေ ကျားအောင်းဖြစ်၍ နေခဲ့လေ၏။ ယင်းဂူကြီးအတွင်း အမှောင်ဆုံးသော ထောင့် တစ်တစ်ခု၌ လူတစ်ယောက်သည် ပလ္လင်ပျက်တစ်ခုကိုမှီလျက် တစ်ယောက် တည်း ညည်းညူနေသည်မှာ–

"ငါ့ကိုယ်က ကြိုးဘေးနဲ့ သေချင်တဲ့အကောင် ထင်ပါရဲ့။ ရန်သူမျိုး ငါးပါးအနက်က မီးဘေးကလည်း လွတ်ခဲ့ပြီ။ အခုတစ်ခါ ရေဘေးကလည်း လွတ်ခဲ့ပြန်ပြီ။ မင်းပြစ်မင်းဒဏ်နဲ့ သေမယ့်အကောင်မို့လို့ မီးကလည်း ကွင်းပြီ။ ရေကလည်း လက်မခံဘဲနေခဲ့ ထင်ပါရဲ့။ သို့သော် အခုဖြင့် ရေဘေးလည်း မကြောက်၊ မင်းဘေးလည်း မကြောက် ထမင်းဆာတဲ့ဘေးက အရေးအကြီးဆုံး ဖြစ်နေပြီကော" စသည်ဖြင့် ညည်းညူလျက်ရှိနေသူမှာ ဦးမင်းဟန်ပင် ဖြစ်လေ သည်။

ဦးမင်းဟန်သည် မွန်နှင့်အတူတကွ နစ်၍သွားပြီးနောက် သမွန်သည် ရေပေါ်သောအသားမဟုတ်သည်ကို သတိရသည်နှင့် တစ်ပြိုင်နက် သမွန်၌ ထည့်ထားသော အိုးတစ်လုံးသည် အနီးမှကပ်၍ မျောလာသဖြင့် အိုးကိုဆယ်ယူ၍

mgyoe.com

mgyoe.com


မှောက်ပြီး တွယ်၍နေလေ၏။ ထိုအခါ လေပြင်း၏အဟုန်ကြောင့် လှိုင်းလုံးကြီးတို့သည် မြင့်မောက်စွာ ထကြွလျက်ရှိလေရာ ဦးမင်းဟန်သည် မိမိအား ကမ်းမှလူများ မမြင်နိုင်စေရန် ဦးခေါင်းကို အိုးဖြင့်ကွယ်၍ ထားလေ၏။ ယင်းအိုးကိုတစ်ဖန် လှိုင်းလုံးကြီးတို့သည် ကွယ်၍ ထားပြန်သည်ဖြစ်သောကြောင့် ကမ်းမှရပ်ကာ ကြည့်ရှုလျက်ရှိနေကြသောသူတို့သည် ဦးမင်းဟန်ကိုလည်းကောင်း၊ အိုးကိုလည်းကောင်း မမြင်နိုင်ဘဲရှိကြလေ၏။

ကမ်းမှစောင့်ဆိုင်း၍ ကြည့်နေသောသူများ ထွက်သွားကြသည့်အခါမှ ဦးမင်းဟန်သည် ခြေဖြင့်တစ်ခါ၊ လက်ဖြင့်တစ်လှည့် ယက်၍ ကမ်းဘက်သို့ ကူးလာခဲ့ရာ မွန်းတည့်ချိန်နီးခါမှ အောက်တစ်မိုင်လောက်ရှိ ဆိပ်ကမ်း၌ တင်လေ၏။ ကမ်းသို့ရောက်လျှင် သဲသောင်ပြင်မှာ လေးဖက်လေးတန် ဆန့်ကာ အညောင်းအညာ ဖြေပြီးနောက် ပုန်းအောင်းရန်နေရာအရပ်ကို ရှာဖွေရာ မနီးမဝေး၌ပင် ယခင်က ဝူငယ်ကို တွေ့ရှိရလေ၏။

ထိုအခါ ဦးမင်းဟန်သည် ညဥ့်သို့တိုင်အောင် ဤဂူ၌ ပုန်းအောင်းအံ့ဟု အကြံဖြစ်၍ မိမိ၏စွတ်စိုသော အဝတ်များကိုချွတ်ပြီးလျှင် ရေများကိုညှစ်၍ သွေ့ခြောက်စေရန် လှန်းထားလေ၏။ ထို့နောက် အုတ်ခဲတစ်ခဲကို ခေါင်းအုံးကာ မြေပေါ်၌ လှဲလိုက်ရာ ဦးမင်းဟန်သည် တစ်မနက်လုံး ရေကူး၍ မောပန်းသည်နှင့် အိပ်ပျော်၍သွားခဲ့လေ၏။

အိပ်ရာမှနိုးသောအခါ နေသည် အတော်ပင်စောင်း၍သွားပြီဖြစ်ရာ ဦးမင်းဟန်သည် ခြောက်သွေ့လျက်ရှိသော မိမိ၏အဝတ်များကို ကောက်ယူဝတ်ဆင်ပြီးလျှင် ဆာလောင်မွတ်သိပ်သည်နှင့် ပလ္လင်ကိုမှီလျက် အထက်တွင်ဖော်ပြခဲ့အတိုင်း ညည်းညူမိခြင်း ဖြစ်လေသည်။ ထိုအချိန်၌ကား နေသည် အတန်ယုတ်လျော့လျက်ရှိသည်ဖြစ်၍ ဦးမင်းဟန်သည် ဂူပေါက်မှပြူပြီးလျှင် မြစ်ပြင်ခရီးသို့ မျှော်ကြည့်မိလေ၏။

ထိုအချိန်၌ တံငါသည်တစ်ယောက်သည် တစ်ခုသောချောင်းကွေ့၌ ကွန်ပစ်လျက်ရှိလေရာ မကြာမီအတွင်းတွင် အလောင်းတစ်ခုသည် ကွန်၌ ငြိပါသွားသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ တံငါသည်လည်း ရွာသားများ၏အားသွားရောက်အကြောင်းကြားလေရာ ရွာသားတို့သည် နှစ်ယောက်တစ်တွဲ၊ သုံးယောက် တစ်တွဲ စသည်ဖြင့် လာရောက်ကြည့်ရှုကြ၍ နောက်ဆုံး၌ ရွာသူကြီးနှင့် စုံထောက် ဦးစံရှားတို့ ရောက်လာကြသည်ကို ဦးမင်းဟန် တွေ့မြင်ရလေ၏။

ဦးစံရှားသည် အလောင်းကို ဦးမင်းဟန်၏အလောင်း ဖြစ်လေသလောဟု စုံစမ်းကြည့်ရှုလျက်ရှိသည်များကို ဦးမင်းဟန် တွေ့မြင်ရသောအခါ ဦးစံရှား၏

mgyoe.com

mgyoe.com

အပေါ်၌ နှစ်ပေါင်းများစွာ အခဲမကျေဘဲ ဖွဲ့စည်း၍ထားခဲ့သော ရန်ငြိုးတို့သည် ဆတက်ထမ်းပိုးတိုးကာ ပွားများလာခဲ့ပြီးလျှင် ဓားမြှောင်ကိုဆုပ်လျက် "မင်းနဲ့ ငါတော့ ကမ္ဘာရန်ပ မောင်စံရှားရယ်။ မင်း မသေ ငါသေ၊ ငါမသေရင် မင်းသေ ဖို့ပကွ" စသည်ဖြင့် အံကြိတ်ကာ ကြိမ်းဝါးမိလေ၏။

သူကြီးနှင့် ရွာသားတို့သည် ထမ်းစင်ပြုလုပ်ပြီးလျှင် အလောင်းကို ထမ်းစင်ပေါ်သို့ တင်နေသည်များကို ဦးမင်းဟန် တွေ့မြင်ရသောအခါ ရွာသား တို့သည် ထိုအလောင်းကို မိမိ၏အလောင်း ထင်မှတ်လေသလားဟု တွေးတောမိ သည်နှင့် တစ်ပြိုင်နက် ဦးမင်းဟန်သည် အလွန်တရာ အူယား၍ ရယ်ချင်သော စိတ် ဖြစ်ပေါ်ခဲ့လေ၏။

ယင်းသို့ ဖြစ်ပေါ်ခဲ့လျှင် ဦးမင်းဟန်သည် ဘားအန္တရာယ်ကို မထိမ့်မြင် ပြု၍ ပမာမခဲ့သော သဘောရှိသည့်အလျောက် ရယ်ချင်သောစိတ်ကို မချုပ်တည်း နိုင်ဘဲ အသံကျယ်လောင်စွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ ဦးမင်းဟန် သည် ဂူဝမှ ရပ်၍ ရယ်ခြင်းဖြစ်သောကြောင့် အသံသည် လိုဏ်သံပါပြီးလျှင် ကြောက်မက်ဖွယ် ပဲ့တင်ထပ်လျက်ရှိသည် ဖြစ်သောကြောင့် ရေဆိပ်၌ရှိသော သူတို့သည် မည်သည့်အရပ်မှ လာသောအသံဖြစ်သည်ကို မခန့်မှန်းနိုင်အောင် ရှိခဲ့ကြလေ၏။ ထို့နောက် ရွာသားတို့သည် နောက်ထပ်၍ အသံကြားရဦးမည် လောဟု စောင့်ဆိုင်းနားထောင်ကြသော်လည်း ဦးမင်းဟန်သည် ထပ်လောင်း၍ အသံမပေးဘဲရှိခဲ့ရာ ရွာသားတို့သည် အလောင်းကိုယူသွားကြသည့်အခါမှ ဂူတွင်း သို့ဝင်၍ အကြံထုတ်ခဲ့ခြင်း ဖြစ်လေ၏။

နေဝင်သည်နှင့် တစ်ပြိုင်နက် ဦးမင်းဟန်သည် ထိုင်ရာမှထ၍ ခါးပတ်၌ ရှိသော အိတ်အတွင်းသို့ သွတ်သွင်း၍ထားသော ငွေစက္ကူများကို ထုတ်နုတ် ရေတွက်လေရာ ယင်းတို့မှာ တစ်ရာတန် ချပ်ရေ ၃၀ နှင့် ၁၀ တန် ချပ်ရေ ၁၀၀ နီးပါးမျှ ရှိလေ၏။ ယင်းငွေစက္ကူများစွာမှာ ဦးတုတ်ပေါ၏ လယ်ယာ ချောင်းမြေများကိုရောင်းချ၍ ရခဲ့သော ငွေများဖြစ်လေသည်။ စက္ကူများကို ရေတွက် ပြီးနောက် 'ဒီ့ထက် ဆယ်ဆလောက်ရဖို့ဥစ္စာ ဒါင်စံရှား လာပြီးတော့ ရှုပ်တယ်။ ကိုင်း...သို့သော် လွန်ပြီးသား တွေးပြီး ဆွေးနေလို့မဖြစ်သေးဘူး။ ဝမ်းထဲက လည်း ပူလှပြီ။ ဒီကနေ့ ညစာစားရအောင် ကြံစည်ဖို့အရေးက ရှိချေသေးတယ်' စသည်ဖြင့် တစ်ယောက်တည်း ပြောဆိုလျက် မည်သို့ပြုလုပ်ရမည်များကို ကြံစည် တွေးတော၍ နေလေ၏။

ကောင်းစွာ မှောင်မိုက်လတ်သော် ဦးမင်းဟန်သည် ဂူတွင်းမှထွက်၍ ရှိမ်းမကားရွာသို့ မသွားဘဲ ယင်းရွာ၏အနောက် ပေါက္ကံဘူတာအကြား၌ရှိသော

mgyoe.com

mgyoe.com

ရွာငယ်သို့ ရှေးရှုထွက်လာခဲ့လေ၏။ ရှိမ်းမကားရွာသို့ မဝင်မိခြင်းမှာ ထိုရွာ၌ ဦးစံရှားရှိသည်လည်းတစ်ကြောင်း၊ ရွာသူရွာသားတို့သည် မိမိအကြောင်းကို သိရှိကြမည်ကို စိုးရိမ်ရသည်လည်း တစ်ကြောင်းကြောင့် ရှိမ်းမကားရွာသို့ မဝင်ဘဲ ရွာနီးချုပ်စပ်၌ မိမိ ညစာကို ငွေနှင့်ဝယ်၍ဖြစ်စေ၊ ခိုး၍ဖြစ်စေ တစ်နည်းနည်းနှင့် ရအောင်ကြံစည်မည်ဟု ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ဦးမင်းဟန်သည် ဂူမှထွက်လာခဲ့၍ နှစ်မိုင်ခရီးမျှ လျှောက်မိသောအခါ မီးရောင်တစ်ခုကို မြင်သဖြင့် ယင်းရွာသို့ ရှေးရှုသွားလေ၏။ အနီးသို့ရောက်သောအခါ ဇရပ်တစ်ခုအနီး၌ ကုလားလူမျိုး နှစ်ယောက်တို့သည် မီးဖို၌ မီးလှုံလျက်ရှိကြသည်ကို တွေ့မြင်ရသဖြင့် ဦးမင်းဟန်သည် မည်သို့သော ကုလားလူမျိုးဖြစ်သည်ကို အကဲခတ်လျက်ရှိရာ ယင်းတို့အနီး၌ မျောက်များ၊ ဆိတ်များနှင့် ဝက်ဝံတစ်ကောင်ကို မြင်သဖြင့် ရွာစဉ်တစ်လျှောက် ယင်းတိရစ္ဆာန်များကို ကပွဲပြ၍စားသော ကုလားလူမျိုးဖြစ်ကြောင်းကို သိရှိရလေ၏။

ထိုအခါ ဦးမင်းဟန်သည် ကုလားစကားတတ်သည်နှင့် ယင်းကုလားများနှင့် အသိအကျွမ်းဖွဲ့၍ ငွေအနည်းငယ်ကို ထုတ်ပေးပြီးလျှင် ပဲ၊ အာလူး၊ နံပြားစသည့် စားဖွယ်တို့ကို လျင်မြန်စွာ ချက်ပြုတ် ဖုတ်ကြော်စေခိုင်းလေ၏။

ကုလားတို့သည်လည်း အနည်းငယ်သော ဒုက္ခအတွက် ငွေအမြောက်အမြား ရရှိသည်ဖြစ်၍ စိတ်ပါလက်ပါ ချက်ပြုတ်ကျွေးမွေးသော မုန့်နှင့် ဟင်းများကို မြိန်ရှက်စွာ စားသောက်ရင်း ဦးမင်းဟန်သည် ဝက်ဝံကိုမြင်သည်နှင့် အကြံတစ်ခု ဖြစ်ပေါ်၍လာခဲ့လေ၏။

ဝမ်းပြည့်အောင် စားသောက်ပြီးနောက် ဦးမင်းဟန်သည် ဆရာကြီးဖြစ်သူ ကုလားကြီးအား ဝက်ဝံကို မိမိအား တစ်ညဉ့်မျှ ငှားရမ်းရန် ပြောဆိုလေရာ ကုလားကြီးသည် မငှားလိုကြောင်းနှင့် ငြင်းဆန်လေ၏။ ထိုအခါ ဦးမင်းဟန်က ငွေစက္ကူ သုံးလေးရွက်ကို ကုလားကြီး၏ လက်သို့ ထည့်ပြီးလျှင် ဤတစ်ညဉ့်အတွက်သာလျှင် အသုံးပြု၍ မိုးမလင်းမီ မိမိ၏ပစ္စည်းကို မိမိပြန်၍ရမည်ဖြစ်ကြောင်း၊ အကယ်၍ အကြံအစည် အထမြောက်ခဲ့လျှင် ယခုပေးသောငွေမျှမက ထပ်မံ၍ ပေးဦးမည်ဖြစ်ကြောင်းနှင့် ပြောဆိုသောအခါ ဆရာကြီးဖြစ်သူ ကုလားကြီးသည် ဝက်ဝံကို ငှားရန် သဘောတူညီခဲ့လေ၏။

ထို့နောက် ဦးမင်းဟန်သည် ရှိမ်းမကားရွာသို့ တိရစ္ဆာန်ပြပွဲနှင့် ရောက်ဖူးပါလေသလောဟု မေးရာ ကုလားကြီးက ရောက်ဖူးကြောင်းနှင့် ပြန်ပြော၍ သူကြီးအိမ်ကို သိပါသလောဟု ထပ်လောင်း မေးမြန်းသောအခါ သိကြောင်းနှင့် ပြန်ပြောလေ၏။ ထိုအခါ ဦးမင်းဟန်သည် မိမိအကြံအိတ်အတွင်း၌ အစဉ်မပြတ်

mgyoe.com

mgyoe.com

ဆောင်လေ့ရှိသော ဖန်ဘူးငယ် ၂ ဘူး ၃ ဘူးအနက် ၁ ဘူးကိုဖွင့်၍ ဘူးတွင်း၌ ပါသော ဆေးရည်များကို ထိုကုလား၏ ဖိနပ်ခွာ၌ ဆွတ်ဖျန်း၍ပေးရာ ကုလားကြီးသည် အံ့သြသောအမူအရာနှင့် ကြည့်ရှုလျက်ရှိလေ၏။ ထို့နောက် ဦးမင်းဟန်သည် ကုလား၏လက်တွင်းသို့ ငွေစက္ကူ ၁၀ တန်တစ်ချပ်ကို ထည့်၍ ဤဖိနပ်ကို စီး၍ သူကြီးအိမ်သို့သွားပြီးလျှင် လှေကားရင်းသို့ ရောက်သည့်အခါမှ ပြန်လာခဲ့ရန် ပြောလေရာ ကုလားကြီးသည် ငွေ၏မျက်နှာကြောင့် ခိုင်းစေသည့်အတိုင်း ပြုလုပ်ရန် ထွက်သွားလေ၏။

ဦးမင်းဟန်မှာ ဆေးဝါးအတတ်၊ ဓာတုဗေဒ အစရှိသည်တို့၌လည်း အတော်အတန် ခေါက်မိသော လူတစ်ယောက်ဖြစ်လေရာ ထူးဆန်းသော ဆေးရည်မှုန့် အမျိုးမျိုးတို့ကို ဖော်စပ်ပြီးလျှင် ဆိုင်ရာ ဆိုင်ရာ အသုံးပြုခဲ့လေသည်။

ကုလား၏ဖိနပ်၌ ဆွတ်ဖျန်း၍ပေးလိုက်သော ဆေးတန်ခိုးမှာ တောတိရစ္ဆာန်မှန်သမျှတို့သည် ယင်းဆေး၏အနံ့ကို ရရှိသောအခါ မည်မျှပင် သွန်သင်ဆုံးမ၍ထားသော်ဖြင့် ယဉ်ပါးလျက်ရှိစေကာမူ မူလပကတိ တောစိတ်ဝင်ခဲ့ပြီးလျှင် ကိုက်ချင် ခဲချင်သောစိတ် ဖြစ်ပေါ်လာ၍ အနံ့ရှိရာသို့ တစ်ဟုန်တည်း ထိုးသိုက်၍ တွေ့မြင်ရာလူကို မိမိတို့သဘာဝအလျောက် ကိုက်ခဲပုတ်သတ်ခြင်းကို ပြုတတ်လေသည်။

တစ်နာရီကျော်ခန့်မျှ ကြာသောအခါ ကုလားကြီးသည် ပြန်လာခဲ့၍ စေခိုင်းလိုက်သည့်အတိုင်း ပြုလုပ်ပြီးစီးခဲ့ကြောင်းနှင့် ပြောပြလေရာ ဦးမင်းဟန်သည် ထိုဖိနပ်ကိုချွတ်စေလျက် ဝက်ဝံ၌ချည်ထားသော သံကြိုးကိုဖြုတ်ပေးရန် စေခိုင်းလေ၏။ ကုလားကြီးသည် မိမိအား စေခိုင်းသည့်အတိုင်း ဝက်ဝံချည်ထားသောနေရာသို့သွား၍ သံကြိုးကို ဖြုတ်ပေးရာ ဝက်ဝံကြီးသည် ပထမ မိမိအား သံကြိုးဖြုတ်ပေးသည်ကို နားမလည်သဖြင့် လှုပ်ရှားပြေးလွှားခြင်းမပြုဘဲ ငြိမ်ဝပ်စွာ ရှိနေရာမှ တဖြည်းဖြည်း အနံ့ရသည့်လက္ခဏာနှင့် ဦးခေါင်းကို လှုပ်ချည်တစ်ခါ မော့ချည်တစ်လှည့်နှင့် ပြုလုပ်ပြီးနောက် နှာခေါင်းကို ရုတ်တရက် မြေ၌ကပ်ပြီးလျှင် တရှူးရှူးနှင့် အနံ့ခံကာ ရှိမ်းမကားရွာဘက်သို့ လျင်မြန်စွာ လိုက်သွားလေ၏။

၃

ဦးစံရှားသည် မိမိအပေါ်၌ ဖိလျက်ရှိနေသော ဝက်ဝံအသေကောင်ကို ခဲယဉ်းစွာ ဖယ်ရှား၍ လဲရာမှ ထလေရာ ကျွန်တော်နှင့် သူကြီးတို့မှာမူ အံ့သြခြင်း မပြေပျောက်သေးသည်ဖြစ်၍ မည်သို့မျှ အကူအညီမပေးနိုင်ဘဲ ဝက်ဝံကိုပင် ငေး၍

mgyoe.com

mgyoe.com

ကြည့်နေမိကြလေ၏။ ထိုအခါ၌မူကား ရွာသူရွာသားတို့သည် ညဉ့်အခါ၌ သေနတ်သံ ကြားသည်ဖြစ်သောကြောင့် 'သူခိုးလေလော၊ ဓားပြလေလော' ဟု အောက်မေ့သဖြင့် ဓား၊ လှံ...စသည် လက်နက်တို့ကို အသီးသီး ကိုင်စွဲလျက် မီးခွက်များနှင့် ဆိုက်ရောက်လာကြလေရာ ဝက်ဝံအသေကောင်ကို မြင်ကြသောအခါ အချို့ကလည်း ဝက်ဝံရိုင်းဖြစ်သည်။ လူအချို့ကလည်း မကြာမီကမှ ပြသွားသော ကုလားပြပွဲမှ လွတ်၍လာသော ဝက်ဝံဖြစ်သည် အစရှိသည်ဖြင့် ဆူညံစွာ ငြင်းခုံပြောဆိုလျက် ရှိကြလေ၏။

ရွာသူရွာသားတို့သည် ဝက်ဝံအသေကောင်ကို လှန်လှောကြည့်ရှုလျက် ရှိကြစဉ် ဦးစံရှားသည် စုတ်ပြတ်လျက်ရှိသော မိမိ၏အင်္ကျီများကို ချုပ်လိုသည့် လက္ခဏာနှင့် အိမ်ထဲသို့ဝင်သွားရာ ကျွန်တော်လည်း သူ၏နောက်မှ ဝင်၍ လိုက်သွားလေ၏။

သူကြီးကတော်နှင့် သမီးများသည် ဝက်ဝံကုတ်ဖြဲသဖြင့် စုတ်ပြဲလျက်ရှိသော ဦးစံရှား၏ အင်္ကျီများကို သီချုပ်လျက်ရှိကြစဉ် ဦးစံရှားသည် မီးလင်းဖိုအနီး၌ ထိုင်ကာ ဆေးတံကိုဖွာလျက် စဉ်းစားစိတ်ကူးသည့် အမူအရာနှင့် ရှိနေလေ၏။

ကျွန်တော်သည် ယင်းအခြင်းအရာကို တွေ့မြင်ရသောအခါ ဦးစံရှားသည်ကား စိတ်မကျေနပ်ဖွယ် အကြောင်းတစ်စုံတစ်ခု တွေ့ရှိသဖြင့် နက်နက်နဲနဲ စဉ်းစားနေသည့်အကြောင်း ရိပ်မိသည်နှင့် သူ၏အနီး၌ထိုင်ကာ ဦးစံရှားပြောမည့် စကားကို မျှော်လင့်စောင့်ဆိုင်းလျက်ရှိရာ—

ရှား။ ။ "ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ခင်ဗျား ဘယ့်နှယ်ထင်သလဲ"

ကျွန်။ ။ "ဘာ ဘယ့်နှယ် ထင်ရမှာလဲဗျာ"

ရှား။ ။ "ဝက်ဝံအကြောင်း ပြောပါတယ်ဗျ"

ကျွန်။ ။ "ကျွန်တော်ဖြင့် ဒီဝက်ဝံဟာ အရိုင်းမဟုတ်ဘူး၊ အယဉ်လို့ ထင်တယ်ဗျ"

ရှား။ ။ "ဒါကတော့ ဟုတ်ပါတယ်ဗျ။ ဒီအရပ်က ဝက်ဝံရှိတဲ့အရပ်မှ မဟုတ်ဘဲ၊ ရွာသားတွေ တွေးတဲ့အတိုင်း ပွဲပြစားတဲ့ ကုလားလက်ထဲက လွတ်ခဲ့တဲ့ ဝက်ဝံပါပဲ။ သို့သော် ကျုပ်စဉ်းစားနေတဲ့အချက်က ဒီဝက်ဝံဟာ မတော်တဆ လွတ်လာတာတော့ မဟုတ်ဘူး။ တမင် ဖြုတ်လွှတ်လိုက်တယ်လို့ ထင်တယ်"

ကျွန်။ ။ "ဘယ့်နှယ်ကြောင့်လဲဗျ"

ရှား။ ။ "ဘယ့်နှယ်ကြောင့်လဲဆိုတော့ ဟိုအရင် ခင်ဗျားမရှိတုန်းက ဆက်ကပ်ပွဲမှာ ပထမတန်း ကြည့်နေတုန်း ပွဲထဲကဆင်က ကျုပ်ကို အနံ့ခံပြီး

mgyoe.com

mgyoe.com


နှာခေါင်းနဲ့ မွှေ့ပြီး ပေါက်သတ်မယ်လုပ်ဖူးတဲ့အကြောင်း၊ မြင်းထွက်လာတော့လည်း ထွက်လာသမျှ မြင်းတိုင်းက ကျုပ်ကို ခွာနဲ့ပေါက်ချင်၊ မျောက်တွေကလည်း ကိုက်ချင်၊ ဒီအကြောင်း ခင်ဗျားကို ကျုပ် ပြောဖူးတယ်မဟုတ်လား"

ကျွန်။ ။ "ဦးမင်းဟန် ဆိုတဲ့လူက ခင်ဗျားအဝတ်ကို ခင်ဗျားမသိအောင် တိရစ္ဆာန်စိတ်ဆိုးစေတတ်တဲ့ဆေးနဲ့ တိတ်တိတ်ပုန်း ဆွတ်ထားတယ်ဆိုတုန်းက မဟုတ်လား"

ရှား။ ။ "ဟုတ်တယ်။ ဒီတုန်းက ကျုပ် ကံကောင်းပါလားဗျ။ ကြာတော့ ရှေ့ဆုံးအတန်းက မကြည့်ဝံ့ဘဲ ဟိုနောက် သွားကြည့်ရတယ်"

ကျွန်။ ။ "အခု ဒီဝက်ဝံကိစ္စလည်း ဟိုတုန်းကဟာ တစ်မျိုးပဲဖြစ်မယ်လို့ ခင်ဗျား ထင်သလား"

ရှား။ ။ "ကျုပ် ဒါကြောင့် စဉ်းစားနေတာဗျ"

ကျွန်။ ။ "ဟုတ်နိုင်မယ် မထင်ပါဘူးဗျာ။ ဟိုတုန်းကတော့ ဦးမင်းဟန်က လုပ်တာကိုးဗျ။ အခုတော့ ဦးမင်းဟန် သေပြီဟာကပဲ"

ရှား။ ။ "ဦးမင်းဟန်သေပြီလို့ ခင်ဗျားကို ဘယ်သူပြောသလဲ"

ကျွန်။ ။ "မျက်စိအောက်တွင် သမ္မန်နစ်သွားတာ မြင်လိုက်သားကပဲဗျာ"

ရှား။ ။ "တကယ်မထင်နဲ့နော် ကိုသိန်းမောင်၊ ဒီလူက ကျုပ်ပြောတဲ့အတိုင်း အင်မတန် အသက်ပြင်းတဲ့လူဗျ။ မဟုတ်ရင်လွဲရော၊ ကျုပ်ဖြင့် ဦးမင်းဟန်သေကို မသေဘူးထင်တယ်။ ဒီဝက်ဝံဟာလည်း သူတိုက်တဲ့ဝက်ဝံပဲထင်တယ်။ ကုလားဝက်ဝံကို တိတ်တိတ်ပဲ ဖြုတ်လွှတ်လိုက်သလား၊ ဒါမှမဟုတ် ဝက်ဝံပြကုလားနဲ့ ပူးပေါင်းပြီးတော့ပဲ လုပ်ကြံလေသလား တစ်ခုခုပဲ။ သို့သော် ဝက်ဝံပြကုလားရှိတဲ့ အရပ်နဲ့ ဦးမင်းဟန်ရှိတဲ့ အရပ်ဟာကတော့ တယ်မဝေးကြဘူးဗျ။ ကျုပ်ဖြင့် အတပ်ဆိုချင်တာပဲ ကိုသိန်းမောင်"

ထိုခဏ၌ အိမ်ရှေ့မှ ရွာသားတို့သည် ဆူဆူညံညံဖြစ်၍သွားလေရာ ကျွန်တော်တို့သည် တစ်စုံတစ်ရာ အကြောင်းထူးလေသလောဟု အိမ်ရှေ့သို့ သွားရောက် ကြည့်ရှုကြသည်တွင် ကုလားနှစ်ယောက်တို့သည် ကြေးကွင်းစွပ်သော တုတ်ကြီးများကို ကိုင်လျက် အမှန်အိမ်များကို လက်ဆွဲကာ အိမ်ရှေ့သို့ရောက်လာကြသည်ကို တွေ့မြင်ကြရလေ၏။

ယင်းကုလားနှစ်ယောက်တို့သည် ဝက်ဝံအသေကောင်ကို မြင်သည်နှင့် တစ်ပြိုင်နက် ဝမ်းနည်းပက်လက်ရှိသည့် အမူအရာနှင့် ရှိနေကြရာ ကျွန်တော်တို့က အကျိုးအကြောင်း မေးမြန်းသည့်အခါတွင် 'ယင်းဝက်ဝံသည် မိမိတို့ တစ်ပါးသွားနေအခိုက် သံကြိုးမှလွတ်၍ ထွက်သွားကြောင်း၊ ထို့ပြင် အလွန်ယဉ်ပါး

mgyoe.com

လိမ္မာသည်ဖြစ်သောကြောင့် ကလေးကိုပင် နာကျင်အောင်ပြုလုပ်မည့် ဝက်ဝံ မဟုတ်ကြောင်း၊ ဤမျှလောက် ယဉ်ပါးသော တိရစ္ဆာန်ကို သေနတ်နှင့်ပစ်ခတ် သတ်ဖြတ်လိုက်သည်မှာ အလွန်တရာ ရက်စက်ကြောင်း၊ မိမိတို့မှာ ဤတိရစ္ဆာန် နှင့် အသက်မွေးရသည်ဖြစ်သောကြောင့် ထမင်းငတ်ရန်သာလျှင် ရှိတော့ကြောင်း' များနှင့် ကုလားဘာသာဖြင့် ပြန်ပြောလေ၏။ ထိုအကြောင်းများကို ကျွန်တော်က မြန်မာဘာသာဖြင့် သူကြီးအား ပြန်ကြားပြောဆိုသည့်အခါ သူကြီးက ဤဝက်ဝံ သည် ယဉ်ပါးသည်ဟူ၍ ဆိုသော်လည်း မိတ်ဆွေတစ်ယောက်မှာ သေနတ်ပါ၍ သာ အသက်ချမ်းသာရာရကြောင်း၊ ဤကဲ့သို့ သူတစ်ပါးအား အသက်အန္တရာယ် ဖြစ်စေတတ်သော တိရစ္ဆာန်တစ်ကောင်ကို ကောင်းမွန်စွာ မထိန်းသည့်အတွက် မိမိက ကုလားများကို ချုပ်နှောင်၍ ထားနိုင်ကြောင်းများဖြင့် ခြိမ်းခြောက်ပြောဆို လေ၏။ ထိုအတောအတွင်း၌ ဦးစံရှားသည် မည်သို့မျှ ဝင်မပြောဘဲ ကုလားများ ၏ အကဲကိုခတ်လျက်ရှိရာမှ–

ရှား။ ။ "မင်းတို့ဆီလာတဲ့ မြန်မာတစ်ယောက် ဘယ်မှာ နေရစ်သလဲ"

ကုလား။ ။ "ဘယ်က မြန်မာလဲ ဆရာကြီး"

ရှား။ ။ "ညနေက မြန်မာတစ်ယောက်လာတယ်လေ။ ဟိုလန်ဘားဝါး လားလေး"

ကုလား။ ။ (ရုတ်တရက် မျက်နှာပျက်ဟန်ရှိသော်လည်း ဟန်လုပ်၍) "မြန်မာလည်း မလာဘူး၊ ကုလားလည်း မလာဘူး ဆရာကြီး"

ရှား။ ။ "မင်းတို့ ငွေ ဘယ်လောက်ရသလဲ"

ကုလား။ ။ "ဘာငွေလဲ ဆရာကြီး"

ရှား။ ။ "သံကြိုးကို မင်းဖြုတ်သလား၊ မြန်မာဖြုတ်သလား"

ကုလား။ ။ "ဘာသံကြိုးလဲ ဆရာကြီး"

ဦးစံရှားမှာ ကုလားများပြန်ပြောသောစကားကို ပမာဏမထားဘဲ ယင်း တို့၏ မျက်နှာကဲကိုသာကြည့်လျက် အဖြေရခက်သော မေးခွန်းကိုသာလျှင် တစ်ခုပြီးတစ်ခု ဆင့်လောင်း၍ မေးပြီးလျှင် နောက်ဆုံး၌ မိမိထင်သည့်အတိုင်း ဟုတ်ပြီဟူသော မျက်နှာထားမျိုးနှင့် အိမ်တွင်းသို့ ဝင်သွားလေ၏။ ကုလားတို့ သည် ဝက်ဝံ၏အရေမျှသာလျှင် မိမိတို့အားပေး၍ အသားကိုမူ အလိုရှိရာ ပြုလုပ် ကြရန် ရွာသားတို့အား အခွင့်ပေးသည်တွင် ရွာသားတို့သည် အရေကို ကုလား များအား ဆုတ်ပေး၍ အသားကိုမူ ခုတ်ထစ်ဝေငှ ယူငင်ကြလေသည်။

နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ဦးစံရှားသည် ကျွန်တော့်အား နှိုးသဖြင့်

mgyoe.com

mgyoe.com

အိပ်ရာမှထကြပြီးလျှင် သူကြီးအား အညောင်းပြေလမ်းလျှောက်သွားဦးမည်ဟု ပြောခဲ့၍ ရွာမှ ထွက်လာကြလေရာ လမ်းခရီး၌–

ရှား။ ။ "ကျုပ်တော့ ကုလားတွေကို မသင်္ကာဘူး ကိုသိန်းမောင်"

ကျွန်။ ။ "ဟုတ်တယ်ဗျို့၊ ခင်ဗျားမေးတော့ မျက်နှာပျက်တယ်လို့ ထင်တယ်။ အခု ကုလားတွေဆီ သွားမလို့လား"

ရှား။ ။ "ဟုတ်လိုဟုတ်ငြားပါဗျာ။ ဟိုရှေ့ကဇရပ်တွင်ပါပဲ။ မဝေးပါဘူး"

ထို့နောက် ကျွန်တော်တို့သည် စကားမပြောကြဘဲ ဆက်လက်၍ လျှောက်သွားကြရာ ဇရပ်နှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ မြန်မာနှင့်တူသော လူတစ်ယောက်သည် ဇရပ်ပေါ်သို့ ပျာယီးပျာယာ တက်သွားသည်ကို ရိပ်ခနဲ မြင်လိုက်သည်ဟု ထင်မှတ်သဖြင့် ဦးစံရှားအား လက်တို့၍ပြမိလေ၏။ ဦးစံရှားမှာ သူလည်းမြင်လိုက်သည့် လက္ခဏာနှင့် ခေါင်းညိတ်၍ပြပြီးလျှင် ခြောက်လုံးပြူးကို နေရာတကျ ရှိ,မရှိ ထုတ်၍ကြည့်ပြီးနောက် ခါး၌ ပြန်၍ ထိုးထားလိုက်လေ၏။

ထို့နောက် ကျွန်တော်တို့သည် ခပ်သုတ်သုတ် လျှောက်၍လာကြရာ ဇရပ်အနီးသို့ရောက်သောအခါ ကုလားနှစ်ယောက်တို့သည် ဇရပ်ပေါ်၌ မျောက်များကို သင်ကြားဆုံးမလျက်ရှိနေသည်ကို တွေ့မြင်ကြရလေ၏။ ကျွန်တော်တို့ကို မြင်သည်နှင့် တစ်ပြိုင်နက် ကုလားများသည် ဇရပ်ပေါ်မှဆင်းလာ၍ မှတ်မိသည့် လက္ခဏာဖြင့် ခရီးဦးကြိုပြုကြလေရာ ဦးစံရှားနှင့် ကျွန်တော်တို့သည် ဇရပ်ပေါ်သို့ တက်၍ သေချာစွာကြည့်ရှုကြလေ၏။

ယင်းဇရပ်မှာ နှစ်ဖက်သောမျက်နှာ၌သာလျှင် အကာအရံရှိ၍ ကျန်နှစ်ဖက်၌ကား အကာအရံမရှိဘဲ ဟာလာဟင်းလင်း ရှိလေ၏။ ဇရပ်ပေါ်၌ကား စားအင်သောက်ခွက်များနှင့် အိပ်ရာနေရာများအပြင် တစ်ခုသောထောင့်၌ကား သံကြိုးချည်ထားသော ဝက်ဝံတစ်ကောင်သည် အိပ်ပျော်လျက်ရှိသည်ကို တွေ့ရလေ၏။ ထိုအခါ ကျွန်တော်နှင့် ဦးစံရှားတို့မှာ မြန်မာတစ်ယောက် တက်သွားသည်ကို မြင်လိုက်ရပါလျက်နှင့် ဇရပ်ပေါ်မှ ဆင်း၍သွားသည်ကိုလည်း မမြင်လိုက်ရ။ ပုန်းအောင်းကွယ်ရာအရပ်ကိုလည်း ရှာမတွေ့သည်နှင့် တစ်ယောက်၏ မျက်နှာကို တစ်ယောက်ကြည့်ကာ အံ့သြလျက်သာလျှင် ရှိနေကြရလေ၏။

ထို့နောက် ဦးစံရှားသည် ကုလားနှစ်ယောက်၏ မျက်နှာကို တစ်ယောက်ပြီးလျှင် တစ်ယောက် သေချာစွာ ကြည့်ရှုပြန်လေရာ မည်သည့်ကုလားမျှ

mgyoe.com